ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**သွားလေရာအရပ်၌ အပူဇော်ခံရ**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်း ပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသောသူသည် သွားလေရာအရပ်၌ အပူဇော်ခံရ၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၃၀၃)



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇၅)နှစ်မြောက် စိန်ရတုစစ်အင်ဂျင်နီယာတပ်ဖွဲ့နေ့အထိမ်းအမှတ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

# စစ်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များအနေဖြင့် အစဉ်အလာကောင်းများကို လက်ဆင့်ကမ်းတာဝန်ယူထိန်းသိမ်းသွားကြပြီး အနာဂတ်မျိုးဆက်သစ်စစ်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များကို အဖိုးတန်အမွေအဖြစ် လက်ဆင့်ကမ်းပေးအပ်

## ပြောင်းလဲတိုးတက်နေသည့် အင်ဂျင်နီယာဆိုင်ရာနည်းပညာများ ကြိုးစားလေ့လာပြီး စွမ်းရည်ထက်မြက်သည့် တပ်ဖွဲ့တစ်ခုဖြစ်အောင် ကြိုးစားတည်ဆောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

(၇၅)နှစ်မြောက် စိန်ရတုစစ်အင်ဂျင်နီယာတပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် စစ်ကြောရေးနှင့်တည်ခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါ(၇၅)နှစ်မြောက် စိန်ရတုစစ်အင်ဂျင်နီယာတပ်ဖွဲ့နေ့အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ အငြိမ်းစားစစ်အင်ဂျင်နီယာတပ်ဖွဲ့ဝင် အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪

**ယနေ့ ဖတ်စရာ**

ဩဝါဒကျောက်စာအကျဉ်းချုပ်မှာ "မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင် စိတ်ကိုထား" စာသားဖြစ်ပေသည်။ စိတ်ထားသို့ ကူးလူးဆက်သွယ် အကောင်အထည်ဖော်ရန်သာ အရေးကြီး

ဆောင်းပါး စာမျက်နှာ » ၆

ဖြောင့်မတ်တည်ကြည်မှုရှိမည်ဆိုလျှင် ကောင်းမွန်သော ကိုယ်ကျင့်သိက္ခာကိုရရှိမည်၊ ကိုယ်ကျင့်သိက္ခာသည် အပြောအဆိုနှင့် ပြုမူပုံကို ဦးဆောင်သည်၊ ထိုမှတစ်ဆင့် အလေ့အကျင့်များဖြစ်လာပြီး မိမိတို့၏ဘဝအပေါ် သက်ရောက်မှုရှိလာမည်

ဆောင်းပါး စာမျက်နှာ » ၁၀

ထိုင်းနိုင်ငံ၏ ပို့ကုန်ပမာဏ ဇန်နဝါရီလအတွင်း မြင့်တက်လာ

စာမျက်နှာ » ၁၃

ရွှေဘိုသနပ်ခါးမှာ ပြည်တွင်းဈေးကွက်တွင် ရောင်းအားတက်နေသည့်အပြင် ထိုင်းနိုင်ငံဘက်ကလည်းမှာယူမှုရှိ

စာမျက်နှာ » ၂၂

ကြေးမုံ

# အွန်လိုင်းလိမ်လည်မှုများဝိုင်းဝန်းတိုက်ဖျက်

ဆက်သွယ်ရေးနည်းပညာများ တိုးတက်မြင့်မားလာသည်နှင့်အမျှ လောကလူသားများအတွက် ကောင်းကျိုးရလဒ်များကို ရရှိခဲ့ကြသလို မကောင်းမှုနှင့်လိမ်ညာလှည့်ဖြားမှုများလည်း တိုးတက်ဖြစ်ပေါ်နေသည်ကို ကြားသိနေကြသည်။ အွန်လိုင်းပေါ်တွင် လောင်းကစားမှုမှအစ လူကုန်ကူးမှု၊ သတင်းတုသတင်းမှားမျှဝေမှု၊ အယောင်ဆောင် ငွေကြေးအကျိုးအမြတ်ရှာဖွေမှုစသည့် လိမ်ညာလှည့်ဖြားမှု မကောင်းမှုမျိုးစုံတို့ပြုလုပ်နေကြသည်ကို အထူးသတိပြုကြရမည်ဖြစ်သည်။

အာရှတစ်လွှားတွင် အွန်လိုင်းအသုံးပြု လိမ်လည်အသုံးချမှုများ ပြုလုပ်နေသည့် ရာဇဝတ်ဂိုဏ်းများ တိုးပွားလာပြီး မြန်မာနိုင်ငံတွင်လည်း အလားတူ ရာဇဝတ်ဂိုဏ်းများရှိလာခဲ့သည်။ နိုင်ငံတော်အစိုးရက တရားမဝင် အွန်လိုင်းလောင်းကစားမှုများနှင့် ငွေကြေးလိမ်လည်မှုများကို အိမ်နီးချင်းနိုင်ငံများနှင့် လက်တွဲပူးပေါင်းတိုက်ဖျက်လျက်ရှိသော်လည်း အွန်လိုင်းလောင်းကစားဂိမ်းများနှင့် ငွေကြေးလိမ်လည်မှုများ ဆက်လက်ရှိနေသည်ကိုတွေ့ရသည်။ ဖေဖော်ဝါရီလ ၂၃ ရက်နေ့က တရားမဝင်အွန်လိုင်းလောင်းကစားဂိမ်းများနှင့် ငွေကြေးလိမ်လည်မှုများ ဂိုဏ်းဖွဲ့ပြုလုပ်သူ ၆၈၉ ဦးကို တာချီလိတ်မြို့တွင် ဖမ်းဆီးရမိခဲ့သည်။

မိုလ်ဘိုင်းဖုန်းအသုံးပြုသူ ပြည်သူများအနေဖြင့် ဖုန်းအတွင်းရှိ မိမိတို့နှစ်သက်သော အက်ပလီကေးရှင်းတစ်ခုခုကို ဖိနှိပ်လိုက်သည့်အခါ ဦးစွာကြော်ငြာတစ်မျိုးမျိုးနှင့် ငွေချေးနိုင်ရန် ကမ်းလှမ်းချက်များ တွေ့မြင်ရမည်ဖြစ်သည်။ မျက်မှောက်ကာလ၌ ပြည်သူများကြားတွင် ဖြစ်ပေါ်နေသည့် အခက်အခဲကို ဖြည့်ဆည်းပေးမည်ဟူ၍ အွန်လိုင်းငွေချေးလုပ်ငန်း အမြောက်အမြားပေါ်ထွက်လာသောအခါ ဖုန်းကိုင်ဆောင်ထားသူ ပြည်သူတစ်ယောက်အနေဖြင့် မိမိလိုအင်အတွက် ကလစ်တစ်ချက်နှိပ်မိသည့်အခါ သားကောင်ဘဝသို့ရောက်ကြလေသည်။

ယခုအခါ မိဘပြည်သူများအား အွန်လိုင်းပေါ်မှတစ်ဆင့် ချေးငွေအလွယ်တကူရယူနိုင်သည့် လုပ်ငန်းများကို တွေ့မြင်ရမည်ဖြစ်သည်။ အတိုးနှုန်းမြင့်မားစွာဖြင့် ငွေချေးပေးခြင်းများပြုလုပ်၍ တစ်ပတ်အတွင်း ပြန်ဆပ်ခိုင်းပြီး ပေးသွင်းခြင်းမရှိပါက ချေးငွေရယူစဉ် နည်းပညာအသုံးပြု၍ ၎င်းတို့ရယူထားသည့် အချက်အလက်များကို အသုံးချကာ ခြိမ်းခြောက်ငွေတောင်းခံခြင်းအမျိုးမျိုး၊ နောက်တစ်ဆင့်တက်၍ အရှက်ခွဲခြင်းအမျိုးမျိုးတို့ကို ပြုလုပ်လျက်ရှိသောကြောင့် မြန်မာနိုင်ငံ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် မှုခင်းရဲတပ်ဖွဲ့တို့ပူးပေါင်းကာ ရန်ကုန်မြို့၌ ဖော်ထုတ်အရေးယူဆောင်ရွက်နိုင်ခဲ့သည်။

ဆက်သွယ်ရေးနည်းပညာကို အသုံးပြုကြရာ၌ သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် လိုအပ်သည်တို့ကို ကူညီဆောင်ရွက်ပေးရန်ဖြစ်သလို နှောင့်ယှက်ဖျက်ဆီးသူများကိုလည်း ဖော်ထုတ်အရေးယူပေးလျက်ရှိသည်။ ကုမ္ပဏီတစ်ခုအမည်အသုံးပြု၍ အွန်လိုင်းချေးငွေနှင့်ပတ်သက်ပြီး ခြိမ်းခြောက်ငွေတောင်းခံမှု၊ အများပြည်သူထံမှ ကုပ်သွေးစုပ်အမြတ်ထုတ် လိမ်လည်လုပ်ကိုင်နေသူများအား ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှ ၂၂ ရက်နေ့အတွင်း တရားခံ ၁၃ ဦးနှင့် လက်တော့ပ် ၁၃၃ လုံး၊ ဖုန်း ၁၀ လုံး၊ မော်တော်ယာဉ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ ပြည်သူများ၏ လိုအပ်ချက်ကို အကြောင်းပြု၍ အွန်လိုင်းပေါ်မှ ဒုစရိုက်မှုတစ်ခုကို ဖော်ထုတ်နိုင်ခဲ့သည်။

အဆိုပါကုမ္ပဏီတစ်ခုတည်းအနေဖြင့်ပင် နာမည်တံဆိပ်အမျိုးမျိုးဖြင့် ချေးငွေအက်ပလီကေးရှင်းများအား အများပြည်သူ မြင်သာနိုင်ရန် လူအများအသုံးပြုလေ့ရှိသော တရားဝင်ငွေကြေး၊ လူမှုရေးအက်ပလီကေးရှင်း အမျိုးမျိုးတွင် ထည့်သွင်းကြော်ငြာထားကြသည်။ ချေးငွေရယူလိုသူအနေဖြင့် အဆိုပါအက်ပလီကေးရှင်းကို ဒေါင်းလုတ်ပြုလုပ်၍ အဆင့်ဆင့်ပြုလုပ်ပြီး ချေးယူလိုသူ၏ အချက်အလက်များကို ဖြည့်သွင်းပြီးသည့်အခါ သားကောင်အဖြစ်သို့ရောက်ရှိသွားသည်။ အချို့မှာ ငွေချေးယူခြင်းမရှိသော်လည်း အွန်လိုင်းလိမ်လည်ဂိုဏ်းများက အချက်အလက်များ ရရှိသွားသဖြင့် ခြိမ်းခြောက်ခြင်းအမျိုးမျိုးခံကြရသည်။ အွန်လိုင်းငွေကြေးလိမ်လည် ဂိုဏ်းများသည် လူငယ်လူရွယ်များအား အဖွဲ့များဖွဲ့ကာ ချေးငွေဆွဲဆောင်သည့်အဖွဲ့၊ အက်ပလီကေးရှင်းဒေါင်းလုတ်လုပ်ရန်ခိုင်းစေသည့်အဖွဲ့၊ ချေးငွေလျှောက်လွှာစိစစ်သည့်အဖွဲ့နှင့် ချေးငွေပြန်လည် ခြိမ်းခြောက်တောင်းခံသည့်အဖွဲ့ဟူ၍ လေးဖွဲ့ခွဲဆောင်ရွက်ကြသည်။

အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့်ပတ်သက်၍ နည်းလမ်းအမျိုးမျိုးကို အသုံးပြုကြသည်။ ငါးစာအမျိုးမျိုးပြုလုပ်၍ သားကောင်ကို မိအောင်ဖမ်းကြသည်။ သားကောင်မိသည့်အခါ နည်းပညာဖြင့် အချက်အလက်များရယူပြီး ငွေကြေးတောင်းခံခြင်းကို နည်းလမ်းအမျိုးမျိုးပြုလုပ်ကြသည်။ အရှက်ခွဲခြင်း၊ သိက္ခာချခြင်းတို့ကိုပြုလုပ်သောအခါ ချေးငွေယူသည်ဖြစ်စေ၊ မယူသည်ဖြစ်စေ အရှက်မကွဲလို၍ လွှဲပြောင်းပေးလိုက်ရသည်။ ထိုအခါ ငွေကြေးပမာဏ တစ်ခုအား ဆက်သွယ်ရရှိထားသည့် အသံဖိုင်၊ ဓာတ်ပုံ၊ မှတ်ပုံတင်စသည့် အထောက်အထားတစ်မျိုးမျိုးဖြင့် ထပ်မံ၍ ခြိမ်းခြောက်တောင်းသည့် အထပ်ထပ်အရှက်ခွဲသောနည်းလမ်းများကို အသုံးပြုခဲ့ကြသည်။

သို့ဖြစ်ရာ အွန်လိုင်းနည်းပညာကို အသုံးပြု၍ အရှက်ခွဲသည့်နည်းလမ်းကိုသုံးသည့် ငွေကြေးလိမ်လည် လုပ်ဆောင်နေသော ဂိုဏ်းများ ပပျောက်စေရန်အတွက် မိဘပြည်သူများအနေဖြင့် မိမိတို့ပတ်ဝန်းကျင်တွင် ငွေကြေးနှင့်ပတ်သက်သည့် မသင်္ကာဖွယ်ရာ အပြုအမူလုပ်ဆောင်မှုများတွေ့ရှိပါက သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး တိုက်ဖျက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## တပ်မတော်နေ့ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

(ခ) နိုင်ငံတော်၏အမျိုးသားရေး ရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး လုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(ဂ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## မွေးမြူရေးသုတေသနဦးစီးဌာန
## သုတေသနစာတမ်းများ ဖိတ်ခေါ်ခြင်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

မွေးမြူရေးသုတေသနဦးစီးဌာန၊ ရေဆင်း၊ နေပြည်တော်၌ ဒုတိယအကြိမ်မြောက် မွေးမြူရေးသုတေသနဆိုင်ရာ စာတမ်းဖတ်ပွဲကို (၁-၄-၂၀၂၄)ရက်တွင် "ဆန်းသစ်တီထွင်သုတေသနမှသည် အာဟာရပြည့်မီ စားရေရိက္ခာရေရှည်တည်တံ့ဖူလုံရေးဆီ"ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ဈေးကွက်ဝင်တန်ဖိုးမြှင့် မွေးမြူရေးထုတ်ကုန်ဆိုင်ရာများ၊ ရေရှည်တည်တံ့စေမည့် မွေးမြူထုတ်လုပ်ရေးနည်းစနစ်ဆိုင်ရာများ၊ တိရစ္ဆာန်အစာနှင့် အာဟာရဗေဒဆိုင်ရာများ၊ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာများ၊ မွေးမြူရေးအခြေပြုလူမှုစီးပွားရေးဆိုင်ရာနယ်ပယ်များမှ သုတေသနစာတမ်းများကို (၁-၃-၂၀၂၄)ရက် နောက်ဆုံးထား၍ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်နှိုးဆော်အပ်ပါသည်။

အသေးစိတ်ကို ဦးစီးဌာန၏ Website လိပ်စာ https://www.dlar.moali.gov.mm တွင်လည်းကောင်း၊ ဒေါက်တာဆောဘောမ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဖုန်း ၀၉-၂၅၀၂၀၅၉၉၀၊ email sawvetdlar@gmail.com သို့ လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**သတင်းစဉ်**

## ယခုလကုန်ပိုင်းအထိ မတ်ပဲဈေးမှာ ဆက်လက်ကျဆင်းနိုင်

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ဈေးကောင်းပြီးနောက် ပြန်လည်ကျဆင်းလာခဲ့သည့် မတ်ပဲဈေးနှုန်းများမှာ ယခုလကုန်ပိုင်းအထိ ဆက်လက်ကျဆင်းနိုင်ကြောင်း မတ်ပဲရောင်းဝယ်ရေး အသိုင်းအဝိုင်းထံ စုံစမ်းမေးမြန်းထားသည့် အချက်အလက်များအရ သိရသည်။ လက်ရှိအနေအထားအရ ပဲ၊ နှမ်းဈေးကွက်မှာ ဈေးကျဆင်းလာနေပြီး မြေပဲဆန်မှာမူ ဈေးကောင်းရနေကြောင်းလည်း သိရသည်။

"မတ်ပဲဈေးတွေ ကျနေပါတယ်။ တစ်အိတ်ကို ကျပ် ၂၉၁၀၀၀ ပါ။ ပြီးခဲ့တဲ့ ရက်တွေက ကျပ် ၃၀၀၀၀၀ ပြန်ဖြစ်တယ်။ အများဆုံး ကျပ် ၃၀၀၀၀၀၊ ကျပ် ၃၀၀၅၀၀ ဖြစ်ရာက အခု ကျပ် ၂၉၁၀၀၀ ပါ။ ကြားထဲမှာတော့ တက်လိုက်ကျလိုက်နဲ့ပဲ သွားနေတယ်။ ဒီလကုန်လောက်ထိတော့ ကျနေမယ်လို့ထင်ပါတယ်"ဟု 'နိုင်မဟာ' မတ်ပဲရောင်းဝယ်ရေးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မတ်ပဲမှာ ပြည်ပဈေးကွက်များတွင် ဝယ်လိုအားများနေကြောင်း မတ်ပဲရောင်းဝယ်ရေးအသိုင်းအဝိုင်းမှ သိရကာ ဇန်နဝါရီလအတွင်းက ပြည်ပသို့ မတ်ပဲ တင်ပို့မှုမှာ တစ်တန်လျှင် ငွေကျပ် ၃၁ သိန်း ဈေးပေါက်ခဲ့ကြောင်း မတ်ပဲရောင်းဝယ်ရေးအသိုင်းအဝိုင်းမှ သိရသည်။

"မတ်ပဲက ပဲအသစ်တွေ ပေါ်လာလို့ ပစ္စည်းနည်းနည်းပေါ်သွားလို့ ဈေးကျတာပါ"ဟု 'အောင်' ဆန်နှင့်ပဲမျိုးစုံရောင်းဝယ်ရေးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ အိန္ဒိယနိုင်ငံက ပဲဈေးကို ရည်ညွှန်းဈေး သတ်မှတ်မည်ဆိုသော သတင်းကြောင့် ပဲဈေးများကျဆင်းလာခြင်းဖြစ်နိုင်ပြီး လက်ရှိတွင် အရောင်းအဝယ်မှာ ပုံမှန်ရှိနေကြောင်း သိရသည်။

**သစ်တော်**

## သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် - | ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး - | ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန - | ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် - | ဦးနိုင်လင်းကြည်၊ | စာပြင် - | ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - | ဦးခိုင်ဝင်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း - | ဦးစည်သူလွင်နှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇၅)နှစ်မြောက် စိန်ရတုစစ်အင်ဂျင်နီယာတပ်ဖွဲ့နေ့ အထိမ်းအမှတ် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

❂ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အခမ်းအနားကျင်းပမည့်နေရာသို့ ရောက်ရှိရာ တာဝန်ရှိသူများက ကြိုဆို နှုတ်ဆက်ကြသည်။ ထို့နောက် အခမ်းအနားအစီအစဉ် ပထမပိုင်းအဖြစ် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်နှင့် စစ်အင်ဂျင်နီယာတပ်ဖွဲ့ ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်နိုင်ဦးတို့က (၇၅)နှစ်မြောက် စိန်ရတု စစ်အင်ဂျင်နီယာတပ်ဖွဲ့နေ့ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က (၇၅)နှစ်မြောက် စိန်ရတု စစ်အင်ဂျင်နီယာတပ်ဖွဲ့နေ့ အထိမ်းအမှတ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ဆင်ဖြူရှင်ခန်းမအတွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် နိုင်ငံတော်သရုပ်ဆောင်၊ အဆိုတော် အကယ်ဒမီရန်အောင် ဖျော်ဖြေတင်ဆက်သည့် **"မောင်တို့ချယ်ရီမြေ"** တေးသီချင်းနှင့် စစ်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များ သီဆိုသည့် (၇၅)နှစ်မြောက် စိန်ရတုစစ်အင်ဂျင်နီယာတပ်ဖွဲ့နေ့ ဂုဏ်ပြုသီချင်းဖြစ်သည့် **"အင်ဂျင်နီယာ ဒို့တပ်ဖွဲ့ဝင်များ"** သီချင်းဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က (၇၅)နှစ်မြောက် စိန်ရတု စစ်အင်ဂျင်နီယာတပ်ဖွဲ့နေ့ အထိမ်းအမှတ် ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ယနေ့သည် မြန်မာ့တပ်မတော်စတင်ဖွဲ့စည်းခဲ့သည့် အချိန်ကတည်းက တပ်မတော်၏အစိတ်အပိုင်းတစ်ခုအဖြစ်ပါဝင်ခဲ့သည့် စစ်အင်ဂျင်နီယာတပ်ဖွဲ့၏ (၇၅)နှစ်မြောက် စိန်ရတု စစ်အင်ဂျင်နီယာတပ်ဖွဲ့နေ့အခါသမယပင် ဖြစ်ကြောင်း၊ စစ်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များ အနေဖြင့် တပ်မတော်စတင်တည်ထောင်ချိန်မှ ယနေ့ကာလအထိ ပေးအပ်လာသည့် ရည်မှန်းချက်တာဝန်များအပေါ် **"ရွေ့လျားနိုင်ရန် (TO MOVE)၊ တိုက်ခိုက်နိုင်ရန် (TO FIGHT)၊နေထိုင်နိုင်ရန် (TO LIVE)"** ဆိုသည့် စစ်အင်ဂျင်နီယာ တပ်ဖွဲ့၏ ဆောင်ပုဒ်နှင့်အညီ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အကောင်းဆုံး ကျေပွန်အောင်စွမ်းဆောင်ခဲ့ကြသည်ကို အသိအမှတ်ပြုကြောင်း။

စစ်အင်ဂျင်နီယာတပ်ဖွဲ့သည် တပ်မတော်နှင့် နိုင်ငံတော်၏ စစ်ဦးစီးနှင့် စစ်ထောက်ဆိုင်ရာ ရည်မှန်းချက်တာဝန်များကို ပံ့ပိုးကူညီနိုင်စေရန် ဖွဲ့စည်းထားသည့် လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုဖြစ်ကြောင်း။

စစ်အင်ဂျင်နီယာ တပ်ဖွဲ့၏ သမိုင်းကြောင်းကို လေ့လာကြည့်ပါက ၁၉၃၇ ခုနှစ်တွင် အိန္ဒိယပြည် Madras Sapper Miners တပ်မှ ခွဲထွက်ပြီး Burma Sapper Miners တပ်အဖြစ် စတင်သန္ဓေတည်ပေါ်ပေါက်လာသည်ကို တွေ့ရှိရကြောင်း၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလ အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်းခဲ့သည့် မြန်မာ့တပ်မတော်တွင်လည်း စစ်အင်ဂျင်နီယာတပ်ဖွဲ့သည် လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုအဖြစ် ပါဝင်ပြီး တိုက်ခိုက်ရေး တာဝန်များနှင့် စစ်မြေပြင်အင်ဂျင်နီယာလုပ်ငန်းတာဝန်များကို ထမ်းဆောင်ကာ နိုင်ငံလွတ်လပ်ရေးအတွက် နယ်ချဲ့ကျူးကျော်သူများကို တိုက်ထုတ်ခဲ့သည်ကိုလည်း တွေ့ရကြောင်း။

၁၉၄၉ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်တွင် KNDO သောင်းကျန်းသူများက မေမြို့(ယခု ပြင်ဦးလွင်မြို့)ကို တိုက်ခိုက်သိမ်းပိုက်ခဲ့ကြကြောင်း၊

**စာမျက်နှာ ၄ သို့ »»**




ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်နှင့် စစ်အင်ဂျင်နီယာတပ်ဖွဲ့ ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်နိုင်ဦးတို့က (၇၅)နှစ်မြောက် စိန်ရတု စစ်အင်ဂျင်နီယာတပ်ဖွဲ့နေ့အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ စစ်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များ၏ သီဆိုဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

»»» စာမျက်နှာ ၃ မှ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

အဆိုပါအချိန်တွင် ပြင်ဦးလွင်မြို့တွင်ရှိနေသည့် လေ့ကျင့်ရေးအင်ဂျင်နီယာတပ်ရင်းမှ အရာရှိ၊ စစ်သည်များသည် ရန်သူသမ္ဘောလူအင်အား၊ လက်နက်အင်အားနှင့် ခဲယမ်းမီးကျောက်များ စုစည်းပြီး ရဲဝံ့စွန့်စားစွာ တိုက်ပွဲဝင်ခဲ့ကြသည့်အတွက် ပြင်ဦးလွင်မြို့ကို ဖေဖော်ဝါရီ ၂၄ ရက်တွင် ပြန်လည်သိမ်းပိုက်ရရှိခဲ့ကြောင်း၊ အဆိုပါတိုက်ပွဲတွင် လေ့ကျင့်ရေးအင်ဂျင်နီယာတပ်ရင်းမှ တပ်ကြပ်လှမောင်၏ဇနီး မချစ်ပို၏ ရဲစွမ်းသတ္တိသည် သမိုင်းတွင် မော်ကွန်းရေးထိုးနိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ မချစ်ပိုသည် စစ်သားဇနီး ပီသစွာဖြင့် အရေးကြုံလာချိန်တွင် အာဇာနည်သူရဲကောင်းစိတ်ဓာတ်ဖြင့် မိမိအသက်ကို မငဲ့ကွက်ဘဲ တိုင်းပြည်အတွက် စွန့်လွှတ်စွန့်စားတိုက်ပွဲဝင်ခဲ့သူတစ်ဦးပင်ဖြစ်ကြောင်း၊ မချစ်ပိုသည် သောင်းကျန်းသူများကို တိုက်ခိုက်ရင်း ၁၉၄၉ ခုနှစ် ဧပြီ ၈ ရက်တွင် သောင်းကျန်းသူများ၏ ဖမ်းဆီးသတ်ဖြတ်ခြင်းခံခဲ့ရပြီး သူရဲကောင်းပီသစွာဖြင့် တိုင်းပြည်အတွက် အသက်ပေးလှူခဲ့ရကြောင်း၊ ထိုသို့ မချစ်ပို၏ သူရဲကောင်းပီသမှုနှင့် ရဲစွမ်းသတ္တိပြည့်ဝမှုများကို ၁၉၅၀ ပြည့်နှစ်တွင် နိုင်ငံတော်က သူရဘွဲ့ပေးအပ်ပြီး အသိအမှတ်ပြုချီးမြှင့်ခဲ့ခြင်းကြောင့် စစ်အင်ဂျင်နီယာတပ်ဖွဲ့၏ ဂုဏ်ကို ဆောင်နိုင်ခဲ့သည့် မြန်မာနိုင်ငံ၏ ပထမဆုံးသော သူရဘွဲ့ရ အမျိုးသမီးတစ်ဦးအဖြစ် ဂုဏ်ယူဖွယ် မော်ကွန်းတင်နိုင်ခဲ့ကြောင်း။

ထိုသို့ထူးချွန်ပြောင်မြောက်စွာဖြင့် ရဲစွမ်းသတ္တိပြသနိုင်ခဲ့သည့် စစ်အင်ဂျင်နီယာတပ်ဖွဲ့ကို ဂုဏ်ပြုသည့်အနေဖြင့် ပြင်ဦးလွင်မြို့ကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည့် ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်ကို စစ်အင်ဂျင်နီယာတပ်ဖွဲ့နေ့အဖြစ် သတ်မှတ်ခဲ့ခြင်းလည်းဖြစ်ကြောင်း၊ ဂုဏ်ပြုမှတ်တမ်းတင်ထိုက်သည့် တာဝန်ထမ်းဆောင်နိုင်မှု၊ တိုင်းပြည်နှင့် လူမျိုးအပေါ် သစ္စာစောင့်သိမှု၊ တပ်ဖွဲ့၏အစဉ်အလာကောင်းတစ်ခုအဖြစ် သာဓကတင်အောင် စွမ်းဆောင်နိုင်မှုတို့အတွက် တပ်ဖွဲ့ဝင်အဆင့်အတန်းအားလုံးတို့၏ စံနမူနာပြဖြစ်စေရန် စစ်အင်ဂျင်နီယာတပ်ဖွဲ့နေ့အဖြစ် သတ်မှတ်ခဲ့ခြင်းသည် ယနေ့ဆိုပါက(၇၅)နှစ်ဆိုသည့် စိန်ရတုကာလကို ရောက်ရှိခဲ့ပြီဖြစ်ကြောင်း။

### ရဲဝံ့စွန့်စားစွာ ပါဝင်တိုက်ပွဲဝင်ခဲ့ကြ

ခေတ်အဆက်ဆက် စစ်အင်ဂျင်နီယာတပ်ဖွဲ့၏ စွမ်းဆောင်မှုများကိုကြည့်မည်ဆိုပါက လွတ်လပ်ရေးရပြီးချိန်ကစပြီး ပြည်တွင်းသောင်းကျန်းမှု နှိမ်နင်းရေးစစ်ဆင်ရေးများတွင် စစ်အင်ဂျင်နီယာတပ်ဖွဲ့အနေဖြင့် စစ်မြေပြင်အင်ဂျင်နီယာ အကူပေးတာဝန်များအပြင် ခြေလျင်တပ်များနှင့်အတူ ရဲဝံ့စွန့်စားစွာ ပါဝင်တိုက်ပွဲဝင်ခဲ့ကြကြောင်း၊ စစ်အင်ဂျင်နီယာတပ်ဖွဲ့မှ အရာရှိ၊ စစ်သည်များသည် ၁၉၈၈ ခုနှစ်နောက်ပိုင်း နိုင်ငံတော်တည်ဆောက်ရေးအတွက် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့သကဲ့သို့ နယ်စပ်ဒေသများတွင်လည်း လမ်းဖောက်ခြင်း၊ တံတားများ တည်ဆောက်ခြင်းနှင့် တပ်မတော်အတွက် မရှိမဖြစ်လိုအပ်သည့် အခြေခံအဆောက်အအုံများ တည်ဆောက်ပေးခြင်းစသည့် အင်ဂျင်နီယာပိုင်းဆိုင်ရာ လုပ်ငန်းများကို ထမ်းဆောင်ခဲ့ကြကြောင်း။

စစ်အင်ဂျင်နီယာ တပ်ဖွဲ့အနေဖြင့် စစ်ကျန်မြေမြှုပ်မိုင်းများ ရှင်းလင်းရေး လုပ်ငန်းများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာမိုင်းရှင်းလင်းရေး (Humanitarian Demining)လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အထူးမိုင်းရှင်းလင်းရေးအဖွဲ့(EOD Squad) များကို စစ်မြေပြင်အင်ဂျင်နီယာ တပ်ရင်းများတွင် ဖွဲ့စည်းထားရှိပြီး မြို့တွင်းမိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် စစ်ကျန်မကွဲဗုံးသီးများ ဖယ်ရှားရှင်းလင်းရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ စစ်အင်ဂျင်နီယာတပ်ဖွဲ့ ညွှန်ကြားရေးမှူးက (၇၅)နှစ်မြောက် စိန်ရတုစစ်အင်ဂျင်နီယာတပ်ဖွဲ့နေ့ အထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်စဉ်။

တပ်မတော်အနေဖြင့် နိုင်ငံတော်အတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက အချိန်မဆိုင်းဘဲ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ စစ်အင်ဂျင်နီယာတပ်ဖွဲ့အနေဖြင့် သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေး လုပ်ငန်းများနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် အင်ဂျင်နီယာပိုင်းဆိုင်ရာ နည်းပညာများ၊ အတတ်ပညာများ၊ စက်၊ ယာဉ်၊ ယန္တရားများနှင့် အင်တိုက်အားတိုက် ပါဝင်ကူညီစေလျက်ရှိကြောင်း။

၂၀၂၃ ခုနှစ် ဩဂုတ် ၁ ရက်တွင် ဗုဒ္ဓါဘိသေက အနေကဇာတင်ပြီးစီးခဲ့ပြီး ကမ္ဘာ့အကြီးဆုံး စကျင်ကျောက်ဆစ် ရုပ်ပွားတော်ကြီးတစ်ဆူဖြစ်လာခဲ့သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထား ကိုးကွယ်နိုင်ရေးအတွက် စစ်အင်ဂျင်နီယာတပ်ဖွဲ့က သယ်ယူပင့်ဆောင်ရေးအပိုင်းတွင် ပါဝင်ဆောင်ရွက်ခဲ့သည့်အပြင် ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်းရှိ ဘုရား၊ ကျောင်း၊ ကန်၊ သိမ်၊ ဇရပ်၊ တံတား၊ ဥယျာဉ်နှင့် အုပ်ချုပ်မှုအဆောက်အအုံ စသည်များကို တာဝန်ယူပြီး ကုသိုလ်ပြု ပါဝင်တည်ဆောက်ခွင့်ရရှိခဲ့ခြင်းသည် စစ်အင်ဂျင်နီယာတပ်ဖွဲ့၏ သမိုင်းဝင်မှတ်တမ်းများပင်ဖြစ်ကြောင်း။

စာမျက်နှာ ၅ သို့ »»»



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၇၅)နှစ်မြောက် စိန်ရတုစစ်အင်ဂျင်နီယာတပ်ဖွဲ့နေ့အထိမ်းအမှတ်ပြခန်းများကို ကြည့်ရှုလေ့လာစဉ်။

✻ **တပ်မတော်အနေဖြင့် နိုင်ငံတော်အတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက အချိန်မဆိုင်းဘဲ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ စစ်အင်ဂျင်နီယာတပ်ဖွဲ့အနေဖြင့် သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများတွင် အင်ဂျင်နီယာပိုင်းဆိုင်ရာ နည်းပညာများ၊ အတတ်ပညာများ၊ စက်၊ ယာဉ်၊ ယန္တရားများနှင့် အင်တိုက်အားတိုက် ပါဝင်ကူညီစေလျက်ရှိ**

»»» စာမျက်နှာ ၄ မှ

ထိုသို့စွမ်းစွမ်းတမံ ဆောင်ရွက်မှုများကြောင့် နိုင်ငံတော်ကချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဘွဲ့၊ ဘွဲ့ထူးဂုဏ်ထူးဆောင်တံဆိပ် ရရှိသူများစွာရှိကြောင်း၊ တပ်ဖွဲ့နေ့အဖြစ် စတင်သတ်မှတ်ခဲ့သည့်နေ့မှ ယနေ့စိန်ရတုကာလအထိ သူရမချစ်ပို အပါအဝင် **“သူရဘွဲ့”** ချီးမြှင့်ခံရသူ ငါးဦး၊ **“သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်”** ချီးမြှင့်ခံရသူ ၁၃၆ ဦး၊ **“တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်”** ချီးမြှင့်ခံရသူ ၅၇ ဦး၊ **“တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်”** ချီးမြှင့်ခံရသူ ၁၀၃ ဦး နှင့် **“တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်လက်မှတ်”** ချီးမြှင့်ခံရသူ ၂၄ ဦးအထိ ရှိခဲ့ကြောင်း၊ ထို့ပြင် အင်ဂျင်နီယာပိုင်းဆိုင်ရာ တာဝန်များမှာ ထူးချွန်စွာ စီမံဆောင်ရွက်နိုင်ခဲ့သည့်အတွက် နိုင်ငံတော်မှပေးအပ်ချီးမြှင့်သည့် **“ဂုဏ်ထူးဆောင်ဘွဲ့”** ဖြစ်သည့် စည်သူဘွဲ့နှင့် ဇေယျကျော်ထင်ဘွဲ့ ချီးမြှင့်ခံရသူ တစ်ဦး၊ သီရိပျံချီဘွဲ့ ချီးမြှင့်ခံရသူ တစ်ဦး၊ ဇေယျကျော်ထင်ဘွဲ့ ချီးမြှင့်ခံရသူ ရှစ်ဦး၊ သိပ္ပကျော်စွာဘွဲ့ ချီးမြှင့်ခံရသူ တစ်ဦး စုစုပေါင်း ၁၁ ဦးနှင့် **“စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်”** ဖြစ်သည့် စီမံထူးချွန်တံဆိပ်(ပထမ)ဆင့် ရှစ်ဦး၊ စီမံထူးချွန်တံဆိပ်(ဒုတိယ)ဆင့် ၁၆ ဦး၊ စီမံထူးချွန်တံဆိပ်(တတိယ) ဆင့် ၂၃ ဦး၊ လူမှုထူးချွန်တံဆိပ်(ဒုတိယ)ဆင့် တစ်ဦး၊ လူမှုထူးချွန်တံဆိပ်(တတိယ)ဆင့် တစ်ဦး၊ စက်မှုစီးပွား ထူးချွန်တံဆိပ်(တတိယ)ဆင့် လေးဦး၊ နည်းပညာ ထူးချွန်တံဆိပ်(ဒုတိယ)ဆင့် သုံးဦး၊ နည်းပညာထူးချွန်တံဆိပ်(တတိယ)ဆင့် ခုနစ်ဦး စုစုပေါင်း ၆၃ ဦးအထိ ထိုက်တန်စွာရရှိခဲ့ကြခြင်းကြောင့် ဝမ်းမြောက်ဂုဏ်ယူကြောင်း။

**✻ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုကာလကတည်းက တပ်မတော်၏လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုအဖြစ်ပါဝင်ခဲ့သည့် စစ်အင်ဂျင်နီယာတပ်ဖွဲ့သည် ယနေ့ဆိုပါက နိုင်ငံတကာအဆင့်မီသည့် စစ်လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုအဖြစ် ဝင့်ကြွားထည်ဝါစွာရပ်တည်နိုင်ခဲ့ပြီဖြစ်**

**✻ စစ်အင်ဂျင်နီယာတပ်ဖွဲ့အတွင်း၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် အရာရှိ၊ စစ်သည်များသည် နိုင်ငံတော်နှင့် တပ်မတော်ကပေးအပ်လာသည့် တာဝန်များအပေါ် ဦးလည်မသုန်ထမ်းရွက်နိုင်ခဲ့ကြသည်ကိုလည်း (၇၅)နှစ်တာခရီးတွင် အကြိမ်ကြိမ်သက်သေပြခဲ့ကြပြီးဖြစ်**

မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုကာလကတည်းက တပ်မတော်၏ လက်ရုံးဝန်ထမ်း တပ်ဖွဲ့တစ်ခုအဖြစ်ပါဝင်ခဲ့သည့် စစ်အင်ဂျင်နီယာတပ်ဖွဲ့သည် ယနေ့ဆိုပါက နိုင်ငံတကာ အဆင့်မီသည့် စစ်လက်ရုံးဝန်ထမ်း တပ်ဖွဲ့တစ်ခုအဖြစ် ဝင့်ကြွားထည်ဝါစွာရပ်တည်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ထို့ပြင် စစ်အင်ဂျင်နီယာတပ်ဖွဲ့အတွင်း၌ တာဝန် ထမ်းဆောင်ခဲ့ကြသည့် အရာရှိ၊ စစ်သည်များသည် နိုင်ငံတော်နှင့် တပ်မတော်က ပေးအပ်လာသည့် တာဝန်များအပေါ် ဦးလည်မသုန် ထမ်းရွက်နိုင်ခဲ့ကြသည်ကိုလည်း (၇၅)နှစ်တာခရီးတွင် အကြိမ်ကြိမ်သက်သေပြခဲ့ကြပြီးဖြစ်ကြောင်း၊ ထို့ကြောင့် စစ်အင်ဂျင်နီယာ တပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါအစဉ်အလာကောင်းများကို လက်ဆင့်ကမ်း တာဝန်ယူ ထိန်းသိမ်းသွားကြပြီး အနာဂတ်မျိုးဆက်သစ် စစ်အင်ဂျင်နီယာ တပ်ဖွဲ့ဝင်များကို အဖိုးတန်အမွေအဖြစ် လက်ဆင့်ကမ်းပေးအပ်သွားကြရမည် ဖြစ်ကြောင်း၊ စစ်အင်ဂျင်နီယာ တပ်ဖွဲ့ဝင်များအနေဖြင့် ချမှတ်ထားသည့် ကြွေးကြော်သံများ၊ ဆောင်ပုဒ်များအတိုင်း ကျရာတာဝန်များကို ကျေပွန်အောင် ဆက်လက်ထမ်းဆောင်သွားကြရန်လိုကြောင်း။

စစ်အင်ဂျင်နီယာ တပ်ဖွဲ့ဝင်များသည် ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် အင်ဂျင်နီယာဆိုင်ရာ နည်းပညာများကိုကြိုးစားလေ့လာပြီး စွမ်းရည်ထက်မြက်သည့် တပ်ဖွဲ့တစ်ခုဖြစ်အောင် ကြိုးစား တည်ဆောက်ကြရန် မှာကြားရင်း (၇၅)နှစ်မြောက် စိန်ရတု စစ်အင်ဂျင်နီယာတပ်ဖွဲ့နေ့မှသည် နောင်လာမည့်ရတုများစွာတိုင်အောင် **“အင်ဂျင်နီယာ စွမ်းရည်ထက်အောင်နိုင်တိုက်ပွဲဆက်”** ဆိုသည့်အတိုင်း နိုင်ငံတော်နှင့် တပ်မတော်က အားကိုးအားထားပြုရသည့် လက်ရုံးဝန်ထမ်း တပ်ဖွဲ့တစ်ခုအဖြစ် ဆက်လက် ရပ်တည်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းကြောင်း ပြောကြားသည်။

ယင်းနောက် စစ်အင်ဂျင်နီယာ တပ်ဖွဲ့ညွှန်ကြားရေးမှူးက တပ်ဖွဲ့သမိုင်း အကျဉ်းချုပ်ကို ရှင်းလင်းတင်ပြပြီး (၇၅)နှစ်မြောက် စိန်ရတု စစ်အင်ဂျင်နီယာတပ်ဖွဲ့နေ့အထိမ်းအမှတ် မှတ်တမ်း Documentary Video ကို ပြသသည်။ ဆက်လက်၍ (၇၅)နှစ်မြောက်စိန်ရတု စစ်အင်ဂျင်နီယာ တပ်ဖွဲ့နေ့ ဂုဏ်ပြုသီချင်းဖြစ်သည့် **“သမိုင်းတွင်သော စစ်အင်ဂျင်နီယာ”** တေးသီချင်းကို စစ်အင်ဂျင်နီယာ တပ်ဖွဲ့ဝင်များက ဖျော်ဖြေတင်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ စစ်အင်ဂျင်နီယာတပ်ဖွဲ့ညွှန်ကြားရေးမှူးက (၇၅)နှစ်မြောက်စိန်ရတု စစ်အင်ဂျင်နီယာ တပ်ဖွဲ့နေ့ အထိမ်းအမှတ်လက်ဆောင်ကို နေရာအရောက် ဂါရဝပြုပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တက်ရောက်လာကြသည့် အငြိမ်းစား စစ်အင်ဂျင်နီယာ တပ်ဖွဲ့ဝင် အရာရှိကြီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများနှင့်အတူ (၇၅)နှစ်မြောက် စိန်ရတု စစ်အင်ဂျင်နီယာ တပ်ဖွဲ့နေ့ အထိမ်းအမှတ်ပြခန်းများအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် (၇၅)နှစ်မြောက် စိန်ရတု စစ်အင်ဂျင်နီယာ တပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် ဖေဖော်ဝါရီ ၂၄

၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဘိလိယက်နှင့် စနူကာအားကစားရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။

အခမ်းအနားတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ပြည်နယ်နှင့် တိုင်းဒေသကြီး ဘိလိယက်နှင့် စနူကာပြိုင်ပွဲသို့ လာရောက်ယှဉ်ပြိုင်ကြသည့် အားကစား မောင်/မယ်များသည် မိမိတို့ကိုယ်စားပြုယှဉ်ပြိုင်သည့် ပြည်နယ်နှင့် တိုင်းဒေသကြီးအသင်း အနိုင်ရရှိရေးအတွက် မိမိတို့၏ အစွမ်းအစ၊ အရည်အသွေးများကို အစွမ်းကုန်ဖော်ထုတ်ပြသပြီး ကြိုးစားယှဉ်ပြိုင်သွားကြစေလိုကြောင်း၊ အားကစားသမားအချင်းချင်း ချစ်ကြည်ရင်းနှီးစွာ အားကစားစိတ်ဓာတ် အပြည့်အဝဖြင့် အကောင်းဆုံးပါဝင်ယှဉ်ပြိုင်သွားရန် လိုအပ်ကြောင်း၊ ထို့ပြင် အားကစားသမားကောင်းများ ပီသစွာ သတ်မှတ်ထားသည့် စည်းမျဉ်း/ စည်းကမ်းများကို လေးစားလိုက်နာကြစေလိုကြောင်း၊ ယခုပြိုင်ပွဲမှတစ်ဆင့် နိုင်ငံတော်ကအားထားရသည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားကောင်းများ ဖြစ်လာအောင် ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားရင်း ၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘိလိယက်နှင့် စနူကာပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်ကြောင်း ပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာဓိဋ္ဌာန်(၄)ချက်ကို ရွတ်ဆိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူတို့သည် ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး ပြိုင်ပွဲပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘိလိယက်နှင့် စနူကာပြိုင်ပွဲကို အလားအလာကောင်းမွန်သည့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အားကစားသမားများအချင်းချင်း ချစ်ခင်ရင်းနှီးမှုရရှိစေရေးနှင့် မြန်မာ့လက်ရွေးစင်အားကစားသမားများအား အထောက်အကူပြုနိုင်မည့် ထူးချွန်ထက်မြက်သည့် အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက်ရည်ရွယ်၍ ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲသို့ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၃ သင်းနှင့် အမျိုးသမီးအသင်း ၁၀ သင်းတို့ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ရာ အားကစားကိုစိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် မည်သူမဆို (အခမဲ့) လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

# တပို့တွဲလ

မောင်လူမွှေး (မြန်မာမှု)

မြန်မာ့ပြက္ခဒိန် ဆယ့်နှစ်လရာသီများ အရေးအသားတွင် ဆယ့်တစ်လမြောက်ဖြစ်သော “တပို့တွဲ” လကို ရှေးပုဂံခေတ်က “တပိုဝ်” (ပုဂံပြတိုက် ကျောက်စာတိုင်အမှတ်-၁၂၆၊ သက္ကရာဇ်-၅၀၀ ကျော်) တပိုဝ်ထွယ်လ (ဟန်လင်းကျောက်စာရုံ အမှတ်-၃-သက္ကရာဇ်-၅၇၉) တပိုဝ်ထွယ်လ၊ (ငါတသင်ကျောက်စာ-သက္ကရာဇ် ၅၈၇) တပို္ဒထွယ်လ (သိခင်မြင်းခုန်တိုင်ကျောက်စာ-သက္ကရာဇ်-၅၉၁) စသည်ဖြင့် ရေးသားလာကြရာ နောက်ပစ် – “ဲ” နေရာတွင် –“ယ်” သတ်ဖြင့် တပိုဝ်ထွယ်၊ တပို္ဒထွယ် စသည်ဖြင့် မတည်ငြိမ်သေးသော အရေးအသားကို တွေ့ရလေသည်။ မြန်မာအက္ခရာဗေဒပညာရှင် ဝဋ္ဋံသကာ ဆရာကြီး ဦးသောင်းလွင်က နောက်ပစ် – “ဲ” နှင့် ယသတ် – “ယ်” “ –ု”နှင့် “ေ–ာ” ဥ နှင့် အော အသဝဏ်ပြုမှုများသည် ရာစုနှစ်များ ဖြတ်သန်းခဲ့ရသည်ဟု ညွှန်းဆိုထားလေသည်။ မည်သို့ဆိုစေ ကုန်းဘောင်ခေတ်ရောက်သောအခါ တပို့တွဲ (ဂေါတမဂူ ကျောက်စာသက္ကရာဇ်-၁၁၉ ခု) တပို့တွဲလပြည့် (ပုဂံရွှေစည်းခုံ ကျောက်စာ နောက်ထိုး-၁၁၁၉) ဟု ယနေ့ခေတ် အရေးအသားမျိုးကဲ့သို့ ရေးလာကြပေပြီ။

**“ထ” အက္ခရာကိုသာ အဆက်ဆက်သုံးလာ**

တစ်ဖန် “တပို့တွဲ” တွင်လည်း အစတွင် “ထ” အက္ခရာကိုသာ အဆက်ဆက် သုံးလာသည်ကို တွေ့ရသည်။ ထွယ်မှ.. ထွဲ.. တွဲ သို့ အဆင့်ဆင့် ပြောင်းလဲခြင်းမှာ ယသတ် –ယ် နှင့် နောက်ပစ် “ဲ” တို့သည် သဒ္ဒါကာရန်ပိုင်းဆိုင်ရာ၊ သဒ္ဒဗေဒဆိုင်ရာ ဖြစ်၍ ဆရာကြီး ဦးဖိုးလတ်က အကျယ်တဝင့် ဝေဖန်မှုမပြုခဲ့သော်လည်း တပို့တွဲမှ “ထ” အက္ခရာကိုမူ ဝေါဟာရဗေဒ၊ ဘာသာဗေဒအရ ရှေးရေးထုံးနှင့် မြန်မာဝေါဟာရများကို ကြံဆ၍ အဓိပ္ပာယ်ဖွင့်ဆိုတော်မူကြကုန်သော ဒုတိယကျော်အောင်စံထား ဆရာတော်၏ ဝေါဟာရတ္ထပကာသနီကျမ်း (သက္ကရာဇ်-၁၀၈၀-၁၁၅၅ခန့်)၊ လေ့သင်းအတွင်းဝန် ဦးချိန်၏ ဝေါဟာရလီနတ္ထဒီပနီ (သက္ကရာဇ်-၁၁၅၈-၁၂၁၇)ကျမ်းတို့၏ အဓိပ္ပာယ်ယူဆချက်များကို သုံးသပ်၍လည်းကောင်း၊ တရုတ် တိဗက် ပါဠိ အာရိယန်ဘာသာဝင် စကားတို့နှင့်လည်းကောင်း၊ မြန်မာတိုင်းရင်းမျိုးနွယ်စုများဖြစ်ကြသော ကချင်၊ ကရင်၊ ချင်း၊ မွန်၊ ရှမ်း စသည့် လူမျိုးစုတို့၏ “အချို” ဟော “ထန်” ဝေါဟာရကို ကြံဆ၍လည်းကောင်း အောက်ပါအတိုင်း ကောက်ချက်ချ အဘိဓာန်ပုဒ်ကို ဖွင့်ဆိုထားလေသည်။

တပို့တွဲ (ကျောက်စာ-တပို့ထွဲ) ထန်းဖူး ထန်းခိုင်တံတို့အား အောက်သို့ ကိုင်းညွှတ် ဆွဲဆိုင်းအောင် တွဲအောင်ပြုသည်၊ ထန်းရည်နင်းသည်။ ထန်းဖူး ထန်းခိုင်တံတို့အား အောက်သို့ ကိုင်းညွှတ် ဆွဲဆိုင်းအောင် တွဲအောင်ပြုသောလ၊ ထန်းရည် နင်းလ၊ မြန်မာ့တစ်ဆယ့်နှစ်လတို့တွင် တစ်ဆယ့် တစ်လမြောက်လ၊ ကုံရာသီ။ (တပို့ = ထန်းဖူး၊ ထန်းခိုင်တံ+တွဲ = တွဲစေသည်။ တ-တန်း-ပါဠိ တာလ=ထန်း+ပို့=ချွန်၊ မို့၊ ဖု၊ လုံး)

ဤသို့ဆရာကြီး ဦးဖိုးလတ်၏အဆိုကို ဦးစွာ ပြခြင်းမှာ ဝေါဟာရတ္ထပကာသနီကျမ်းအရ-လယ်ယာလုပ်သားကြီးများသည် လုပ်ခင်းကိုင်ယာ ပြီး၍ ထမ်းပိုးများကို ဆွဲထားလေ့ရှိသောကြောင့် “တပို့တွဲလ” ဟု ခေါ်ကြောင်း ဖွင့်ဆိုထားခြင်းနှင့် ဝေါဟာရလီနတ္ထဒီပနီကျမ်းအရ ကုမ်ရာသီကိုစွဲ၍ အမရကောသ အဘိဓာန်ပါ=တပါ ပူပန်ရာဖြစ်သော လ၊ အယံ=ဤတပါ သဒ္ဒါသည်၊ မာဃေ=တပို့တွဲလ၌၊ ဘဝတိ=ဖြစ်၏။ စသည်ဖြင့် ပါဠိဝိဂြိုဟ်ပြု၍ တပို့တွဲ ဟု အဆင့်ဆင့်ပြောင်းလဲလာကြောင်း အဓိပ္ပာယ်မှာ “ပူသောလ” ဖြစ်သည်ဟု ဖွင့်ဆိုထားခြင်းတို့ကို ဝေဖန်ကန့်ကွက်ထားလေသည်။

ဆိုလိုရင်းတွင် ကျော်အောင်စံထား ဆရာတော်၏အယူမှာ မြန်မာဆန်ဆန်တွေး၍ လေ့သင်း အတွင်းဝန်၏အယူမှာ ပါဠိဆန်ဆန်တွေး၍ ယူဆထားလေသည်။ ဤ၌ ဝေါဟာရဆင်းသက်လာပုံ ဇာစ်မြစ်(Derivation)၊ ဝေါဟာရဇာစ်မြစ်လေ့လာသူ (Etymologist)၊ ဝေါဟာရဗေဒ(Etymon) သုတေသီများအတွက် ဆရာကြီး ဦးဖိုးလတ်၏ ဝေါဟာရ ဖြစ်နိုင်ရာ နယ်ပယ်ကို(Philology)၊ သဒ္ဒဗေဒ (Phonetics)၊ ဘာသာဗေဒ(Linguistics)များဖြင့်

> **မြန်မာပြည်အနှံ့ ဘုရား၊ စေတီ၊ သာသနိက အဆောက်အအုံများတွင် ဩဝါဒပါတိမောက်ကျောက်စာဟု တွေ့မြင်ဖူးမြော်ကြရပါမည်။ ပိဋကသုံးပုံ အနှစ်ချုပ်ဟု ဆရာတော်ကြီးများက လမ်းညွှန်၍ မင်္ဂလာဗျူဟာအသင်းချုပ်၊ ပိဋကဗျူဟာအဖွဲ့တို့က ကျောက်စာတော်များကို မြန်ပြည်အနှံ့လှူဒါန်းကြပါ၏။ ထိုဩဝါဒကျောက်စာ အကျဉ်းချုပ်မှာ “မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင် စိတ်ကိုထား” စာသားဖြစ်ပေသည်။ စိတ်ထားသို့ ကူးလူးဆက်သွယ် အကောင်အထည်ဖော်ရန်သာ အရေးကြီး**

မည်သို့မည်ပုံယူဆ၍ ကောက်ချက်ချပုံကို တပို့တွဲလ ဖွင့်ဆိုချက်နှင့်အတူ ဗဟုသုတအဖြစ် တင်ပြခြင်း ဖြစ်ပါသည်။

တပို့တွဲလ၏ပွဲတော်တစ်ခုမှာ “မီးဖုန်းပွဲတော်” ဖြစ်သည်။ ရှေးမြန်မာဘုရင်များကိုယ်တိုင် ဦးစီး၍ ခမ်းခမ်းနားနား ကျင်းပပြုလုပ်ကြကြောင်းကို အင်ရုံဝန်ကြီး ရေးသားသော လောကဗျူဟာကျမ်း ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး တတိယတွဲတွင် အကျယ်တဝင့် တွေ့နိုင်သည်။

တပို့တွဲ၊ တပေါင်းလများတွင် အလွန်ချမ်းအေးသော ရက်ကာလများရှိပေသည်။ ထိုကို မန်လည် ဆရာတော်ဘုရား၏ မဃဒေဝလင်္ကာသစ်တွင်-

“ပြာသိုတပို့တွဲး၊ စို့ရွှဲးငွေနှင်း၊ သုတ်လေ ညှင်းနှင့်၊ ယင်းနှစ်လကြား၊ ရှစ်ရက်အားဖြင့်၊ တပါး ထိုမျို့၊ တပို့တပေါင်း၊ ရှေးနှောင်းအညီ၊ လေးရက်စီ လည်း၊ ပထဏီမှတ်၊ အန္တရဋ္ဌဟု၊ ပညတ်နာမ၊ ကြားရှစ်ညနှိုက်၊ တောက်ပလင်းဟုန်၊ တက်အရုဏ် ဝယ်၊ ခိုက်တုန်လွန်ကဲး၊ ဧးစမြဲးတည့်” **(မူရင်း သတ်ပုံအတိုင်း)** ဟု ဆိုထားသည်။

**မာဃနက္ခတ်သည် တပို့တွဲလပြည့်နေ့၌ ကုန်ဆုံး**

နက္ခတ်အလိုအားဖြင့် တပို့တွဲလဟုခေါ်သော မာဃနက္ခတ်သည် တပို့တွဲလပြည့်နေ့၌ ကုန်ဆုံး၏။ ဖဂ္ဂုဏီနက္ခတ်ခေါ် တပေါင်းလသည် တပို့တွဲ လပြည့်ကျော် တစ်ရက်နေ့တွင် စတင်ဆန်း၏။ သို့ဖြစ်၍ မာဃနက္ခတ်နှင့် ဖဂ္ဂုဏီနက္ခတ်တို့ အကူးအပြောင်း ဟိုဘက်သည်ဘက် လေးရက်စီပါသော ကြားရှစ်ရက်ကို အန္တရဋ္ဌကဟု ဆိုသည်။ ယနေ့ အသုံးပြုနေသော မြန်မာပြက္ခဒိန်တွင် တပို့တွဲ လဆန်း ၁၂ ရက်နေ့မှသည် တပို့တွဲလပြည့်ကျော် ၄ ရက်နေ့အထိ ရက်ပေါင်းရှစ်ရက်သည်သာ အန္တရဋ္ဌကရက်များဖြစ်သည်ဟု ယူဆကြပေသည်။

ဤအကျယ်ကိုသိလိုမူ မဟာဗုဒ္ဓဝင် ဒုတိယတွဲ (စာ-၅၆၄)၊ ဥတုဘောဇနသင်္ဂဟကျမ်းတို့တွင် အအေးဆုံး အန္တရဋ္ဌကရက်များ စိစစ်ချက်ကို သိနိုင်ပေသည်။

ထိုချမ်းအေးသောကာလ မီးဖုန်းပွဲသည် ပုဂံခေတ်ကပင်လျှင် ရှိခဲ့ကြောင်းကို

“…မီဖုန်၊ သကြံန်၊ စာရိယ်၊ ညောင်ရိယ်သွန်း၊ မပြတ်စိယ်လျင်တည်၏။..” (ပုဂံမြို့ စောလှဝန်း ကျောက်စာ သက္ကရာဇ်-၆၅၃)အရ သိရပါသည်။

“…ပူဇော်ရှင်ပြုံး၊ ပွဲမဆုံးလျှင်၊ မီးပုံးသဘင်၊ သူကြီးယင်သည်…” (ဆည်သည်ရွာစား ဦးအောင်ကြီး၊ ညောင်းရမ်းခေတ်နောက်ပိုင်း)

“…သုံးလူ့ချာကို၊ ရှိန်ဝါရောင်ညီး၊ မီးပုံးပူဇော်၊ လှူတော်မူမြဲ၊ ရာသီပွဲဟု…” (ဦးယာ၏တပို့တွဲ ဘွဲ့လူးတား) စသည်တို့၌ မီးဖုန်းပွဲအကြောင်းအရာများကို –

တပို့တွဲလဘွဲ့စာပေများတွင် တွေ့ရပါသည်။

လောကဗျူဟာ အင်ရုံစာတမ်း ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး တတိယတွဲတို့တွင် အကျယ် တဝင့် တွေ့နိုင်ပေသည်။ ယနေ့တိုင်လည်း အညာ ဒေသ၊ ရှမ်းပြည်ဒေသတစ်ဝိုက်တို့တွင် ပြုလုပ်နေကြဆဲဖြစ်သည်။ စာရေးသူသည် ရှမ်းပြည်နယ် လားရှိုး မြို့ မန်ဆူရှမ်းကျောင်းတွင် ၂၀၁၅ ခုနှစ် တပို့တွဲလ တွင် ကြုံခဲ့ဖူးသည်။ တပို့တွဲလ၏ တခြားပွဲတော် တစ်ခုမှာ ယာဂုပွဲဖြစ်သည်။

“…ခါရတုသိသီကို၊ ကြယ်မာဃီချိန်ဝှဲ၊ မြတ်လှူဒါယာဂုပွဲနှင့်၊ ပေါက်လဲပွင့်ထိန်လျှံ၊ ဖူးရက်ရည် ကြွေဝတ်ကို၊ ခြွေဆွတ်ကြင်ှက် ညီလာခံ…” (တိုင်းတားမြို့သူကြီး ဦးဖက်)

ဤတပို့တွဲလဘွဲ့တွင် ယာဂုပွဲဆင်နွှဲပုံ ရေးထားသည်ကို တွေ့ရပေသည်။ ယာဂုနှင့်ထမနဲ မကွဲမပြားရေးသားကြသည်ကိုလည်း တွေ့ရပါသည်။ ဦးပုည၏ လေ့အလှူခံမေတ္တာစာ၌ –

“… ယာဂုထမနဲ အိုးကြီးကွဲကာမှ စွန့်ကြသည့် ဒါနလည်း နိပ္ဖလမဆိုသာ…”

ယာဂုနှင့်ထမနဲ အဆိုသာကွဲသည်ဟု ဆိုထုံးပြုထားသည်ကို တွေ့ရသည်။ ယာဂုကို ဒဂုန်ဦးထွန်းမြင့် ပါဠိသက်ဝေါဟာရအဘိဓာန်တွင် ဆန်ကို နို့ရေတို့ဖြင့် ကျိုချက်ထားသည့် သောက်ဖွယ်တစ်မျိုးဟု ပထမဖွင့်ဆို၍ ဒုတိယအနေဖြင့် ထမနဲဟု ဖွင့်ဆိုသည်။

ဦးတိုး၏ ရာမရကန်တွင် ယာဂုနှင့်ထမနဲ အခေါ်သာကွဲကြသည် ထမနဲနှင့်ယာဂုဟု ရေးထားလေသည်။ ယာဂုဆန်ပြုတ်မှာ သိသာသည်။ “ထမနဲ” “နှမ်းမနဲ”သည် ပျော့အိပျင်းတွဲသော အစာအာဟာရတစ်မျိုးဖြစ်သည်။ အဘယ်ကြောင့်တွဲ၍ ရှေးပုဂ္ဂိုလ်များဖွဲ့ဆိုကြပါသနည်းဟု စောကြောမိသည်။ တိပိဋကက ပါဠိမြန်မာအဘိဓာန်တွင် ယာဂု အဖွင့်ကို ဆန်ပြုတ်၊ (က) သောက်အပ်သောယာဂု၊ (ခ) စားအပ်သောခပ်ပျစ်ပျစ်ယာဂု၊ (ဂ) နှမ်းဆန်ပဲ သုံးမျိုးရော၍ ပြုလုပ်အပ်သော တေကဋ္ဌုလယာဂု ရေအနည်းငယ်နှင့် ဆန်ထည့်၍ ချက်အပ်သော အန္နထမင်း ထမင်းပျော့၊

- ဆန်တစ်ဆ ရေလေးဆဖြင့် ကျိုချက်အပ်မူ ဝိလေပိ= ထမင်းပျော့။
- ဆန်တစ်ဆ ရေတစ်ဆယ့်လေးဆဖြင့် ကျိုချက်အပ်မူ မဏ္ဍာ= ယာဂုကြည်။
- ဆန်တစ်ဆ ရေတစ်ဆယ့်ရှစ်ဆဖြင့် ကျိုချက်အပ်မူ ယူသ= ဆန်ပြုတ်ရေကျဲ

ဟု ဖွင့်ဆိုထားရာ ယနေ့ခေတ် ထမနဲသည် ထမင်းပျော့တွင် အကျုံးဝင်နေလေသည်။ ထို့ကြောင့် ရှေးမြန်မာကြီးများသည် ထမနဲနှင့် ယာဂုကို တစ်တွဲတည်းပင် အနက်ဖွဲ့ဆိုခဲ့ကြခြင်းဖြစ်သည်ကို လေ့လာတွေ့ရှိရလေသည်။

အင်္ဂလိပ်-မြန်မာ အဘိဓာန်တွင်မူ ထမနဲက သပ်သပ်၊ ယာဂုကသပ်သပ် ဖွင့်ဆိုထားသည်ကို တွေ့ရပါသည်။ ထိုယာဂုပွဲကို လောကဗျူစာကျမ်း၌-

“တပို့တွဲလတွင် ကျီဝန်က ယာဂုအိုး ၁၀၀၀ နှင့် ထင်းစင် ၁၀၀၀ မီးမယ်ပျူး ၁၀၀၀ ကို သွေးသောက်စုမြင်းတော်သည် ရွှေပန်းပန်တို့ ကြပ်မတ်၍ လှူမြဲကျောင်းဘုရားမှာ တင်လှူသည်” ဟူသော ရေးသားချက်ကို တွေ့ရသည်။

ဤယာဂုအိုးဆိုရာ၌ ယနေ့ ဆန်ပြုတ်သဘောမျိုး အိုး ၁၀၀၀ တော့ မဖြစ်တန်ရာကို သတိမူရာ၏။ စဉ်းစားနိုင်ရာ၏။ ထမနဲယာဂုသာလျှင် ဖြစ်ပေမည်။ အဘိဓာန်ဖွင့်ဆိုချက်အတိုင်း သောက်အပ်သော ယာဂု(ဆန်ပြုတ်ရည်ကျဲ)၊ စားအပ်သောယာဂု (ထမနဲ) ဟု ဖွင့်ဆိုချက်ကို သတိမူရာ၏။

**ဩဝါဒပါတိမောက် အခါတော်နေ့**

တပို့တွဲလ၏ အခြားထူးခြားသောအရာမှာ “ဩဝါဒပါတိမောက်” အခါတော်နေ့ ဖြစ်ပါသည်။ ဗုဒ္ဓဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီး ခုနစ်လ အကြာတွင် “ဩဝါဒပါတိမောက်” ကို ဟောတော်မူ၏။ ထိုနေ့သည် တပို့တွဲလပြည့်နေ့ဖြစ်သည်။ ဗုဒ္ဓသည် ဝါတော် ၂၀ အထိ မည်သည်ကို မလုပ်ရ၊ မပြောရ၊ မနေထိုင်ရ စသည့် စည်းကမ်း (ယနေ့ ရဟန်းတော်များစောင့်ထိန်းရသည့် ဝိနည်းတော်များ) ကို ပညတ်မှုမပြုသေးပေ။ ထိုစည်းကမ်း ဝိနည်းကို အာဏာပါတိမောက်ဟု ခေါ်၏။

ဗုဒ္ဓဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃ ခု ကဆုန်လပြည့်နေ့တွင် ဘုရားဖြစ်တော်မူပြီး ထိုနှစ် တပို့တွဲလပြည့်နေ့တွင် ဩဝါဒပါတိမောက်ကို ပေးတော်(ဟောတော်) မူလေသည်။

ထိုကြားကာလ ပဉ္စဝဂ္ဂီငါးဦး၊ ရှင်ယသနှင့် ရောင်းရင်း ခြောက်ကျိပ်၊ ဘဒ္ဒဝဂ္ဂီညီနောင် သုံးကျိပ်၊ ရသေ့ညီနောင်ရှင်တစ်ထောင်၊ ပရိဗိုဇ်ပေါင်း နှစ်ရာ့ငါးဆယ် (ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလန်နှင့် နောက်လိုက် နှစ်ရာ့ငါးဆယ်) စုစုပေါင်း ရဟန်းတော် ၁၂၅၀ တို့အလယ်တွင် “ခန္တီပရမံ တပေါ တိတိက္ခာ…အစရှိသော ဩဝါဒပါတိမောက် သုံးပိုဒ်ကို ဟောကြားလေသည်။

မြန်မာပြည်အနှံ့ ဘုရား၊ စေတီ၊ သာသနိက အဆောက်အအုံများတွင် ဩဝါဒပါတိမောက် ကျောက်စာဟု တွေ့မြင်ဖူးမြော်ကြရပါမည်။ ပိဋကသုံးပုံ အနှစ်ချုပ်ဟု ဆရာတော်ကြီးများက လမ်းညွှန်၍ မင်္ဂလာဗျူဟာအသင်းချုပ်၊ ပိဋကဗျူဟာအဖွဲ့တို့က ကျောက်စာတော်များကို မြန်ပြည်အနှံ့လှူဒါန်းကြပါ၏။ မင်္ဂလာဗျူဟာအသင်းမှ ၁၃၂၂ ခုနှစ် တပို့တွဲလပြည့်နေ့ (၃၀-၁-၁၉၆၁)မှစတင်၍ နှီးဆော်ပူဇော်မှု စတင်ခဲ့ပါ၏။

ယခုအခါတွင် ဘာသာရေးအသင်းအဖွဲ့များ၊ ပုဂ္ဂလိက အလှူရှင်များကလည်း လှူဒါန်းကြပါကုန်၏။ ထိုဩဝါဒ ကျောက်စာအကျဉ်းချုပ်မှာ **“မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင် စိတ်ကိုထား”** စာသားဖြစ်ပေသည်။ စိတ်ထားသို့ ကူးလူးဆက်သွယ် အကောင်အထည်ဖော်ရန်သာ အရေးကြီးပေသည်။ တပို့တွဲလပြည့်နေ့ည ထွန်းပလစန္ဒာနှင့် စိတ်နယ်ဆက်စပ်မှုများရှိနိုင်ကြပါစေ ဟု တပို့တွဲလမြတ်ခါညီပုဏ္ဏမီကို ရေးသားတင်ပြအပ်ပါသည်။ ။

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဇမ္ဗူသီရိမြို့နယ်ရှိ မင်္ဂလာကန်သန့်ရှင်းသာယာလှပရေးလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဒုတိယမြို့တော်ဝန်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနကြီးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုလမ်းဘေးရှိ မင်္ဂလာကန်အတွင်း သာယာလှပရေးလုပ်ငန်း ဆောင်ရွက်နေမှု၊ မင်္ဂလာကန်အမှတ်(၃)အတွင်း သဲနုန်းများပို့ချမှုကြောင့် တိမ်ကောလာသည့်အတွက် Amphibious Excavator နှင့် နုန်းစုပ်စက်များအသုံးပြု၍ နုန်းတူးဖော်ဆယ်ယူခြင်းနှင့် ရေမှော်များ ဆယ်ယူစွန့်ပစ်ခြင်းလုပ်ငန်း ဆောင်ရွက်နေသည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာအုပ်စု ကွင်းအမှတ်(၁၈၁၇)တွင် တောင်သူဦးအောင်ဘို၏ ဆင်းရွှေကြာ-၂ နေကြာမျိုး စိုက်ခင်း ၁၅ ဧကရှိ နေကြာသီးနှံတွင် အစေ့အဆန်ပိုမိုအောင်မြင်ဖြစ်ထွန်းရန် ဖြည့်စွက်ဝတ်မှုန်ကူးမှုသရုပ်ပြခြင်း အခမ်းအနားသို့ တက်ရောက်ပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက စပါးအပါအဝင် သီးနှံမျိုးစုံ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးကြရမည်ဖြစ်ကြောင်း၊ လယ်ယာမြေအားလုံး မြေလပ်မကျန် သုံးသီးစိုက်ပျိုးနိုင်ရေး တောင်သူများနှင့် ဌာနဆိုင်ရာများက ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း မှာကြားကာ တောင်သူများကို GW-11 မျိုးစပါးများနှင့် ဆင်းရွှေကြာ-၂ နေကြာမျိုးစေ့များကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် တောင်သူများက လိုအပ်ချက်များကိုတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ပေးပြီး တောင်သူ ဦးအောင်ဘို၏ ဆင်းရွှေကြာ-၂ နေကြာမျိုး စိုက်ခင်း ၁၅ ဧကရှိ နေကြာသီးနှံတွင် အစေ့အဆန်ပိုမိုအောင်မြင်ဖြစ်ထွန်းရန် ဖြည့်စွက်ဝတ်မှုန်ကူးမှုသရုပ်ပြသခြင်းကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဒက္ခိဏသီရိမြို့နယ် ဒက္ခိဏသီရိရပ်ကွက်ရှိ Winnter Win Coffee စက်ရုံသို့ ရောက်ရှိ၍ စက်ရုံလည်ပတ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဒက္ခိဏသီရိ အသေးစားနှင့် အလတ်စားစက်မှုဇုန်အတွင်းရှိ နှင်းရာဇာသောက်ရေသန့်စက်ရုံသို့ရောက်ရှိပြီး စက်မှုဇုန်အတွင်းရှိ လုပ်ငန်းရှင်များနှင့်တွေ့ဆုံရာ စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသန်းစိုးက စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း၊ လုပ်ငန်းရှင်များက ကုန်ထုတ်လုပ်မှုအခြေအနေများနှင့် ဖြန့်ဖြူးရောင်းချနေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက စိုက်ပျိုးရေးကို အခြေခံပြီး ထွက်ရှိသည့်ကုန်ကြမ်းများအား တိရစ္ဆာန်အစားအစာများ ထုတ်လုပ်နိုင်ရေး၊ သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာများ ထုတ်လုပ်နိုင်ရေးတို့ကို အလေးထားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နှင်းရာဇာသောက်ရေသန့်စက်ရုံဝင်းအတွင်း ဒက္ခိဏသီရိအသေးစား၊ အလတ်စားစက်မှုဇုန်မှထွက်ရှိသည့် အသေးစား ဆန်ကြိတ်စက်၊ လုပ်ငန်းသုံးစက်ပစ္စည်းများ၊ လယ်ယာသုံး စက်ကိရိယာများ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဒက္ခိဏသီရိ အသေးစား၊ အလတ်စားစက်မှုဇုန်အတွင်းရှိ P.P.E.G Construction Co.,Ltd. မှ လယ်ယာသုံးစက်ကိရိယာများ ထုတ်လုပ်တပ်ဆင်နေမှု အခြေအနေများကိုလည်းကောင်း၊ Khaing Naypyitaw Recycle Co.,Ltd. မှ လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဒက္ခိဏသီရိ အသေးစား၊ အလတ်စားစက်မှုဇုန်အတွင်းရှိ မိုးဝေလမ်းနှင့် မိုးသောက်ပန်းလမ်းထောင့်တွင် ကျောက်စီရေမြောင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး လေးမျက်နှာမြို့နယ် ယင်းဆယ်ကျေးရွာ အသေးစားဆိုလာဓာတ်အားပေးစနစ်စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လေးမျက်နှာမြို့နယ် ခမောက်စုကျေးရွာနေ တောင်သူဦးသန်းမြင့်၏ ပီလောပီနံစိုက်ခင်းနှင့် ပီလောပီနံကုန်ချောထုတ်လုပ်နေမှုကို သွားရောက်ကြည့်ရှုပြီး လေးမျက်နှာ မြို့နယ်အတွင်း ပီလောပီနံ အမှုန့်ကြိတ်စက် (၇၄) လုံးဖြင့် ထုတ်လုပ်နေမှုအခြေအနေ၊ ထပ်မံ၍ အဆင့်မြင့်အမှုန့်ကြိတ်စက်များ တည်ဆောက်မည့်အခြေအနေ၊ ပီလောပီနံမျိုးကောင်းမျိုးသန့်များ ရယူစိုက်ပျိုးမည့်အခြေအနေနှင့် ဈေးကွက်ရရှိမှုအခြေအနေတို့ကို ဆွေးနွေးကာ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။



ဆက်လက်၍ ဒုတိယဝန်ကြီးသည် လေးမျက်နှာမြို့နယ် ပရဟိတ ကျောင်းတိုက်ဆရာတော်အားသွားရောက်ဖူးမြော်ကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး လေးမျက်နှာမြို့နယ် အောက်စုကျေးရွာနှင့် ယင်းဆယ်ကျေးရွာချင်းဆက်လမ်း အခြေအနေနှင့် တံတားတည်ဆောက်ရန်နေရာများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးက ယင်းဆယ်ကျေးရွာ၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ပေးလျက်ရှိသော အသေးစားဆိုလာဓာတ်အားပေးစနစ်စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

အဆိုပါ အသေးစားဆိုလာဓာတ်အားစနစ် စီမံကိန်းသည် 224.4 kw PV Diesel Hybrid Mini-Grid System ကို အသုံးပြုကာ ကျေးရွာရှိ အိမ်ခြေ ၅၄၄ လုံး၊ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်း၊ ဆေးပေးခန်းနှင့် အသေးစားစက်မှုလုပ်ငန်း ၂၀ တို့ကို အကျိုးပြုမည်ဖြစ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် လေးမျက်နှာမြို့နယ်အတွင်း ခေတ်မီ စံပြကျေးရွာအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကွင်းကြီးကျေးရွာ၌ ကျေးရွာသူ ကျေးရွာသားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံ၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်ပေးနေသည့် ခေတ်မီစံပြကျေးရွာစီမံကိန်းလုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး ကျေးရွာသူ ကျေးရွာသားများ၏ ဒေသဖွံ့ဖြိုးရေးတင်ပြချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကွင်းကြီးစံပြကျေးရွာမှ တောင်သူဦးအောင်သန်း၏ ပဲတီစိမ်းစိုက်ခင်းသို့ သွားရောက်ပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ထုတ်လုပ်ထားသော ပဲရိတ်စက်ဖြင့် သရုပ်ပြရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးသည်။

မတ်ပဲ၊ ပဲတီစိမ်းကို လူလုပ်အားဖြင့် နုတ်ပါက တစ်ဧကလျှင် လူ ၁၀ ယောက်အတွက် အနည်းဆုံး ငွေကျပ် ၈၀၀၀၀ ခန့်ကုန်ကျမည်ဖြစ်ပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ထုတ်လုပ်ထားသော ယခုပဲရိတ်စက်ဖြင့် ရိတ်ပါက တစ်နာရီလျှင် တစ်ဧက ရိတ်သိမ်းနိုင်၍ ကုန်ကျစရိတ်မှာလည်း ဆီဖိုး ၅၀၀၀ ကျပ်ခန့်သာ ကုန်ကျကာ တစ်နေ့လျှင် ခုနစ်ဧကခန့် ရိတ်သိမ်းနိုင်မည် ဖြစ်ကြောင်း၊ စက်တန်ဖိုး ငွေကျပ်သိန်း ၃၀ ဖြင့် သမဝါယမ အသင်းအဖွဲ့များ၊ တောင်သူများ ဝယ်ယူအသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အကျိုးတူလယ်ယာစနစ် ဆောင်ရွက်ကြသည့်တောင်သူများ စာချုပ်ချုပ်ဆိုကာ တောင်သူများထံ သွင်းအားစုပစ္စည်းများပေးအပ်

**ထန်းတပင် ဖေဖော်ဝါရီ ၂၄**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အကျိုးတူလယ်ယာစနစ် ဆောင်ရွက်ကြသည့် တောင်သူများ စာချုပ်ချုပ်ဆိုပွဲနှင့် တောင်သူများထံသို့ သွင်းအားစုပစ္စည်းများပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၃ ရက်တွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦး၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးရဲလင်းနိုင်၊ Wilmar Myanmar Riceland Limited မှဒေါ်ကြည်ကြည်ထွေးနှင့် အကြံပေးဦးသောင်းဝင်း၊ တို့ပြည်တို့မြေကုမ္ပဏီလီမိတက်မှ အကြံပေးဦးသိန်းထိုက်ဦးတို့က အမှာစကားများ ပြောကြားခဲ့ကြပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဝင်းကိုက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အကျိုးတူလယ်ယာစနစ် ဆောင်ရွက်သွားမည့် အခြေအနေများ၊ နွေစပါးအထွက်နှုန်းကောင်းမွန်ရေးနည်းလမ်းများနှင့် ဓာတ်မြေဩဇာ ထည့်သွင်းခြင်းအကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦးနှင့် တာဝန်ရှိသူများက Wilmar Myanmar Riceland Limitedနှင့် စာချုပ်ချုပ်ဆိုကြမည့် နွေစပါးစိုက်ဧက ၁၄၇၄ ဧကစိုက်ပျိုးကြသည့် တောင်သူ ၁၈၅ ဦးနှင့်တို့ပြည်တို့မြေကုမ္ပဏီလီမိတက်တို့နှင့် စာချုပ်ချုပ်ဆိုကြမည့် နွေစပါးစိုက်ဧက ၁၀၁၄ ဧကစိုက်ပျိုးကြသည့် တောင်သူ ၇၀ တို့ စာချုပ်ချုပ်ဆိုခဲ့ကြပြီး တာဝန်ရှိသူများက တောင်သူများထံသို့ သွင်းအားစုပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**



သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

# ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း)အတွင်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်



**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း)အတွင်း လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဧည့်ရိပ်သာ၌ ပြုလုပ်ရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်သိုက်နှင့်အဖွဲ့ဝင်များ၊ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်အတွင်းရှိ မြို့ပေါ် ဈေးသူဈေးသားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်အတွင်းရှိ မြို့ပေါ် ဈေးသူ ဈေးသားများက ဂုဏ်ပြုပေးအပ်သည့် ငွေကျပ်သိန်း ၇၃၀ ကျော်တန်ဖိုးရှိ အသင့်စား စားသောက်ဖွယ်ရာများကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပေးအပ်ရာ တိုင်းမှူးက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# (၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် အကြိမ်(၃၀)မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

(၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် အကြိမ်(၃၀)မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ အကဲဖြတ်အမှတ်ပေးအဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် စစ်တီးဝိုင်းအသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ပေးအပ်ချီးမြှင့်**

ဦးစွာ ပြိုင်ပွဲဝင်စစ်တီးဝိုင်းအဖွဲ့များက တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းအား အလေးပြုခြင်း၊ နိုင်ငံတော်အလံ အလေးပြုခြင်းနှင့် သစ္စာအဓိဋ္ဌာန်(၄)ချက် ရွတ်ဆိုခြင်းတို့ကို အစီအစဉ်အတိုင်း ပြုလုပ်သည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းက (၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် အကြိမ်(၃၀)မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲ (ခ)အဆင့် စစ်တီးဝိုင်းခေါင်းဆောင်ကျွမ်းကျင်မှုတွင် တတိယဆုရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအမှတ်(၂)စစ်တီးဝိုင်းအသင်းခေါင်းဆောင်၊ ဒုတိယဆုရရှိသည့် နေပြည်တော်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအမှတ်(၁)စစ်တီးဝိုင်းအသင်းခေါင်းဆောင်နှင့် ပထမဆုရရှိသည့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်းအသင်းခေါင်းဆောင်တို့ကို ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ (က)အဆင့်တွင် စစ်တီးဝိုင်းခေါင်းဆောင်ကျွမ်းကျင်မှု အကောင်းဆုံးဆုရရှိသည့် စစ်တက္ကသိုလ် ကိုယ်စားပြုစစ်တီးဝိုင်းအသင်း၊ (ခ)အဆင့် အသင်းလိုက် အထူးဆု - ၂ ရရှိသည့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအမှတ်(၁)စစ်တီးဝိုင်းအသင်း၊ အထူးဆု - ၁ ရရှိသည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအမှတ်(၂)စစ်တီးဝိုင်းအသင်း၊ တတိယဆုရရှိသည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအမှတ်(၁)စစ်တီးဝိုင်းအသင်း၊ ဒုတိယဆုရရှိသည့် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအမှတ်(၁)စစ်တီးဝိုင်းအသင်း၊ ပထမဆုရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအမှတ်(၁)စစ်တီးဝိုင်းအသင်းနှင့် (က)အဆင့် အသင်းလိုက် အထူးဆုရရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ကိုယ်စားပြုရဲတီးဝိုင်းအသင်း၊ တတိယဆုရရှိသည့် စစ်တက္ကသိုလ် ကိုယ်စားပြုစစ်တီးဝိုင်းအသင်း၊ ဒုတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုစစ်တီးဝိုင်းအသင်းနှင့် ပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြု စစ်တီးဝိုင်းအသင်းတို့ကို ဆုများအသီးသီးပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ တပ်မတော်နေ့အထိမ်းအမှတ် တပ်မတော်(ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲများကို ၁၉၉၂ ခုနှစ်မှစတင် ကျင်းပခဲ့ပြီး (၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် အကြိမ်(၃၀)မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက်မှစတင်၍ ကျင်းပပြုလုပ်ခဲ့ရာ ပြိုင်ပွဲဝင် စစ်တီးဝိုင်းအသင်းပေါင်း ၂၉ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကျိုက်မရောမြို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေး မြေစိုက်ပိုစတာ စိုက်ထူ

**ကျိုက်မရော ဖေဖော်ဝါရီ ၂၄**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေး မြေစိုက်ပိုစတာ စိုက်ထူခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းက ကျိုက်မရောမြို့အဝင် လူစည်ကားရာနေရာဖြစ်သည့် ဟင်္သာရုပ်တုအဝိုင်း၌ ပြုလုပ်သည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ မြေစိုက်ပိုစတာ စိုက်ထူခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စိုးဦး ဦးဆောင်၍ စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၁)ဗိုလ်မှူးမျိုးကျော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးနော်ခမ်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ ကျိုက်မရောမြို့ လူစည်ကားရာနေရာများဖြစ်သော ဟင်္သာအဝိုင်း ရုပ်တုရှေ့၌ အလျား ၁၅ ပေ၊ အနံ ၁၀ ပေရှိ မြေစိုက်ပိုစတာအား ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် လေ့လာသိရှိနိုင်စေရန် စိုက်ထူခဲ့ကြောင်း သိရသည်။



အဆိုပါပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးမြေစိုက်ပိုစတာများကို လူစည်ကားရာနေရာများဖြစ်သည့် အထရံ ရပ်ကွက်ဈေးလမ်းဆုံ၊ ဘိန်းဗျောကျေးရွာလမ်းဆုံနှင့် ပိန်းနဲကုန်းကျေးရွာရှိလူစည်ကားရာ ဈေးများနှင့်လမ်းဆုံ၊ လမ်းဝမျှား၌ တစ်ပြိုင်နက်တည်းစိုက်ထူခဲ့ကြပြီးပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင် ၃၀၀၀ ကို ပြည်သူများ လက်ဝယ်အရောက် အခမဲ့ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **မိချို (ပြန်/ဆက်)**

# ဇေယျာသီရိမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများ အသိပညာပေး ဟောပြော

**ဇေယျာသီရိ ဖေဖော်ဝါရီ ၂၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများ အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက ဇေယျာသီရိမြို့နယ် ကျောက်ဖျာကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ ဇေယျာသီရိမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူး ခိုင်မင်းထွန်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးအောင်၊ ကျောက်ဖျာကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ပြည်သူများ တက်ရောက်ခဲ့ကြသည်။



ဦးစွာ ဇေယျာသီရိမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူး ခိုင်မင်းထွန်းနှင့် ဇေယျာသီရိမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးအောင်တို့က ပြည်သူ့စစ်မှုထမ်းဥပဒေပါပြဋ္ဌာန်းချက်များ၊ ပြည်သူ့စစ်မှုထမ်းဥပဒေ၏ ရည်ရွယ်ချက်များ၊ စစ်မှုထမ်းစနစ်ကိုကျင့်သုံးရခြင်း၏အကြောင်းအရင်းများ၊ အကျိုးခံစားခွင့်များ၊ စစ်မှုထမ်းရမည့်အသက်အရွယ်၊ ပြည်သူ့စစ်မှုထမ်းရန် အချိန်ကာလ၊ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ သတင်းတု၊ သတင်းမှားများနှင့် ကောလာဟလများ မယုံကြည်ကြစေရန် ရှင်းလင်းဟောပြောခဲ့ပြီး တက်ရောက်လာသည့် ပြည်သူများ၏ မေးမြန်းချက်ကို ပြန်လည်ဖြေကြားပေးခဲ့ကာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထုတ်ဝေသည့် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာ သတင်းစကား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ထွန်းလင်း(ဇေယျာမြေ)**

# ဖြောင့်မတ်တည်ကြည်မှု၊ ကျင့်ဝတ်နှင့် ကိုယ်ကျင့်တရားစံနှုန်းများ

မောင်မောင်ညာဏ်နိုင်

**အဂတိလိုက်စားမှုသည် ကိုယ်ကျင့်တရားပျက်ယွင်းခြင်း သို့မဟုတ် ကိုယ်ကျင့်တရားဆိုင်ရာ ပြဿနာတစ်ရပ်ဖြစ်ပါသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရာတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေအရ ထိရောက်စွာစုံစမ်းစစ်ဆေးအရေးယူဆောင်ရွက်သည့်နည်းတူ ကိုယ်ကျင့်တရားကောင်းမွန်ရေး၊ ကိုယ်ကျင့်တရားဆိုင်ရာစံနှုန်းများ မြင့်မားရေးအတွက်လည်း အလေးထားဆောင်ရွက်ရန် လိုအပ်ပါသည်။ ဖြောင့်မတ်တည်ကြည်မှု၊ ကျင့်ဝတ်နှင့် ကိုယ်ကျင့်တရားဆိုင်ရာ စံနှုန်းများမြင့်မားပါက အဂတိလိုက်စားမှုကြောင့် ဖြစ်ပေါ်လာသည့် နိုင်ငံပိုင်ပစ္စည်းနှင့် ငွေကြေးဆုံးရှုံးမှုများ၊ လူ့စွမ်းအား ပြုန်းတီးဆုံးရှုံးမှုများကို ကြိုတင်တားဆီးကာကွယ်နိုင်မည်ဖြစ်ပါသည်။ ထို့အတွက် ကိုယ်ကျင့်တရားကောင်းမွန်ရေးနှင့် ကိုယ်ကျင့်တရားဆိုင်ရာစံနှုန်းများမြင့်မားရေးတို့သည် အဂတိလိုက်စားမှု တိုက်ဖျက်ရာတွင် အခြေခံကျသောအချက်ဖြစ်ပါသည်။**

**“ဖြောင့်မတ်တည်ကြည်မှုသည် မည်သူမျှကြည့်မနေလျှင်တောင်မှ သို့မဟုတ် မည်သူမျှ မသိလျှင်တောင်မှ မှန်ကန်သည့်အရာကို ပြုလုပ်ခြင်းဖြစ်ပြီး ဖြောင့်မတ်တည်ကြည်မှု ရှိခြင်းသည် မိမိနှင့်ပတ်ဝန်းကျင်အပေါ် စစ်မှန်ခြင်းဖြစ်ပါသည်။ ဗုဒ္ဓမြတ်စွာဘုရား၏ အရဟံဂုဏ်တော်တွင်လည်း မကောင်းမှုမှန်သမျှကို မပြုခြင်း၊ ဆိတ်ကွယ်ရာအရပ်၌ပင် မကောင်းမှုကို မပြုခြင်းဟု လမ်းညွှန်ထားပါသည်။ ဖြောင့်မတ်တည်ကြည်မှုရှိမည်ဆိုလျှင် ကောင်းမွန်သော ကိုယ်ကျင့်သိက္ခာကိုရရှိမည်၊ ကိုယ်ကျင့်သိက္ခာသည် အပြောအဆိုနှင့် ပြုမူပုံကို ဦးဆောင်သည်၊ ထိုမှတစ်ဆင့် အလေ့အကျင့်များဖြစ်လာပြီး မိမိတို့၏ဘဝအပေါ် သက်ရောက်မှုရှိလာမည်”**

ကိုယ်ကျင့်တရားကောင်းမွန်ရေးဆိုသည်မှာ ယခုရေတွင်းတူး၊ ယခုရေကြည်သောက်၍မရဘဲ ငယ်စဉ်ကတည်းက လေ့ကျင့်ပျိုးထောင်ရသောအရာတစ်ခုဖြစ်ပါသည်။ ကိုယ်ကျင့်တရားဆိုသည်မှာ လုပ်သင့်သည်ကို လုပ်ခြင်း (စာရိတ္တသီလ)နှင့် မလုပ်သင့်သည်ကို မလုပ်ခြင်း (ဝါရိတ္တသီလ)ပင်ဖြစ်သည်။ ကိုယ်ကျင့်တရားကို အင်္ဂလိပ်ဘာသာစကားဖြင့် Morality ဟု ခေါ်ဆိုပြီး ဂုဏ်ဒြပ်တစ်ခု၊ လူတစ်ယောက်၏ အဆင့်အတန်းကို တိုင်းတာသော ပေတံတစ်ခု၊ အကောင်းဆုံးအဆင်တန်ဆာတစ်ခုအဖြစ် မှတ်ယူကျင့်သုံးကြပါသည်။ “လူသေသော်လည်း နာမည်မသေ” ဆိုသည့်စကားအတိုင်း လူတစ်ယောက်သည် ကိုယ်ကျင့်တရားကောင်းမွန်မည်ဆိုပါက ၎င်းကျင်လည်ရာပတ်ဝန်းကျင်တွင် လူသေသည့်တိုင်အောင် နာမည်ဂုဏ်သတင်းမွှေးပျံ့နေမည် ဖြစ်ပါသည်။ မိမိ၏ဂုဏ်သတင်းသည် မိမိ မိသားစု၏ဂုဏ်သတင်းဖြစ်သည်၊ မိမိသားသမီး၏ဂုဏ်သတင်းဖြစ်သည်။ မြန်မာဆိုရိုးစကားတွင် “စမ်းရေဘယ်လောက်အေးအေး၊ စန္ဒကူးဘယ်လောက်မွှေးမွှေး လောကတွင် အအေးဆုံး၊ အမွှေးဆုံးမှာ ကိုယ်ကျင့်တရားပင် ဖြစ်သည်” ဟုအဆိုရှိသည်ကို ကြည့်ခြင်းအားဖြင့် ကိုယ်ကျင့်တရားကို ခါးဝတ်ပုဆိုးကဲ့သို့ ခိုင်မာမြဲမြံစွာစောင့်ထိန်းရမည်ဖြစ်ပါသည်။

**ကိုယ်ကျင့်တရားဆုံးရှုံးပါက...**

အတွေးအခေါ်ပညာရှင်ကြီး ဆိုကရေးတီးက **“ကျန်းမာရေးဆုံးရှုံးသည့်အခါ တစ်စုံတစ်ရာကိုသာ ဆုံးရှုံးရသည်၊ ကိုယ်ကျင့်တရားဆုံးရှုံးပါက ဘဝတစ်ခုလုံးကို ဆုံးရှုံးရသည်”** ဟုဆိုခဲ့ဖူးသည်ကို မှတ်သားမိပါသည်။ လူတစ်ဦး၏ ဘဝတစ်လျှောက် ခံယူချက်၊ အတွေးအခေါ်၊ အပြောအဆို၊ အပြုအမူအားလုံးကို ကိုယ်ကျင့်တရားကသာ ထိန်းကျောင်းသည်။ ကောင်းမွန်သည့်စံနှုန်းများသည် ကောင်းမွန်သည့် ကိုယ်ကျင့်တရားကို ဖြစ်ပေါ်စေပြီး ညံ့ဖျင်းသည့်စံနှုန်းများက လူတစ်ယောက်၏ဘဝအပေါ် မကောင်းသောသက်ရောက်မှုများကိုသာ ဖြစ်ပေါ်စေသည်။ လူတို့၏လက်ငါးချောင်းပင် မတူညီကြသည့်အလျောက် လူတစ်ဦးနှင့်တစ်ဦး ကိုယ်ကျင့်တရားဆိုင်ရာစံနှုန်းများလည်း ကွဲပြားကြသည်။ ၎င်းကိုယ်ကျင့်တရားဆိုင်ရာစံနှုန်းများသည် လက်ဦးဆရာမည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဘဆိုသလို မိဘဆီမှ အမွေရခြင်းလည်းရှိသည်၊ သူတော်ကောင်းနှင့် သူခိုးဓားပြဆီ ရောက်သွားကြသည့် ကျေးညီနောင်ပုံပြင်ကဲ့သို့ ရောက်ရှိရာ၊ တစ်နည်းအားဖြင့် နေထိုင်ရာအရပ်ဒေသအပေါ်လည်း မူတည်သည်၊ သင်ယူတတ်မြောက်သည့် ပညာရပ်၊ တွေ့ဆုံကြုံကြိုက်ရသည့် လူ့ပတ်ဝန်းကျင်၊ ရှင်သန်ကျင်လည်ရသည့် အသိုက်အဝန်းအစရှိသည်ဖြင့် တွေ့ကြုံဖြတ်သန်းခဲ့ရသည့် ဘဝဖြတ်သန်းမှုအမျိုးမျိုးအရ ကွဲပြားကြသည်။ မည်သို့ပင်ဆိုစေကာမူ ကောင်းမွန်သောကိုယ်ကျင့်တရားဆိုင်ရာစံနှုန်းများကို တည်ဆောက်ခြင်းဖြင့် မိမိနှင့် မိမိပတ်ဝန်းကျင်ကို ကောင်းကျိုးပြုရန် အရေးကြီးပါသည်။

လူတိုင်းတွင် ၎င်းတို့တန်ဖိုးထားသောအရာများရှိကြသည်။ ဥပမာ – ဖြောင့်မတ်တည်ကြည်မှု၊ ရိုးသားမှု၊ အချိန်တိကျမှု၊ ပျော်ရွှင်မှု၊ ချမ်းသာကြွယ်ဝမှု၊ လုပ်ပိုင်ခွင့်အာဏာ၊ ရာထူးဂုဏ်ဒြပ် စသည်ဖြင့် လူတို့၏အသက်ရှင်နေထိုင်မှုအလိုက် တန်ဖိုးထားသည့်အရာများ မတူညီကြပေ။ ၎င်းအရာများကို လူမှုတန်ဖိုးများ (Social Values) ဟုခေါ်ဆိုပြီး ၎င်းလူမှုတန်ဖိုးများသည် လူတို့၏ကျင့်ဝတ်ဆိုင်ရာကိစ္စရပ်များဆုံးဖြတ်ရာတွင် အခြေခံကျသည့်အတွက် လူမှုတန်ဖိုးများ၏ အခန်းကဏ္ဍသည် အရေးကြီးသည်ဟု ဆိုရပေမည်။ မိမိတို့ကိုယ်ပိုင်လူမှုတန်ဖိုးကို တချို့က သိသည်၊ တချို့က မသိ။ မိမိက အရာတစ်ခုနှင့် စပ်လျဉ်းပြီး ပျော်ရွှင်သည်၊ ထိုအရာကို ပြုလုပ်လိုက်သည့်အတွက် မိမိကိုယ်ကို ဂုဏ်ယူမိသည် သို့မဟုတ် ပြီးပြည့်စုံသည်ဟု ခံစားရသည့်အရာသည် မိမိ၏လူမှုတန်ဖိုးဖြစ်သည်ဟု လေ့လာမှတ်သားဖူးသည်။

ထိုလူမှုတန်ဖိုးများအနက် ဖြောင့်မတ်တည်ကြည်မှုသည် အရေးကြီးဆုံးနှင့် အမြင့်မားဆုံးလူမှုတန်ဖိုးဖြစ်သည်။ ကိုယ်ကျင့်တရားကောင်းမွန်ရန် ဖြောင့်မတ်တည်ကြည်မှုသည် အခြေခံဖြစ်သည်။ ဖြောင့်မတ်တည်ကြည်မှုဟုဆိုရာတွင် ကိုယ်ကျင့်တရားစံနှုန်းများကို အလေးထားသည့်၊ လိုက်နာသည့် Commitment တစ်မျိုး၊ တစ်နည်းအားဖြင့် မိမိ၏စံနှုန်းများကို မည်သည့်အခြေအနေမျိုးတွင်မဆို လိုက်နာစောင့်ထိန်းမည်ဟု မိမိကိုယ်ကိုကတိပေးထားခြင်းတစ်မျိုးပင် ဖြစ်သည်။ ဖြောင့်မတ်တည်ကြည်သည်ဆိုရာတွင် မိမိ၏စံနှုန်းအရ ဖြစ်ပေါ်လာသည့် အပြုအမူ၊ အပြောအဆိုတို့သည် တစ်ထပ်တည်းကျနေခြင်း သို့မဟုတ် အပြောနှင့်အလုပ်ညီခြင်းဟုမှတ်ယူနိုင်သည်။ ထို့အတွက် ဖြောင့်မတ်တည်ကြည်မှုရှိရန် Courage – သတ္တိလိုအပ်သည်။

**ချိမ်းဘားစ် ၂၁ ရာစုအဘိဓာန်တွင် အနက်အဓိပ္ပာယ်ဖွင့်ဆိုထား**

ဖြောင့်မတ်တည်ကြည်မှု – Integrity ဟူသောစကားမှာလက်တင်ဝေါဟာရဖြစ်သည့် “integritas” မှ ဆင်းသက်လာပြီး “ကိုယ်ကျင့်တရားဆိုင်ရာတန်ဖိုးထားမှုများနှင့် အခြေခံမူ သဘောတရားများကို တိကျစွာ လိုက်နာခြင်း” ဟု ချိမ်းဘားစ် ၂၁ ရာစုအဘိဓာန်တွင် အနက်အဓိပ္ပာယ် ဖွင့်ဆိုထားပါသည်။ ယုံကြည်ချက်၊ ဆုံးဖြတ်ချက်နှင့် ပြုမူဆောင်ရွက်ချက်များအကြား လိုက်လျောညီထွေရှိပြီး စံသတ်မှတ်ချက်နှင့် အခြေခံမူများကို လိုက်နာမှုရှိခြင်း၊ ကိုက်ညီမှုရှိခြင်းဟု ဆိုလိုပါသည်။ ဖြောင့်မတ်တည်ကြည်မှုကို ကျင့်ဝတ်နှင့် ယှဉ်တွဲသုံးတတ်ပြီး ရိုးသားဖြောင့်မတ်ခြင်း၊ ပွင့်လင်းခြင်း၊ တာဝန်ယူမှု/တာဝန်ခံမှုရှိခြင်းနှင့် ယုံကြည်စိတ်ချရခြင်းတို့သည် ဖြောင့်မတ်တည်ကြည်မှုရှိခြင်း၏ လက္ခဏာများဟုဆိုနိုင်ပါသည်။ ထို့ကြောင့် ဖြောင့်မတ်တည်ကြည်မှုရှိသူသည် လူအများ၏ယုံကြည်မှုကို ရရှိနိုင်ပြီး အပြန်အလှန်အားဖြင့် လူအများ၏ယုံကြည်မှုကို ရလိုပါက ဖြောင့်မတ်တည်ကြည်မှုရှိစွာ ကျင့်ကြံနေထိုင်ရမည်ဖြစ်သည်။ ဖြောင့်မတ်တည်ကြည်မှုရှိခြင်းဖြင့် အဂတိလိုက်စားမှုများကို ဟန့်တားနိုင်မည်ဖြစ်ပါသည်။

ဖြောင့်မတ်တည်ကြည်မှုသည် မည်သူမျှကြည့်မနေလျှင်တောင်မှ သို့မဟုတ် မည်သူမျှမသိလျှင်တောင်မှ မှန်ကန်သည့်အရာကို ပြုလုပ်ခြင်းဖြစ်ပြီး ဖြောင့်မတ်တည်ကြည်မှုရှိခြင်းသည် မိမိနှင့်ပတ်ဝန်းကျင် အပေါ် စစ်မှန်ခြင်းဖြစ်ပါသည်။ ဗုဒ္ဓမြတ်စွာဘုရား၏ အရဟံဂုဏ်တော်တွင်လည်း မကောင်းမှုမှန်သမျှကို မပြုခြင်း၊ ဆိတ်ကွယ်ရာအရပ်၌ပင် မကောင်းမှုကို မပြုခြင်းဟုလမ်းညွှန်ထားပါသည်။ ဖြောင့်မတ်တည်ကြည်မှုရှိခြင်းဟု ဆိုလိုက်လျှင် အလွယ်တကူမမြင်တတ်ကြဘဲ မည်သည့်အရာက ဖြောင့်မတ်တည်ကြည်မှုရှိပြီး မည်သည့်အရာက ဖြောင့်မတ် တည်ကြည်မှုမရှိသည်ကို မခွဲခြားနိုင်ဖြစ်လေ့ရှိပါသည်။ မိမိကိုယ်ကိုဖြစ်စေ၊ သူတစ်ပါးအားဖြစ်စေ ပေးထားသောကတိကို တည်ခြင်း၊ ဈေးဆိုင်တွင် ဝယ်ယူသည့်ပစ္စည်းများအနက် ငွေမချေဘဲပါလာသောပစ္စည်းများအား သွားပြန်ပေးခြင်း၊ မိတ်ဆွေသူငယ်ချင်းမှ ယုံကြည်၍ ပြောပြသည့်ကိစ္စရပ်များအပေါ် နှုတ်စောင့်စည်းခြင်း၊ ကောက်ရပစ္စည်းအား ပိုင်ရှင်ထံပြန်ပေးခြင်း၊ စာမေးပွဲဖြေရာတွင် မိမိအရည်အချင်းဖြင့်သာ ဖြေဆိုခြင်း၊ မိမိအမှားအား သူတစ်ပါးအပေါ် မပုံချခြင်း စသည့်နေ့စဉ်ဘဝတွင် ကြုံတွေ့နေရသည့်အရာများသည် ဖြောင့်မတ်တည်ကြည်မှုရှိသည့် အခြေခံအပြုအမူများပင်ဖြစ်သည်။ ဖြောင့်မတ်တည်ကြည်မှုရှိမည်ဆိုလျှင် ကောင်းမွန်သောကိုယ်ကျင့်သိက္ခာကို ရရှိမည်၊ ကိုယ်ကျင့်သိက္ခာသည် အပြောအဆိုနှင့် ပြုမူပုံကို ဦးဆောင်သည်၊ ထိုမှတစ်ဆင့် အလေ့အကျင့်များဖြစ်လာပြီး မိမိတို့၏ ဘဝအပေါ် သက်ရောက်မှုရှိလာမည်ဖြစ်သည်။

ဖြောင့်မတ်တည်ကြည်မှုကို ကိုယ်ကျင့်တရားရှုထောင့်မှ လေ့လာရလျှင် လူတို့သည် မိမိတို့၏ဘဝကို လူ့ကျင့်ဝတ်နှင့်အညီ အသက်ရှင်နေထိုင်သွားရန် သန္နိဋ္ဌာန်ချမှတ်၍နေထိုင်ခြင်းဟု ပညာရှင်များက ဆိုခဲ့ပါသည်။ လူ့ကျင့်ဝတ်ဟုဆိုရာ၌ လူသားတို့သည် မိမိတို့ အသက်ရှင် နေထိုင်စဉ် မည်သို့အသက်ရှင်နေထိုင်မည်၊ မည်သည့်အပြုအမူများကို ဆောင်ရွက်မည်စသည့်လူ့တန်ဖိုးများကို မှန်မှန်ကန်ကန်အသုံးချခြင်းဖြစ်သည်။ ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်သည် ဆက်စပ်နေသည်။ ကျင့်ဝတ်လိုက်နာခြင်းဖြင့် ဖြောင့်မတ်တည်ကြည်မှု ရှိမည်ဖြစ်သလို ဖြောင့်မတ်တည်ကြည်သူသည် ကျင့်ဝတ်နှင့် စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာစောင့်ထိန်းသူဖြစ်သည်။

**အကောင်းအဆိုး၊ အမှားအမှန်ကို**
**လမ်းညွှန်ပေးသောစည်းမျဉ်းစည်းကမ်း**

ကျင့်ဝတ် – Ethic ဆိုသည်မှာ ဂရိဘာသာစကား “ethos” မှ ဆင်းသက်လာခြင်းဖြစ်ပြီး မြန်မာအဘိဓာန်တွင် “လိုက်နာကျင့်ထိန်းအပ်သောဝတ္တရား” ဟု ဖွင့်ဆိုထားကာ အကောင်းအဆိုး၊ အမှားအမှန်ကို လမ်းညွှန်ပေးသောစည်းမျဉ်းစည်းကမ်းဟု ဆိုလိုထားပြီး ချိမ်းဘားစ်အဘိဓာန်တွင် “ကိုယ်ကျင့်တရားဆိုင်ရာပညာရပ်ကို လေ့လာခြင်း”ဟု ဖွင့်ဆိုထားပါသည်။ ပညာရှင်ဘလက်ဘာန်း၏ အဆိုအရ **“လူသားဆိုသည်မှာ ကျင့်ဝတ်ရှိသောသတ္တဝါများဖြစ်သည်”** ဟု ဆိုခဲ့သည်ကို ကြည့်ခြင်းအားဖြင့် မိမိတို့သည် ကျင့်ဝတ်နှင့်အညီ ပြုမူကြရာ၌ အကျိုးအကြောင်းသင့်စွာ၊ ခွဲခြမ်းစိတ်ဖြာကြရန် လိုအပ်ပါသည်။ ထို့ကြောင့်လည်း ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်ဆိုင်ရာ အယူအဆသဘောတရားများမှာ အမှားနှင့်အမှန်ကြားက ခြားနားချက်ကို ဖြေရှင်းခြင်းဟု ဆိုကြခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ကျင့်ဝတ်ဆိုသည်မှာ လူတို့၏အပြုအမူကို ထိန်းညှိလမ်းညွှန်ပေးသော စည်းမျဉ်းများဖြစ်ပြီး ဖြောင့်မတ်တည်ကြည်မှုဆိုသည်မှာ လူတို့၏ နေ့စဉ်ဘဝနှင့် လှုပ်ရှားမှုများပြုလုပ်ရာ၌ ကိုယ်နှင့်မကွာ သယ်ဆောင်သွားရမည့် ကျင့်ဝတ်ဆိုင်ရာစည်းမျဉ်းတစ်ခုပင်ဖြစ်ပါသည်။

မြန်မာမှုနယ်ပယ်တွင် သားသမီးဝတ်၊ တပည့်ဝတ်၊ မိဘဝတ်၊ ဆရာဝတ် အစရှိသည့်ကျင့်ဝတ်များကဲ့သို့ အဖွဲ့အစည်းအသီးသီးမှ ချမှတ်ထားသောကဏ္ဍအလိုက် ကျင့်ဝတ်များလည်းရှိသည်။ ကျင့်ဝတ်သည် ဥပဒေကဲ့သို့ မဖြစ်မနေလိုက်နာရသည်မဟုတ်ဘဲ လူတို့၏ အသိတရားအပေါ် အခြေခံသည့် ဆုံးဖြတ်ချက်အပေါ် မူတည်ပါသည်။ ကျင့်ဝတ်ဟုဆိုရာတွင် ရေးဆွဲပြဋ္ဌာန်းထားသည့် ကျင့်ဝတ်များလည်း ရှိသကဲ့သို့ Hidden Ethics သို့မဟုတ် Understood Ethics – ဆင်ခြင်ဉာဏ်ဖြင့် လိုက်နာစောင့်ထိန်းရသည့် ပြဋ္ဌာန်းမထားသောကျင့်ဝတ်များလည်းရှိသည်ကို သတိပြုသင့်ပါသည်။

ပညာရှင် ဂျိမ်းမက်ဒီစင်က လူသားများက လူသားများကို စီမံအုပ်ချုပ်ရသည့် အစိုးရတစ်ရပ်ကို ဖွဲ့စည်းရတော့မည်ဆိုလျှင် အုပ်ချုပ်ရမည့်သူများကို ထိန်းချုပ်နိုင်စွမ်းရှိအောင် ဦးစွာပြုလုပ်ပေးရမည်ဟု ဆိုခဲ့သည်။ ထို့အတွက် ကျင့်ဝတ်များကို ရေးဆွဲပြဋ္ဌာန်းရန် လိုအပ်လာရခြင်းဖြစ်သည်။ ဥပမာ–နိုင်ငံ့ဝန်ထမ်းများအတွက် နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်၊

**စာမျက်နှာ ၁၁ သို့** ✤

# လူငယ်လုပ်ငန်းရှင်များ၏ စီးပွားရေးဆိုင်ရာ ဆောင်ရွက်ချက်များကို မျက်ဝါးထင်ထင်တွေ့မြင်စေရန် YRYEA EXPO 2024 Bridging Businesses ပြပွဲကျင်းပ




**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ရန်ကုန်တိုင်းဒေသကြီး လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းက ကြီးမှူးပြီး လူငယ်လုပ်ငန်းရှင်များ၏ စီးပွားရေးဆိုင်ရာ ဆောင်ရွက်ချက်များကို မျက်ဝါးထင်ထင်တွေ့မြင်စေရန် ရည်ရွယ်ပြုလုပ်သည့် YRYEA EXPO 2024 Bridging Businesses ပြပွဲကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ အင်းယားလိပ်ဟိုတယ်ဝင်းအတွင်းရှိ Yangon Convention Center ၌ ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

YRYEA EXPO 2024 Bridging Businesses ပြပွဲတွင် စီးပွားရေးလုပ်ငန်းကဏ္ဍမျိုးစုံမှ ပါဝင်ပြသနိုင်ရန် အောက်ပါဇုန်များအလိုက် စီစဉ်ဆောင်ရွက်ထားရှိသည်။

အဆိုပါဇုန်များမှာ Food & Beverage Zone၊ Health & Lifestyle Zone၊ Housing & Construction Zone၊ Innovation & obility Zone၊ MSMEs Zone၊ Service Zone တို့ ခွဲခြားထားပြီး YRYEA အသင်းသူ MSMEs စွန့်ဦးတီထွင်လုပ်ငန်းများနှင့် အဆိုပါလုပ်ငန်းများကို ကူညီအားပေးထောက်ပံ့သည့် လုပ်ငန်းများကို ခင်းကျင်းပြသထားသည်။

ယင်းအပြင် စီးပွားရေးလုပ်ငန်းများအတွက် စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲများကို ထည့်သွင်းထားပြီး ပြပွဲကို ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် ဆိုင်ခန်းပေါင်း ၁၀၀ ကျော်ပါဝင်သည့် အဆိုပါပြပွဲတွင် လုပ်ငန်းရှင်များအတွက် အထောက်အပံ့ဖြစ်မည့် ထူးခြားသော Award တစ်ခုအနေဖြင့် သိန်း ၁၀၀ တန်ဖိုးနှင့် ညီမျှသော Dreaming Sheep Award ကိုလည်း ထည့်သွင်းစီစဉ်ထားသည်။

YRYEA အသင်းအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးမှတစ်ဆင့် မြန်မာနိုင်ငံတွင်ရှိသည့် လူငယ်၊ လူရွယ် စွန့်ဦးတီထွင်လုပ်ငန်းရှင်များ စီးပွားရေးလုပ်ကိုင်သည့်အခါ အရှိန်အဟုန်ဖြင့် ပိုမိုတိုးတက်လာပြီး တစ်ဦးနှင့်တစ်ဦး ချိတ်ဆက်၍ ကဏ္ဍအစုံတွင် ပါဝင်ကြသူ စွန့်ဦးတီထွင်လုပ်ငန်းရှင်များ တစ်ဟုန်ထိုးတိုးပွားဖြစ်လာနိုင်ရန်အတွက် တစ်ထောင့်တစ်နေရာမှ ပူးပေါင်းပါဝင်ပြီး ဆောင်ရွက်ရန် ရည်ရွယ်ပြီး ဖွဲ့စည်းထားသည့် အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# မော်လမြိုင်မြို့၌ Clinical Advocacy on Zoonosis in One Health Approach အသိပေးဆွေးနွေးပွဲ ကျင်းပ



**မော်လမြိုင် ဖေဖော်ဝါရီ ၂၄**

မွန်ပြည်နယ် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ Clinical Advocacy on Zoonosis in One Health Approach အသိပေးဆွေးနွေးပွဲ အခမ်းအနားကို ယမန်နေ့က ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မွန်ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာအောင်မြင့်ဦးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာနီနီမော်က မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လက်ရှိပြည်နယ်အတွင်း ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဒုတိယပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး (ရောဂါနှိမ်နင်းရေး) ဒေါက်တာမျိုးဇာနည်ဦးနှင့် လက်ထောက်ညွှန်ကြားရေးမှူး(တိုးချဲ့ကာကွယ်ဆေး/ကူးစက်) ဒေါက်တာဝင်းပပဌေးတို့က တိရစ္ဆာန်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါများ၊ ခွေးရူးပြန်ရောဂါ၊ ပဋိဇီဝဆေးများ ယဉ်ပါးမှုနှင့် အစာမှတစ်ဆင့် ကူးစက်တတ်သော ရောဂါများ ဖြစ်ပွားမှုမှ ကာကွယ်တားဆီးရန် တစ်ခုတည်းသော ကျန်းမာရေး ပူးပေါင်းဆောင်ရွက်မှု (One Health Approach)အဖြစ် ဆောင်ရွက်ရန်တို့ကို ရှင်းလင်းတင်ပြခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ စုစုပေါင်းအင်အား ၄၀ ခန့် တက်ရောက်ခဲ့ပြီး ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သိရသည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**

# ပခုက္ကူမြို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်စပ်လျဉ်း၍ ကွင်းဆင်းအသိပညာပေး ဆွေးနွေး

**ပခုက္ကူ ဖေဖော်ဝါရီ ၂၄**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်စပ်လျဉ်း၍ ရှင်းလင်းတိကျစွာ နားလည်သိရှိနိုင်စေရန်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်စေရန်တို့အတွက် ယမန်နေ့ နံနက် ၈ နာရီခွဲတွင် ပခုက္ကူမြို့ အမှတ်(၁၅)ရပ်ကွက်ရှိ ရပ်ကွက်ဓမ္မာရုံ၌ အသိပညာပေး ဆွေးနွေးပွဲ ကျင်းပခဲ့သည်။

အသိပညာပေးဆွေးနွေးပွဲတွင် ပခုက္ကူမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးမိုးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင် ဗိုလ်မှူး ထင်လင်းအောင်က ပြည်သူ့စစ်မှုထမ်း ဥပဒေ၏ ရည်ရွယ်ချက်နှင့်အကျိုးခံစားခွင့်များ၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်သူဇာအောင်က ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်၊ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်သည့် လုပ်ထုံးလုပ်နည်းများနှင့် ပြစ်မှုပြစ်ဒဏ်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မျိုးမင်းအောင်က ပြည်သူ့စစ်မှုထမ်းဥပဒေအရ စစ်မှုထမ်းရမည့် အသက်အရွယ်အပိုင်းအခြားနှင့်စစ်မှုထမ်းအချိန်ကာလ သတ်မှတ်ချက်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်မော်က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုထားသည့်အချက်များ အကြောင်းကို အသိပညာပေးရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာသည့်ဒေသခံပြည်သူများ၏မေးမြန်းမှုများအပေါ် ကဏ္ဍအလိုက်ပြန်လည်ရှင်းလင်းဖြေကြားကြပြီး ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေကြကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**



❖ စာမျက်နှာ ၁၀ မှ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အတွက် ကော်မရှင်ကျင့်ဝတ် စသည်ဖြင့် အဖွဲ့အစည်းဆိုင်ရာကျင့်ဝတ်များ ရေးဆွဲပြဋ္ဌာန်းထားခြင်းဖြင့် အများပြည်သူကဏ္ဍ တာဝန်ရှိသူများကို ထိန်းညှိပေးသည်။ လမ်းစည်းကမ်းဆောင်ပုဒ်တစ်ခုဖြစ်သည့် “စည်းကမ်းလိုက်နာ ဘေးကင်းကွာ” ဆိုသလိုပင် ရေးဆွဲပြဋ္ဌာန်းထားသောကျင့်ဝတ်များကို လိုက်နာခြင်းဖြင့် ဘေးအန္တရာယ်များ၊ မလိုလားအပ်သောပြဿနာများကို ရှောင်ကြဉ်နိုင်မည်ဖြစ်ပြီး မှန်ကန်သောဆုံးဖြတ်ချက်များကို ချမှတ်ခြင်းဖြင့် ကောင်းမွန်သောဘဝသို့ လျှောက်လှမ်းနိုင်မည်ဖြစ်ပါသည်။

အဂတိလိုက်စားမှုများကို ရှောင်ကြဉ်ရန်ကျင့်ဝတ်များကို စောင့်ထိန်းရန်အရေးကြီးသည်။ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အလွဲသုံးစားပြုလုပ်ရန် လက်ဆောင်ပဏ္ဏာပေးခြင်း/ လက်ခံခြင်းမှအစ နိုင်ငံတော်ပိုင်ပစ္စည်းနှင့် ငွေကြေးကို အလွဲသုံးစားလုပ်ခြင်းတို့သည် ကျင့်ဝတ်မလိုက်နာခြင်း၊ ဖြောင့်မတ်တည်ကြည်မှု မရှိခြင်းတို့ကြောင့် ဖြစ်ပေါ်လာရသည်။ ဥပမာ - လူတစ်ဦးသည် ၎င်း၏ ရာထူးတိုးကိစ္စအတွက် မိမိအရည်အချင်းနှင့် ကြိုးစားရမည့်အစား အထက်လူကြီးသို့ တံစိုးလက်ဆောင်ပေးကာ မသမာသောနည်းလမ်းဖြင့် အခွင့်အရေးလိုချင်သည်ဆိုပါက လာဘ်ပေးလာဘ်ယူပြုလုပ်ခြင်းဖြင့် အဂတိမှုကျူးလွန်ရာရောက်ပြီး လက်ခံသူသည်လည်း ၎င်းအား ပေးအပ်ထားသည့် အခွင့်အာဏာကို ကိုယ်ကျိုးအတွက် အသုံးချခြင်းကြောင့် အဂတိမှုမြောက်မည်ဖြစ်ပါသည်။ အဂတိလိုက်စားမှုတွင် တံစိုးလက်ဆောင်လက်ခံသူသာမက တံစိုးလက်ဆောင်ပေးသူကိုပါ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူခံရမည်ဖြစ်ပါသည်။ ထို့ကြောင့် လူတို့သည် မိမိတို့နေ့စဉ်ဘဝလှုပ်ရှားမှုများတွင် သေးငယ်သောအရာများမှစတင်ကာ ဖြောင့်မတ်တည်ကြည်မှုရှိစွာ ကျင့်ကြံနေထိုင်ရမည်။ သို့မှသာ အလေ့အကျင့်ဖြစ်လာပြီး အဂတိလိုက်စားမှုများကို ရှောင်ကြဉ်နိုင်မည်ဖြစ်သည်။

**ကျင့်ဝတ်ပညာရေးကို သင်ရိုးညွှန်းတမ်းများတွင် ထည့်သွင်းသင်ကြား**

မြန်မာနိုင်ငံတွင် ပညာရေးဝန်ကြီးဌာန၏ အခြေခံပညာကျောင်းများတွင် စာရိတ္တနှင့် ပြည်သူ့နီတိများကို ကျောင်းသားလူငယ်တို့၏ ကိုယ်ကျင့်တရား မြင့်မားလာစေရေးအတွက် ကျင့်ဝတ်ပညာရေးကို သင်ရိုးညွှန်းတမ်းများတွင် ထည့်သွင်းသင်ကြားလာသည်ကို တွေ့ရှိရပါသည်။ ယနေ့လူငယ်၊ နောင်ဝယ်လူကြီးဆိုသည့်အတိုင်း ကျောင်းသားလူငယ်များသည် နိုင်ငံ၏အနာဂတ်ဖြစ်သည်။ အဂတိလိုက်စားမှုကို လုံးဝလက်သင့်မခံသော လူ့အသိုက်အဝန်းကို ပုံဖော်ရာတွင် လူငယ်ထု၏အင်အားကို လိုအပ်သည်။ ထိုလူငယ်များကို ဗလငါးတန်နှင့်ပြည့်စုံစေရန်၊ ကိုယ်ကျင့်တရားကောင်းမွန်စေရန် ငယ်စဉ်ကတည်းက လေ့ကျင့်ပျိုးထောင်ပေးမည်ဆိုပါက ကျောင်းပညာရေးတွင် ဖြောင့်မတ်တည်ကြည်မှု ရှိမည်ဖြစ်သလို လုပ်ငန်းခွင်ဝင်ရောက်ချိန်တွင်လည်း အဂတိလိုက်စားမှုများကို ရှောင်ရှားနိုင်မည် ဖြစ်သည်။

အဂတိလိုက်စားမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် အဟန့်အတားတစ်ခုဖြစ်သည့်အတွက် ထိုအဟန့်အတားကို ဖယ်ရှားပစ်ရန်မှာ ကျောင်းသားလူငယ်များအပါအဝင် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကလည်း ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးဆိုင်ရာ အစီအစဉ်များ၊ လူငယ်နှင့်ဖြောင့်မတ်တည်ကြည်မှု၊ လူငယ်နှင့် ကျင့်ဝတ်စံနှုန်းများ ခေါင်းစဉ်များဖြင့် လူငယ်စကားဝိုင်းများအား ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်နေသလို ဖြောင့်မတ်တည်ကြည်မှုဆိုင်ရာသဘောတရားများ၊ ကိုယ်ကျင့်တရားဆိုင်ရာစံနှုန်းများ မြင့်မားလာရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပွဲများပြုလုပ်ကာ ဆောင်ရွက်လျက်ရှိပါသည်။ အဂတိလိုက်စားမှုများကို တိုက်ဖျက်ရာတွင် အခြေခံကျသည့်ဖြောင့်မတ်တည်ကြည်မှုရှိရေး၊ ကိုယ်ကျင့်တရားဆိုင်ရာစံနှုန်းများ မြင့်မားလာစေရေးတို့ကို လူတစ်ဦးချင်းမှ ဆောင်ရွက်ရမည်ဖြစ်သည်။ လူတစ်ဦးချင်းမှ လူတစ်ဖွဲ့၊ လူတစ်ဖွဲ့မှသည် နိုင်ငံအဆင့်အထိ ဖြောင့်မတ်တည်ကြည်မှုရှိလာပါက အဂတိလိုက်စားမှုများသည် တဖြည်းဖြည်းလျော့နည်းသွားမည်ဟု ယုံကြည်မိပါတော့သည်။ ။

**ကိုးကား**

၁။ ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ် တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင် (၁)

၂။ ကျင့်ဝတ်နှင့်ကိုယ်ရည်ကိုယ်သွေး ဆောင်းပါး (သိန်းထွန်း - IR)

# မြန်မာပြည်သူလူထုကို စိုးရိမ်ထိတ်လန့်စေရန်လုပ်ဆောင်နေသည့် ပြည်ဖျက်မီဒီယာများအကြောင်းနှင့် ၎င်းတို့၏လတ်တလောလုပ်နည်းလုပ်ဟန်များအကြောင်းအား မိဘပြည်သူများ ပိုမိုသိရှိသတိပြုနိုင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်




အားလုံးမင်္ဂလာပါဗျာ။ ဒီနေ့မှာတော့ ကျွန်တော့်အနေနဲ့ ကျွန်တော်တို့ မြန်မာပြည်သူလူထုကို စိုးရိမ်ထိတ်လန့်အောင်လုပ်နေတဲ့ ပြည်ဖျက်မီဒီယာတွေရဲ့ အကြောင်းနဲ့ လတ်တလောလုပ်နည်းလုပ်ဟန်များအကြောင်းကို ကျွန်တော်တို့ မိဘပြည်သူများ ပိုမိုသိရှိသတိပြုနိုင်ဖို့ တင်ပြလိုပါတယ်။ ပထမဦးစွာဖြစ်ပေါ်နေတဲ့တိုက်ပွဲများအကြောင်း၊ တိုက်ပွဲများအကြောင်းနဲ့ပတ်သက်ပြီးတော့ ရေးသားနေတာတွေရှိပါလိမ့်မယ်။ ပြည်ဖျက်မီဒီယာတွေကလည်း အမျိုးမျိုး ပညာရှင်အမည်ခံသုံးသပ်နေတဲ့သူတွေလည်းတွေ့ရပါလိမ့်မယ်။ ဒီနေရာမှာတပ်မတော်အနေနဲ့ လတ်တလော ဘယ်လောက်ကျသွားပြီတို့၊ ဘယ်လောက်သေသွားပြီတို့ ဒါမျိုးတွေ ဦးစားပေးထုတ်လွှင့်နေတာဖြစ်ပါတယ်။ ဒါ့အပြင်ပြည်သူလူထုကို တစ်ဖက်လှည့်နဲ့ ခြိမ်းခြောက်တဲ့အနေနဲ့ ဘယ်နေရာကိုတော့သိမ်းလိုက်ပြီ၊ ဘယ်နေရာကိုတော့ ဆက်ပြီးလုပ်မယ်ဆိုတဲ့ဟာမျိုးတွေ ဆောင်ရွက်နေတာရှိပါတယ်။ ဒီနေရာမှာ ကျွန်တော်တစ်ခါပြောကြားခဲ့ဖူးပါတယ်။ ဘယ်သူတွေပဲသေသေ ဘယ်သူတွေပဲဒဏ်ရာရရ ပြည်ပမှာနေတဲ့သူတွေ၊ ပြည်ပနိုင်ငံတွေက နိုင်ငံသားတွေ ဒဏ်ရာရတာမဟုတ်ဘူး၊ သေကျေပျက်စီးတာ မဟုတ်ပါဘူး။ ဂုဏ်ယူစရာမရှိပါဘူး။ ကျွန်တော်တို့မြန်မာနိုင်ငံသားတွေပဲ သေကျေပျက်စီးဒဏ်ရာရတာဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော် မေးခွန်းထုတ်လိုတာက ပြည်ဖျက် NUG၊ CRPH အဖွဲ့တွေရဲ့မြှောက်ပင့်ပေးမှုကြောင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ထဲကို ရောက်သွားတဲ့ ကျွန်တော်တို့ရဲ့လူငယ်၊ လူရွယ်တွေ ဘယ်လောက်အထိသေခဲ့ကြပြီလဲ။ ဘယ်လောက်အထိ ဘဝပျက်ခဲ့ကြပြီလဲ။ NUG၊ CRPH အမည်ခံ အကြမ်းဖက်အဖွဲ့တွေရဲ့ မြှောက်ပင့်ပေးမှုကြောင့် လက်နက်ကိုင်ပြီး ဒီမိုကရေစီနည်းလမ်းမကျစွာ သောင်းကြမ်းသူလုပ်နေတဲ့ လူငယ်၊ လူရွယ်တွေ၊ ဝင်သွားတဲ့ လူငယ်၊ လူရွယ်တွေထဲက ဘယ်လူငယ် လူရွယ်တွေနဲ့ မိဘပြည်သူတွေ အဆက်အသွယ်ရရှိပါသလဲ။ သူတို့ဘယ်လောက်အထိ စိတ်ချမ်းသာစွာနေရတယ်၊ ဘယ်လောက်အထိ လုံခြုံစိတ်ချစွာနေရတယ်ဆိုတဲ့ အဖြေမျိုးကို ဘယ်သူက တိတိကျကျများထုတ်ပေးနိုင်ပါသလဲ။ ဒါကိုပထမဦးဆုံး သတိချပ်ရမှာဖြစ်ပါတယ်။ သူတို့အနေနဲ့ အကြောက်ဆုံးကတော့ မြန်မာတွေစုစည်းညီညွတ်သွားမှာ၊ သူတို့ရဲ့အခြေအနေတွေကို အဖြစ်မှန်အတိုင်း ပြည်သူသိသွားမှာကို စိုးရိမ်ဆုံးပါပဲ။ ဒါကြောင့် ကောလာဟလအမျိုးမျိုး ထုတ်လွှင့်ပြီးတော့ လိမ်လည်နေတာဖြစ်ပါတယ်။ လက်တွေ့ ဟုတ်မဟုတ် ဆန်းစစ်ကြည့်လိုက်ပါ။ မြှောက်ပင့်ပေးလို့ တောထဲရောက်သွားတဲ့ လူငယ်တွေနဲ့ မိဘပြည်သူတွေဘယ်လောက်များ အဆက်အသွယ်ရပြီးပါပြီလဲ။ ဘယ်သူတွေက လုံခြုံစိတ်ချ၊ ကျန်းမာကောင်းမွန်စွာနေရပါတယ်လို့ အာမခံချက် ပေးနိုင်တာရှိပါပြီလဲ။

နောက်တစ်ခုကတော့ ဒီပြည်သူ့စစ်မှုထမ်းဥပဒေကို စတင်ပြီးအာဏာတည်ဖို့ ပြဋ္ဌာန်းလိုက်တဲ့အချိန်မှာ ဒီပြည်ဖျက်မီဒီယာတွေ၊ အကြမ်းဖက်အဖွဲ့တွေအနေနဲ့ အားလုံး လူငယ်တိုင်းပဲ၊ အခုလောလောဆယ်ပဲ၊ အခုချက်ချင်းပဲ တပ်ထဲဝင်ရမလို၊ ချက်ချင်းပဲ စစ်ဆင်ရေးတာဝန်ထမ်းဆောင်ရမလို ဒါတွေနဲ့ခြောက်လှန့်ခဲ့တာ ရှိပါတယ်။ ဒါတွေနဲ့ပတ်သက်ပြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့၊ သက်ဆိုင်ရာအဖွဲ့တွေအနေနဲ့ သတင်းထုတ်ပြန်ရေးအဖွဲ့တွေ ဖွဲ့စည်းတယ်။ ပြန်ကြားပေးဖို့အတွက် ဖုန်းနံပါတ်တွေပေးပြီး ပြည်သူလူထုနဲ့ တိုက်ရိုက်ထိတွေ့ ဖြေရှင်းတဲ့အခါမှာ ဒါတွေသည် မဟုတ်ဘူး။ အလှည့်ကျဆောင်ရွက်ရမယ်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ဘာကြောင့်တာဝန်ယူခိုင်းတာဖြစ်တယ်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ဘာကြောင့် ဆောင်ရွက်ခိုင်းတာဖြစ်တယ်ဆိုတဲ့အဖြေမျိုး ပြည်သူလူထုဆီကို ရောက်သွားတဲ့အခါမှာ အခုအချိန်မှာတစ်မျိုးပြောင်းပြီးတော့ ပြည်သူလူထုကို စိုးရိမ်ထိတ်လန့်မှုဖြစ်အောင်လုပ်နေပါတယ်။ ဒီဟာတွေကတော့ လူငယ်တွေ ဘယ်နေရာမှာပျောက်သွားတယ်တို့၊ ဘယ်နေရာမှာဖမ်းဆီးခံရတယ်တို့၊ ဘယ်နေရာမှာအတင်းအဓမ္မစစ်သားစုဆောင်းနေပြီတို့၊ ဘယ်နေရာမှာပေါ်တာဆွဲနေပြီဆိုတဲ့ ကောလာဟလထုတ်လွှင့်ချက်များ ဆက်တိုက်ဖြစ်ပေါ်လာတာကို တွေ့ရပါတယ်။ အခြေအမြစ်မရှိတဲ့ဟာတွေပဲ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှင်းရှင်းလင်းလင်းပြောကြားချင်တာက ဘယ်နေရာမှာ နာမည်ဘယ်သူ၊ ဘယ်အဖွဲ့အစည်းကလုပ်ခဲ့တယ်။ ဘယ်နေရာမှာနာမည်ဘယ်သူနဲ့ လူငယ်တွေ ပျောက်ဆုံးနေတယ်။ ဘယ်နေရာမှာ နာမည်ဘယ်သူနဲ့ လူငယ်အဖွဲ့တွေကို ပေါ်တာဆွဲသွားတယ်ဆိုတာ သိရရင်၊ သတင်းတိကျတယ်ဆိုရင် ကျွန်တော်တို့ပေးထားတဲ့ ဖုန်းနံပါတ်များရှိပါတယ်။ အချိန်မရွေး ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ကလည်း ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝ လုံခြုံရေး၊ မြန်မာနိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေးအင်အားများတောင့်တင်းစေရေးအတွက် ဆောင်ရွက်နေတာပဲဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အချိန်မှာ ဒီခြိမ်းခြောက်မှုတွေ၊ ဒီစိုးရိမ်ထိတ်လန့်အောင် ဆောင်ရွက်မှုတွေ ကောလာဟလထုတ်လွှင့်မှုတွေကတော့ ဒီပြည်ဖျက်မီဒီယာတွေ၊ NUG၊ CRPH အမည်ခံအကြမ်းဖက်အဖွဲ့တွေအနေနဲ့ ဆက်လက်ဆောင်ရွက်နေဦးမှာဖြစ်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ကျွန်တော်ယခင်ကပြောခဲ့သလို သူတို့အကြောက်ဆုံးက မြန်မာတွေ စုစည်းသွားမှာ သိပ်ကြောက်တယ်။ အဖြစ်မှန်ကို ပြည်သူတွေသိသွားမှာ သိပ်ကြောက်တယ်။ ဒါကြောင့်မလို့ ကောလာဟလလှိုင်းလုံး တစ်လုံးပြီးတစ်လုံးနဲ့ ဆောင်ရွက်နေမှာဖြစ်ပါတယ်။ ကောလာဟလအနေနဲ့ပတ်သက်ပြီး ပြည်သူလူထုအနေနဲ့ မေးမြန်းစုံစမ်းနိုင်ပါတယ်။ အချိန်မရွေးတိုင်ကြားနိုင်ပါတယ်။ ကျွန်တော်ထပ်အာမခံတာက အချိန်မရွေးတိုင်ကြားနိုင်တယ်။ ပြောနိုင်တယ်လို့ ကျွန်တော့်အနေနဲ့ ပြောကြားလိုပါတယ်။ ကျွန်တော်တို့မိဘပြည်သူများအနေနဲ့ ဒီသတင်းခေတ်မှာ ကောလာဟလလှိုင်းလုံးတွေ စိုးရိမ်ထိတ်လန့်အောင် လုပ်ကြံဖန်တီးဆောင်ရွက်နေတဲ့ မီဒီယာများရဲ့ဆောင်ရွက်ချက်များ၊ NUG၊ CRPH အမည်ခံ အကြမ်းဖက်အဖွဲ့များ၊ အချို့သော EAOs များရဲ့ ခြောက်လှန့်မှုများအပေါ်မှာ အားလုံးသည် မိမိရဲ့အသိဉာဏ်၊ မိမိရဲ့သတင်းအပေါ်မှာချင့်ချိန်နိုင်တဲ့ဉာဏ်တွေနဲ့ ဆောင်ရွက်ပြီးတော့ အားလုံးစည်းလုံးညီညွတ်ကြပါစို့လို့ပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

> ❖ **NUG၊ CRPH အမည်ခံ အကြမ်းဖက်အဖွဲ့တွေရဲ့ မြှောက်ပင့်ပေးမှုကြောင့် လက်နက်ကိုင်ပြီး ဒီမိုကရေစီနည်းလမ်းမကျစွာ သောင်းကြမ်းသူလုပ်နေတဲ့ လူငယ်၊ လူရွယ်တွေ၊ ဝင်သွားတဲ့ လူငယ်၊ လူရွယ်တွေထဲက ဘယ်လူငယ် လူရွယ်တွေနဲ့ မိဘပြည်သူတွေ အဆက်အသွယ်ရရှိပါသလဲ။ သူတို့ဘယ်လောက်အထိ စိတ်ချမ်းသာစွာနေရတယ်၊ ဘယ်လောက်အထိ လုံခြုံစိတ်ချစွာနေရတယ်ဆိုတဲ့အဖြေမျိုးကို ဘယ်သူက တိတိကျကျများထုတ်ပေးနိုင်ပါသလဲ။ ဒါကိုပထမဦးဆုံး သတိချပ်ရမှာဖြစ်ပါတယ်။ သူတို့အနေနဲ့အကြောက်ဆုံးကတော့ မြန်မာတွေ စုစည်းညီညွတ်သွားမှာ၊ သူတို့ရဲ့အခြေအနေတွေကို အဖြစ်မှန်အတိုင်း ပြည်သူသိသွားမှာကို စိုးရိမ်ဆုံးပါပဲ။ ဒါကြောင့် ကောလာဟလအမျိုးမျိုး ထုတ်လွှင့်ပြီးတော့ လိမ်လည်နေတာဖြစ်ပါတယ်။**

---

**❂ မိုးယွန်းကြီးကန်မှ**

မိုးယွန်းကြီးကန် ရေပိုလွှဲတည်ဆောက်မှုကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာ တတိယပတ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၂ ခုနှစ် မတ်လတွင်ပြီးစီး၍ ဧရိယာစတုရန်းမိုင် ၄၀ ကျယ်ဝန်းကာ ကန်အတွင်းသို့ ချောင်းခုနစ်ချောင်းမှ စီးဝင်သည့်ရေများအား ကန်အတွင်း၌ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၂၀ မှ ၂၆ ပေ အတွင်း ရေသိုလှောင်၍ ရေပိုလွှဲမှ နွေစပါးခင်းများအား ရေပေးဝေလျက်ရှိသည်။ ရေပိုလွှဲပေါက် ၆ x ၇ အကျယ် စတီးလ်ရေတံခါး ၁၁ ပေါက်ထားရှိပြီး ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပဲခူး၊ ဝေါ၊ သနပ်ပင်နှင့် ကဝ မြို့နယ်အတွင်းရှိ နွေစပါးစိုက်ဧက ၅၃၀၀၀ ကျော်ကို အဓိကရေပေးဝေလျက်ရှိကာ ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်အတွင်းမှ နွေစပါးစိုက်ဧက ၁၀၀ ခန့်ကိုလည်း ရေပို့လွှတ်လျက်ရှိသည်။

**အခက်အခဲမရှိ ပေးပို့နိုင်**

၂၀၂၀-၂၀၂၁ ခုနှစ် နွေစပါးရာသီတွင် မိုးယွန်းကြီးကန်အတွင်း RL 25 . 9 ပေအထိ ရေသိုလှောင်နိုင်ခဲ့၍ နွေစပါးစိုက်တောင်သူတို့ လိုအပ်သော စိုက်ပျိုးရေကို အခက်အခဲမရှိ ပေးပို့နိုင်ခဲ့ပြီး ရေပိုလွှဲတည်ဆောက်ပြီးသောအခါ RL 26 ပေအထိ သိုလှောင်နိုင်ခဲ့သောကြောင့် ပဲခူးတိုင်းဒေသကြီးအတွင်း နွေစပါးစိုက်ခင်းများသာမက စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍကိုလည်း အထောက်အပံ့ဖြစ်လျက်ရှိသည်။

"မိုးယွန်းကြီးကန်ကို အင်္ဂလိပ်လက်ထက် ၁၈၇၈ ခုနှစ်က တည်ဆောက်ခဲ့ကြတာပါ။ ပဲခူး-စစ်တောင်းတူးမြောင်းကို ရေဖြည့်ပြီး သစ်ဖောင်တွေသွားလာဖို့အတွက် အဲဒီခေတ်က တည်ဆောက်ခဲ့ကြတာပါ။ ဒီဘက်ခေတ်မှာ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်တာကြောင့် ကန်ကိုနွေစပါးစိုက်ပျိုးရေပေးဝေဖို့အတွက် အဓိကဆောင်ရွက်ခဲ့ကြပါတယ်။ နွေစပါးဟာ စပါးစိုက်တောင်သူတွေ အားထားတဲ့ စိုက်ပျိုးရာသီတစ်ခုလည်းဖြစ်ပါတယ်။ စိုက်ပျိုးရေမပေးဝေမီမှာ သက်ဆိုင်ရာစီမံခန့်ခွဲတဲ့ဌာနတွေ၊ ရေသုံးစွဲသူတွေနဲ့ တွေ့ဆုံပြီး ရေပြည့်ဝစွာရရှိအောင် စီမံခန့်ခွဲဆောင်ရွက်ပြီး ယခုဆိုရင် နွေစပါးအတွက်ရေပေးဝေနေတာ သုံးကြိမ်ရှိပါပြီ။ အောင်ရေပို့လွှတ်ဖို့တစ်ကြိမ်ပဲကျန်ပါတော့တယ်။ နွေစပါးတောင်သူတွေ လိုအပ်တဲ့စိုက်ပျိုးရေကို ပြည့်ဝစွာပို့လွှတ်နိုင်တဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။ ရရှိတဲ့ရေကိုလည်း အလေအလွင့်မရှိဘဲ အကျိုးရှိရှိအသုံးပြုနိုင်ဖို့လည်း တိုက်တွန်းလိုပါတယ်"ဟု ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသီဟအောင်က ပြောသည်။

မိုးယွန်းကြီးကန် ရေပိုလွှဲမှ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ သနပ်ပင်မြို့နယ်တွင် နွေစပါး ၃၀၅၁၈ ဧက၊ ကဝမြို့နယ်တွင် နွေစပါး ၆၇၁၆ ဧက၊ ဝေါမြို့နယ်တွင် ၁၆၀၇၉ ဧကဖြင့် နွေစပါးဧက ၅၃၃၁၃ ဧက အား နွေစပါးရာသီကာလတွင် နှစ်စဉ် လေးကြိမ် ရေပေးဝေလျက်ရှိသည်။ နွေစပါးစိုက်ခင်းများအတွက် မိုးယွန်းကြီးကန်မှ ပထမအကြိမ်အဖြစ် ဒီဇင်ဘာ ၁၈ ရက်တွင်လည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ဇန်နဝါရီ ၁၇ ရက်တွင်လည်းကောင်း၊ တတိယအကြိမ်အဖြစ် ဖေဖော်ဝါရီ ၉ ရက်တွင်လည်းကောင်း ရေပို့ လွှတ်ခဲ့ပြီး နောက်ဆုံးအောင်ရေဖြစ်သော နွေစပါးစိုက်ခင်းများသို့ မတ် ၉ ရက်မှ ၂၄ ရက်အထိ ပို့လွှတ်သွားမည်ဖြစ်ကာ ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်ရှိ နွေစပါးစိုက်ခင်း ဧက ၁၀၀ ခန့်ကိုလည်း ရေပေးဝေလျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**
**ဓာတ်ပုံ - ကနူး**

## ဇန်နဝါရီလအတွင်း ဂျပန်နိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားသားခရီးသွားအရေအတွက် ၂ ဒသမ ၆၈ သန်းအထိ မြင့်တက်လာ

**တိုကျို ဖေဖော်ဝါရီ ၂၄**

ဇန်နဝါရီလအတွင်း ဂျပန်နိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားသားခရီးသွားအရေအတွက် ၂ ဒသမ ၆၈ သန်းအထိ မြင့်တက်လာပြီး ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် လာရောက်ခဲ့သည့် နိုင်ငံခြားသားခရီးသွားခဲ့ဧည့်သည်အရေအတွက်နီးပါး ရှိလာခဲ့ကြောင်း ဂျပန်အမျိုးသားခရီးသွားလုပ်ငန်းအဖွဲ့က အတည်ပြုပြောကြားသည်။

ပြီးခဲ့သည့်နှစ် အလားတူကာလထက် ၈၀ ရာခိုင်နှုန်းနီးပါး တိုးတက်လာကြောင်းနှင့် ဂျပန်နိုင်ငံ၏ ပြည်တွင်းခရီးသွားလုပ်ငန်းသည် ပြန်လည် ဦးမော့လာသည့်လမ်းကြောင်းပေါ်တွင် ရောက်ရှိနေပြီဖြစ်ကြောင်း အဆိုပါခရီးသွားလုပ်ငန်းအဖွဲ့က ဆိုသည်။

တောင်ကိုရီးယားနိုင်ငံမှ လာရောက်လည်ပတ်သည့်ခရီးသည် ၈၅၇၀၀၀ ရှိပြီး တရုတ် (တိုင်ပေ)မှ ခရီးသည် ၄၉၂၃၀၀ နှင့် တရုတ်နိုင်ငံမှ ၄၁၅၉၀၀ ရှိကြောင်း သိရသည်။

ဂျပန် ယန်းငွေတန်ဖိုး လျော့ကျမှုသည် အမေရိကန်နှင့် ဩစတြေးလျနိုင်ငံတို့မှ ခရီးသွားများ ပိုမိုလာရောက်လည်ပတ်ရန် တွန်းအားတစ်ခုဖြစ်စေကြောင်း ဂျပန်အမျိုးသားခရီးသွားလုပ်ငန်းအဖွဲ့က ဆိုသည်။

တရုတ်နိုင်ငံမှ လာရောက်လည်ပတ်သူဦးရေ ပြန်လည်မြင့်တက် ကောင်းမွန်လာသော်လည်း နောက်ဆုံးရရှိသည့် အချက်အလက်များအရ ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်း ခရီးသွားအရေအတွက်ထက် ၄၅ ရာခိုင်နှုန်းနီးပါး လျော့ကျသွားကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ၊**
**ဘာသာပြန် - အောင်ကျော်ကျော်**





## ထိုင်းနိုင်ငံ၏ ပို့ကုန်ပမာဏ ဇန်နဝါရီလအတွင်း မြင့်တက်လာ

**ဗန်ကောက် ဖေဖော်ဝါရီ ၂၄**

အီလက်ထရောနစ်စက်မှုလုပ်ငန်း ပြန်လည်ဦးမော့လာမှုနှင့် စိုက်ပျိုးရေးတင်ပို့မှု မြင့်တက်လာခြင်းကြောင့် ထိုင်းနိုင်ငံ၏ ပို့ကုန်ပမာဏသည် ဇန်နဝါရီလအတွင်း မြင့်တက်လာခဲ့ကြောင်း တရားဝင် အချက်အလက်များအရ သိရသည်။

နိုင်ငံ၏ စီးပွားရေးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားဖြစ်သည့် ပို့ကုန်ကဏ္ဍသည် ယခင်နှစ်အစောပိုင်းတွင် အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၆၄ ဘီလီယံရှိခဲ့ရာ ယခုနှစ် ဇန်နဝါရီလတွင် ၁၀ ရာခိုင်နှုန်းအထိမြင့်တက်ခဲ့ကြောင်းကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

ထိုင်းနိုင်ငံ၏ ပင်မဈေးကွက်များဖြစ်သည့် အမေရိကန်၊ တရုတ်၊ ဂျပန်နှင့် ဥရောပသမဂ္ဂသို့ တင်ပို့ရောင်းချမှုသည် ဇန်နဝါရီလတွင် ၁၀ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

ဆန်တင်ပို့မှုတန်ဖိုး ၄၅ ဒသမ ၉ ရာခိုင်နှုန်း တိုးလာမှုကြောင့် စိုက်ပျိုးရေးထွက်ကုန်များ တင်ပို့မှုမှာ ၁၄ ရာခိုင်နှုန်း တိုးလာသည်။

ကွန်ပျူတာ၊ စက်ကိရိယာနှင့် အစိတ်အပိုင်းများ တင်ပို့မှုသည် ၃၂ ဒသမ ၂ ရာခိုင်နှုန်း တိုးလာခြင်းကြောင့် စက်မှုထုတ်ကုန်များ တင်ပို့မှုမှာ ၁၀ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။

အလားတူ သွင်းကုန်ပမာဏသည် ယမန်နှစ်ထက် ၂ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ဇန်နဝါရီလတွင် ဒေါ်လာ ၂၅ ဒသမ ၄၀ ဘီလီယံအထိ ရှိလာခဲ့ကြောင်း သိရသည်။

ကမ္ဘာ့စီးပွားရေး ပြန်လည်ဦးမော့လာမှု၊ ကမ္ဘာလုံးဆိုင်ရာ ငွေကြေးဖောင်းပွမှု၊ ကမ္ဘာ့စားနပ်ရိက္ခာဖူလုံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ခိုင်မာစေရန်အတွက် ကူးသန်းရောင်းဝယ်ရေး ထိုင်းနိုင်ငံဝန်ကြီးဌာနက ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

## ၂၀၂၃ ခုနှစ်တွင် လတ်ဗီးယားနိုင်ငံ၌ အလုပ်လက်မဲ့နှုန်း ၆ ဒသမ ၅ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့

**ရီဂါ ဖေဖော်ဝါရီ ၂၄**

လတ်ဗီးယားနိုင်ငံ၌ ၂၀၂၃ ခုနှစ်အတွင်း အလုပ်လက်မဲ့နှုန်းသည် လွန်ခဲ့သည့်တစ်နှစ်ကထက် ၆ ဒသမ ၅ ရာခိုင်နှုန်းသို့ ကျဆင်းသွားခဲ့ကြောင်း နိုင်ငံ၏အမျိုးသားစာရင်းအင်းရုံးက ဖေဖော်ဝါရီ ၂၃ ရက်တွင် ထုတ်ပြန်သော စစ်တမ်းများအရ သိရသည်။

လက်ရှိတွင် လတ်ဗီးယားနိုင်ငံ၌ အလုပ်လက်မဲ့ဦးရေ ၆၁၅၀၀ ရှိကြောင်း နိုင်ငံ၏ အမျိုးသားစာရင်းအင်းရုံး၏ ပြောကြားချက်အရ သိရသည်။

၂၀၂၃ ခုနှစ်တွင် နိုင်ငံ၏ အလုပ်အကိုင်ရရှိမှုသည် သုည ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၆၄ ဒသမ ၂ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ကြောင်း သိရသည်။ သို့ရာတွင် အလုပ်လုပ်နိုင်သော အသက်အရွယ် လူဦးရေ လျော့နည်းလာသည်နှင့်အမျှ အလုပ်ရှင်ဦးရေ ၂၀၀၀ ခန့် ကျဆင်းသွားကြောင်း သိရသည်။

လတ်ဗီးယားနိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် ၂၀၂၃ ခုနှစ်တွင် ကျဆင်းခဲ့ကြောင်းနှင့် အလုပ်သမားဈေးကွက်တွင် အလုပ်သမားလိုအပ်ချက် တစ်နှစ်ထက်တစ်နှစ် သုည ဒသမ ၁ ရာခိုင်နှုန်းအထိ တိုးမြင့်လာကြောင်း လတ်ဗီးယားနိုင်ငံ၏ ဘောဂဗေဒပညာရှင် မာတင်အဘိုလင်က ပြောကြားသည်။

လတ်ဗီးယားနိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို ပြန်လည်ခန့်မှန်းပြီးနောက် ယခုနှစ်တွင် အလုပ်လက်မဲ့နှုန်းသည် ၆ ဒသမ ၄ ရာခိုင်နှုန်းဝန်းကျင်ရှိမည်ဟု ခန့်မှန်းကြောင်း မာတင်အဘိုလင်က ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**





## ဂါဇာကမ်းမြောင်၌ လက်ရှိအချိန်အထိ ပါလက်စတိုင်း သေဆုံးသူပေါင်း ၂၉၆၀၆ ဦးရှိလာ

**ဂျေရုဆလင် ဖေဖော်ဝါရီ ၂၄**

အစ္စရေး-ဟားမတ်စ် ပဋိပက္ခဖြစ်ပွားသည့်အချိန်မှစပြီး လက်ရှိအချိန်အထိ ပါလက်စတိုင်းသေဆုံးသူပေါင်း ၂၉၆၀၆ ဦးအထိ ရှိလာပြီး ၆၉၇၃၇ ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း ဟားမတ်စ်အဖွဲ့၏ ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ သတင်းထုတ်ပြန်သည်။

လွန်ခဲ့သည့် ၂၄ နာရီအတွင်း ပါလက်စတိုင်း ၉၂ ဦး သေဆုံးပြီး ၁၃၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် အစ္စရေး-ဟားမတ်စ် ပဋိပက္ခ စတင်သည့်အချိန် အောက်တိုဘာ ၇ ရက်မှစပြီး အစ္စရေးတပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်မှုများကြောင့် ပါလက်စတိုင်းသတင်းထောက်၁၃၂ ဦး သေဆုံးခဲ့ကြောင်း ဟားမတ်စ်အဖွဲ့က ဆိုသည်။

ပါလက်စတိုင်း လခြမ်းနီအသင်းသည် ဒဏ်ရာရရှိသူ ၁၈ ဦးကို ဂါဇာကမ်းမြောင်တောင်ပိုင်းရှိ ခန်ယွန်နစ်မြို့ရှိ နက်စ်ဆာဆေးဘက်ဆိုင်ရာ ဆေးရုံမှ ကယ်ထုတ်ခဲ့ကြောင်း ယနေ့ သတင်းထုတ်ပြန်သည်။

၂၀၂၃ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့တွင် အစ္စရေးတောင်ပိုင်းနယ်စပ်တွင် ဟားမတ်စ်များ၏ ကျူးလွန်မှုကို လက်တုံ့ပြန်သည့်အနေဖြင့် အစ္စရေးသည် ဂါဇာကမ်းမြောင်ဒေသ၌ ဟားမတ်စ်အဖွဲ့ကို ပြင်းပြင်းထန်ထန် ထိုးစစ်ဆင်လျက်ရှိသည်။ **ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၏အနောက်မြောက်ဘက် ၁၉၃ မိုင်ခန့်အကွာ ပင်လယ်ပြင်၌ ငွေကျပ် ၄၅ ဒသမ ၄၃ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁ ဒသမ ၂၉၈ တန် သိမ်းဆည်းရမိ



ပြစ်မှုကျူးလွန်သူများကို သိမ်းဆည်းရမိသည့် အိုက်စ်(မက်သ်အဖက်တမင်း)များနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

တပ်မတော်(ရေ)မှ ဖေဖော်ဝါရီ ၁၇ ရက် ည ၉ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၏ အနောက်မြောက်ဘက် ၁၉၃ မိုင်ခန့်အကွာ ပင်လယ်ပြင်၌ "မင်းထက်သာ-၃" အမည်ရှိ စက်လှေအား သတင်းအရ ရှာဖွေရာ စက်လှေပေါ်မှ ငြိမ်းချမ်းလွင်၊ ကျော်လင်းထွန်း(ခ) ကျော်ကြီး၊ လှမြင့်ထွန်းနှင့် ရဲကျော်သူ(ခ) ကိုရဲတို့ လေးဦးကို ဒေသကာလတန်ဖိုး ငွေကျပ် ၄၅ ဒသမ ၄၃ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁ ဒသမ ၂၉၈ တန်နှင့်အတူ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ အိုက်စ်(မက်သ်အဖက်တမင်း)များကို ရှမ်းပြည်နယ်မှ ရန်ကုန်တိုင်းဒေသကြီးသို့ သယ်ဆောင်ပြီး ရန်ကုန်မြစ်ဝမှတစ်ဆင့် ပင်လယ်ရေကြောင်းအသုံးပြု၍ မလေးရှားနိုင်ငံရေပိုင်နက်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ ဆေးဝါးများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ခုနစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Meiji နို့ခဲ ၂၁၉ ဘူး၊ Skinvape ခြင်မကိုက်ဆေးရည်ဘူး ၁၉၈၀၊ Granite Tile ၂၈၇ စတုရန်းမီတာ၊ တရုတ်နိုင်ငံထုတ် Evaporative Condenser နှစ်လုံးနှင့် Compressor နှစ်လုံး၊ Traveling Cable Rope ၃၃၃ ကီလိုဂရမ်၊ Reversing Chain ဂီယာဘောက်ချိန်း ၂၆ ခု၊ Lycortin – S အကိုက်အခဲပျောက်ထိုးဆေး ပုလင်း ၁၀၀၀၀ အပါအဝင် ကုန်ပစ္စည်း ၂၄ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၂၁၇၁၉၂၆) ကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၂၁ ရက်တွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် Cooling Tower and Pump ခြောက်လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၉၀၀၀၀)ကိုလည်းကောင်း (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၃၆၁၉၂၆) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဖေဖော်ဝါရီ ၂၁ ရက်တွင် မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်- မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် (၃၅၈/၁)နှင့် (၃၆၆/၀)၌ မော်တော်ယာဉ်သုံးစီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် 3 trees ပတ်တီးဆေးပုံး ၈၁ ပုံး၊ ထိုင်းနိုင်ငံထုတ် ဆန်ကြာဆံ ကီလိုဂရမ် ၆၂၀ ၊ ထိုင်းနိုင်ငံထုတ်လေဖောင်းမုန့် ကီလိုဂရမ် ၃၁၀ ၊ Simplus Air Fryer Oven မီးဖို ၂၀ ၊ ကားအပိုပစ္စည်း Exedy Car Cluth Disc ၁၀ ခု၊ Kaniva ခွေးစာ ၂၆၄ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်း ၂၅ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၄၈၃၅၀၀)၊ အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Yutong Bus တစ်စီး၊ Ankai Bus တစ်စီးနှင့် King Long Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၅၀၀၀၀၀၀) (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၂၄၈၃၅၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ထို့ပြင် ဖေဖော်ဝါရီ ၂၃ ရက်တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၇၂၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၁၂၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဖေဖော်ဝါရီ ၂၀ ရက်၊ ၂၁ ရက်နှင့် ၂၃ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၈ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၃၇၀၆၆၂၆ )ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# မြို့နယ်အချို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ



ကျော်စွာဝင်း၊ အေးချမ်းသူနှင့် မျိုးမင်းသိန်းတို့ကို သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၆ နာရီခွဲတွင် ပြည်ကြီးတံခွန်မြို့နယ် စက်မှုရပ်ကွက် ၁၄၁ လမ်း (တပင်ရွှေထီးလမ်း)၊ ၆၄ x ၆၅ လမ်းကြားရှိ ကျော်စွာဝင်း၏နေအိမ်ကိုဝင်ရောက်ရှာဖွေရာ ကျော်စွာဝင်း၊ အေးချမ်းသူနှင့် မျိုးမင်းသိန်းတို့ သုံးဦးကို တွေ့ရှိပြီး နေအိမ်ခြံဝင်းအတွင်း ရပ်ထားသည့် နစ်ဆန်းဒီဇယ် ၁၂ ဘီးယာဉ်ပေါ်မှ ဘိန်းဖြူ ၈ ဒသမ ၂၅ ကီလို သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ပူးပေါင်းအဖွဲ့သည် အောင်မြေသာစံမြို့နယ် သီရိမာလာအရှေ့ရပ်ကွက် ၂၃ လမ်း ၊ ၈၈ x ၈၉ လမ်းကြားရှိ ဟိုတယ်တွင် တည်းခိုနေသည့် ချမ်းညိမ်းဖြိုး၏အခန်းကိုဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ ၁ ဒသမ ၇၅၂ ကီလိုကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၅-၂-၂၀၂၄ တနင်္ဂနွေနေ့

### MRTV HD

- ၀၆:၀၀ မေတ္တသုတ်၊ ရတနသုတ်၊ မောရသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ မွန်အမျိုးသားနေ့ ဝတ်ပြုအစီအစဉ် 'မွန်တိုင်းရင်းသားတို့ရဲ့ချစ်စရာရိုးရာ အိမ်ကလေးများ'
- ၀၉:၁၅ ကာတွန်းအစီအစဉ် 'တိရစ္ဆာန်မြို့တော်၏ဇာတ်လမ်း' (အပိုင်း-၂၁)
- ၁၀:၀၀ သတင်းသမားပြောတဲ့သတင်းစကား
- ၁၀:၁၀ တောင်သူလယ်သမားနေ့ ဝတ်ပြုအစီအစဉ် 'ကျေးလက်ရနံ့' တေးဂီတပျော်ပွဲ (ပွဲစဉ်-၂)
- ၁၂:၃၅ This Week's Special Interest
- ၁၃:၀၀ အသိပညာနှင့်အမှန်တရား
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ ဆေးရောင်စုံရုပ်ရှင် 'ငွေစ်ဘုတ်ရွာ' (လူမင်း၊ ကျော်ရဲအောင်၊ ခိုင်သင်းကြည်)
- ၁၆:၃၅ Sports Diary
- ၁၇:၁၀ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၁၇:၂၅ Economic Review
- ၁၇:၃၅ မွန်အမျိုးသားနေ့ ဝတ်ပြုအစီအစဉ်
- ၁၈:၁၀ ဘယ်သူမှန်လဲ အပြိုင်ကြဲ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဆုတောင်းပြည့်ကြယ်တာရာစတားလာ' (အပိုင်း-၁၇)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ဘဝနှင့်အနုပညာ 'ရုပ်ရှင်သရုပ်ဆောင်ဖုလဲ' (အပိုင်း-၁)
- ၂၁:၂၅ မြန်မာစီဒီယိုဇာတ်လမ်း 'ရှိုင်းနှင့်လေ' (နေတိုး၊ ပွေးပွေး)

### mitv

- 07:01 Evergreen Classic: Kyun Nawt Htar Nay Bagan Pyay (Ye Htike)
- 07:08 Tray Art Products
- 07:19 Yenwe, The Multi-Purpose Dam
- 07:36 Skilled Performance of Traditional Myanmar Colored Glass Ball
- 07:54 Mon National Day (1st Waning Day of Tabodwe)
- 08:01 News
- 08:28 Famous Ywar Ngan Coffee From Shan Highlands
- 08:50 Mon Traditional Dishes
- 09:01 Hand In Hand To Prevent and Fight Drug Abuse
- 09:27 Today Myanmar: Sustainable Development of Myanma Cultural Heritage (SHSA Yangon)
- 09:41 Pauk Thit Basketry Village
- 10:28 Reconservation Thatbyinnyu Temple

### MRTV NRC

- **ရခိုင် (၀၆:၀၀ မှ ၀၈:၀၀)** တို့ရွာအလှနဲ့ရာသီစာ(အပိုင်း-၂)
- **ရှမ်း (၀၈:၀၀ မှ ၁၀:၀၀)** ရှမ်းခေါက်ဆွဲချက်နည်း
- **ဝ (၁၀:၀၀ မှ ၁၂:၀၀)** ချစ်ရမွက်ပီး(အပိုင်း-၁)
- **ကချင် (၁၂:၀၀ မှ ၁၄:၀၀)** ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၅)
- **ကယား (၁၄:၀၀ မှ ၁၆:၀၀)** ကယားဘာသာစကားပြောကြရအောင်(အပိုင်း-၁၂)
- **စကောကရင် (၁၆:၀၀ မှ ၁၇:၀၀)** သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၃)
- **အနောက်ပိုးကရင် (၁၇:၀၀ မှ ၁၈:၀၀)** ရောဝတီရဲ့အရိုင်းဆန်တဲ့အလှငေါ်ရန်ဂျီ(အပိုင်း-၁၂)
- **အရှေ့ပိုးကရင် (၁၈:၀၀ မှ ၁၉:၀၀)** အားမနာနဲ့စားဒါအကုန်ဘဲ
- **ချင်း (လိုင်းဇိုး) (၁၉:၀၀ မှ ၂၀:၀၀)** ဆေးချိုရောဂါအတွက်စားပေးသင့်သောသစ်သီးများ
- **ချင်း (ချိုး) (၂၀:၀၀ မှ ၂၁:၀၀)** လုံပွဲတော်
- **မွန် (၂၁:၀၀ မှ ၂၂:၀၀)** ဓနိဖူး၏အသုံးဝင်ပုံအကျိုးကျေးဇူး

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၁:၄၅ Next Level
- ၁၂:၁၅ စူးစမ်းရှာဖွေ ရေးဟောင်းအမွေ
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၉:၄၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၄၅ News Desk

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို 'အုပ်ထိန်းခွင့်ဆိုင်ရာဥပဒေ'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ အင်ဒိုနီးရှားနိုင်ငံ၏အဂတိတိုက်ဖျက်ရေး
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဗီယိုနိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ 'ပြည်သူ့စစ်မှုထမ်းဥပဒေ'

### MRTV FARMERS' Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ မျိုးကောင်းမျိုးသန့်စိုက်ပျိုး အထွက်တိုးမယ့်ရွှေနေကြာ
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ The Father (2020) (ဇာတ်လမ်း)
- ၁၉:၃၀ Family Farmers- the Future of Asia and the Pacific(APRC)
- ၂၂:၀၀ Back To Eden Gardening
- ၂၃:၄၅ Small Farm Rising Family Farm Chores

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၀ Weekly Sports Info
- ၁၆:၃၀ MNL 2022 Match(Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၄၀ Weekend News

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

# တပ်မတော်က ဗုံးကြဲတိုက်ခိုက်မှုကြောင့် ကရင်ပြည်နယ် ကော့ကရိတ်မြို့နှင့် ရခိုင်ပြည်နယ် ရမ်းဗြဲမြို့တို့တွင် နေအိမ်များမီးလောင်ပျက်စီးပြီး သေဆုံးမှုများရှိဟု မဟုတ်မမှန် သတင်းများကို ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ကရင်ပြည်နယ် ကော့ကရိတ်မြို့တွင် ဖေဖော်ဝါရီ ၂၁ ရက်က မြို့တွင်းရပ်ကွက် နှစ်ခုကို တပ်မတော်က မီးရှို့၍ ဒရုန်းဖြင့် ဗုံးချတိုက်ခိုက်ခဲ့ခြင်းကြောင့် ဒေသခံနေအိမ် ၁၀၀ ခန့် မီးလောင်ပျက်စီးခဲ့သည်ဟု အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာတစ်ခုဖြစ်သည့် RFA က လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန် ရေးသားဖော်ပြလျက်ရှိသည်ကို တွေ့ရှိရသည်။







**သတင်းမှားသာဖြစ်**

အထက်ပါသတင်းနှင့်ပတ်သက်၍ မြေပြင်စုံစမ်းသိရှိရသော သတင်းများနှင့် ဒေသခံပြည်သူအချို့ထံမှ သိရှိရသော သတင်းများအရ ဖေဖော်ဝါရီ ၂၁ ရက်တွင် ကော့ကရိတ်မြို့တွင်းရှိ ရပ်ကွက်များကို တပ်မတော်က မီးရှို့မှုမရှိကြောင်းနှင့် ဒရုန်းဗုံးကြဲသည်ဆိုသည်မှာ သတင်းမှားသာဖြစ်ကြောင်းသိရှိရပြီး ကော့ကရိတ်မြို့အတွင်း KNLA နှင့် PDF အမည်ခံ အကြမ်းဖက် ပူးပေါင်းအဖွဲ့များသည် တပ်မတော်၏ နယ်မြေလုံခြုံရေးတာဝန် ထမ်းဆောင်လျက်ရှိသော တပ်၊ စခန်းများကို အဝေးမှ လက်နက်ကြီးများဖြင့် ရမ်းသန်းပစ်ခတ်ခြင်း၊ နယ်မြေလုံခြုံရေးလှုပ်ရှားစစ်ကြောင်းများကို လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ချောင်းမြောင်းတိုက်ခိုက်ခြင်းတို့ကို လုပ်ဆောင်လျက်ရှိခြင်းတို့ကြောင့် အနီးဝန်းကျင် မြို့၊ ရွာများအတွင်းရှိ ဒေသခံပြည်သူတို့၏ လူနေအိမ်များပေါ်သို့ လက်နက်ကြီး ကျည်များ ကျရောက်ပေါက်ကွဲမှုကြောင့် နေအိမ်များ မီးလောင်ပျက်စီး ဆုံးရှုံးမှုများ ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

အလားတူ ဖေဖော်ဝါရီ ၂၃ ရက်တွင်လည်း ရခိုင်ပြည်နယ် ရမ်းဗြဲမြို့ ကျက်သရေရွာကို တပ်မတော်က ရဟတ်ယာဉ်ဖြင့် ဗုံးကြဲပစ်ခတ်မှုကြောင့် တောင်ကုတ်တက္ကသိုလ်ကျောင်းသား မောင်ဖြိုးစံအောင် ကျည်ထိမှန်သေဆုံးခဲ့သည်ဟု အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာတစ်ခုဖြစ်သည့် Khit Thit Media က လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန်ရေးသား ဖော်ပြထားသည်ကို တွေ့ရှိရပြီး အဆိုပါနယ်မြေတွင် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ ကျက်သရေရွာကို တပ်မတော်က လေယာဉ်ဗုံးကြဲတိုက်ခိုက်မှုမရှိဘဲ အဆိုပါ ကျက်သရေရွာတွင် တပ်မတော်စစ်ကြောင်းများရှိသည်ဟူသော အထင်နှင့် AA အကြမ်းဖက်အဖွဲ့မှ Drop Bomb များကြဲချ တိုက်ခိုက်မှုကြောင့် ကျေးရွာနေပြည်သူများ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိခြင်းများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ဝါဒဖြန့်နေခြင်းသာဖြစ်**

အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများသည် အခြေအမြစ်မရှိသော ကောလာဟလ သတင်းမှားများကို အများပြည်သူ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ဖြင့် ဝါဒဖြန့်နေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေ ပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဖေဖော်ဝါရီ ၂၃ ရက်တွင် အသိပေး ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Win Naing Kyaw" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်ကျေးရွာနေ ဝင်းနိုင်ကျော်အား ည ၉ နာရီတွင် ထောက်ကြန့်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# ပုသိမ်မြို့ ရွှေပြည်သာဈေးနှင့် မြို့မဈေးတို့၌ မီးငြှိမ်းသတ်နည်း ဇာတ်တိုက်သရုပ်ပြလေ့ကျင့်

ပုသိမ် ဖေဖော်ဝါရီ ၂၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ရွှေပြည်သာဈေးနှင့် မြို့မဈေးတို့တွင် ယမန်နေ့နံနက် ၉ နာရီက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးဘေးလုံခြုံရေးဆောင်ရွက်ထားရှိမှုများနှင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် မီးငြှိမ်းသတ်နည်း ဇာတ်တိုက်သရုပ်ပြလေ့ကျင့်ခြင်းတို့ကို တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ဦးအောင်ဆွေဝင်း ဦးဆောင်ကြီးကြပ်မှုဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး အနီးကပ်ကြီးကြပ်မှုဖြင့် တာဝန်ရှိသူများက ပုသိမ်မြို့ ရွှေပြည်သာဈေးနှင့် မြို့မဈေး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံး၊ မီးသတ်ကန်နှင့် မီးသတ်ဆေးဘူးစသည့် ကနဦးမီးငြှိမ်းသတ်ရေးပစ္စည်းများအား ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မီးသတ်ဆေးဘူးကို လက်တွေ့ကိုင်တွယ်အသုံးပြု၍ မီးငြှိမ်းသတ်နည်း အဆင့်ဆင့်ဖြင့် လက်တွေ့သရုပ်ပြ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ပူတာအိုတွင် တောင်ကျချောင်းရေတက်၍ ရေလယ်သောင်ပြင်ရှိ တဲအတွင်းမှ ကလေးငယ် တစ်ဦးပါ လူ ခုနစ်ဦးကို မီးသတ်တပ်ဖွဲ့က သွားရောက်ကယ်တင်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ကချင်ပြည်နယ် ပူတာအိုမြို့နယ်တွင် တောင်ကျချောင်းရေတက်၍ ရေလယ်သောင်ပြင်ရှိ တဲအတွင်းမှ ကလေးငယ် တစ်ဦးပါ လူ ခုနစ်ဦးကို မီးသတ်တပ်ဖွဲ့က သွားရောက်ကယ်တင်ခဲ့ရကြောင်း မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ သိရသည်။



အဆိုပါ ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၃ နာရီခန့်က ပူတာအိုမြို့နယ် မူလာရှီးဒီချောင်းအတွင်း တောင်ပေါ်တွင် မိုးရွာသွန်းမှုကြောင့် တောင်ကျရေလျှံသည့်ဖြစ်စဉ် ဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဖြစ်ပွားရာ ချောင်းအတွင်း ချောင်းကမ်းပါးရေကာတန်း(မြေထိန်းနံရံ) တည်ဆောက်ရေးလုပ်ငန်းရှိ လုပ်သား ခြောက်ဦးနှင့် ကလေးငယ် တစ်ဦး စုစုပေါင်း ခုနစ်ဦးတို့သည် ရေလယ်သောင်ပြင်ရှိ နေထိုင်ရာတဲအတွင်း ကျန်ရှိနေကြောင်း တာဝန်သိပြည်သူတစ်ဦးမှ သတင်းပေးပို့လာ၍ ယင်းနေ့ နံနက်ပိုင်းတွင် ပူတာအိုခရိုင်/မြို့နယ် မီးသတ်စခန်းမှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ကားတွေကော အဲဒီမှာ ရှိနေတာ။ ရေတက်တော့ ကြိုးတွေဘာတွေနဲ့ သွယ်ပြီးတော့ ကျန်နေတဲ့သူတွေ ဘေးကင်းတဲ့နေရာရောက်ဖို့အတွက် ကူညီဆောင်ရွက်ပေးခဲ့တာပါ။ ရေစီးကလည်း တအားသန်နေတော့ သူတို့က အမြင့်တစ်နေရာမှာ ကယ်ဆယ်ရေးကို စောင့်နေကြတာပါ"ဟု ပူတာအိုမြို့ ဒေသခံ တစ်ဦးက ပြောသည်။

MT

Photo – MFSD



မိတ္ထီလာခရိုင်မီးသတ်ဦးစီးဌာနက အခြေခံပညာကျောင်းများ မီးဘေးလုံခြုံရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၃ ရက်မွန်းလွဲပိုင်းတွင် ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းနှင့် တပ်ဖွဲ့ဝင်များက မိတ္ထီလာမြို့ အထက-၂ တွင် ကွင်းဆင်းစစ်ဆေးစဉ်။ ခရိုင်မီးသတ်

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

# စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာအခမ်းအနား ကျင်းပ



**စစ်တွေ ဖေဖော်ဝါရီ ၂၄**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လောကာနန္ဒာစေတီတော် လိုဏ်ဂူတော်အတွင်း၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လောကာနန္ဒာစေတီတော်ဂေါပကအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက လောကာနန္ဒာစေတီတော် လိုဏ်ဂူတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဖူးမြော်ကြည်ညိုကာ ဆွမ်း၊ သစ်သီး၊ ပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူပူဇော်သည်။ ဆက်လက်၍ လောကာနန္ဒာစေတီတော်မြတ်ကြီး ပြည်နယ်သြဝါဒါစရိယ၊ စစ်တွေမြို့ နန္ဒာရာမပရိယတ္တိစာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒသိရီ မဟာထေရ်မြတ် ဦးဆောင်ပြီး ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓါဘိသေကအနေကဇာတင်တော်မူကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း အမှူးပြုသော ဧည့်ပရိသတ်များက နန္ဒာရာမပရိယတ္တိစာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒသိရီ မဟာထေရ်မြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များက မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များက သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒသိရီ မဟာထေရ်မြတ်ထံမှ လှူဒါန်းမှုအစုစုအတွက် အနုမောဒနာတရားနာကြားကာ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက်အခမ်းအနားကိုဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းကြပြီး ဆရာတော်ကြီးများအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**
**ဓာတ်ပုံ– ဝင်းမင်းစိုး**

# မှော်ဘီမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် သန္ဓေပင်ကျေးရွာအုပ်စု ထိန်စွန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ထိန်စွန်းကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

**ကြည့်ရှုအားပေး**

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ ဖျားနာရောဂါ၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းဆိုင်ရာရောဂါနှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ဆောင်ရွက်နေမှုများကို မှော်ဘီတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အိုးဘိုရွှေကျင်ရပ်ကွက် ရွှေကျင်ကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော်များအား ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ဆရာတော်၊ သံဃာတော် ၁၅၂ ပါးတို့ကို လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေပေးခြင်း၊ ဆီးချို၊ သွေးချို စစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅-၂-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပုသိမ် | မကွေး | ထားဝယ် | မုံရွာ | ပူတာအို | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၇၀ | ၂၈၁၅ | ၂၈၁၀ | ၂၇၇၅ | ၂၈၁၅ | ၂၈၄၀ | ၂၈၂၅ | ၂၈၀၀ | ၂၉၀၀ | ၂၉၁၅ | ၂၈၀၅ | ၂၈၁၅ | ၂၈၅၅ | ၂၈၅၅ | ၂၈၅၅ | ၃၀၈၅ | ၃၁၅၀ |
| 95 Ron | ၂၈၈၅ | ၂၉၃၅ | ၂၉၃၅ | ၂၈၉၅ | ၂၉၃၅ | ၂၉၅၅ | ၂၉၄၀ | ၂၉၂၀ | ၃၀၁၅ | ၃၀၃၅ | ၂၉၂၅ | ၂၉၄၀ | ၂၉၇၀ | ၂၉၇၀ | ၂၉၇၅ | ၃၂၀၅ | ၃၂၅၀ |
| HSD (500 ppm) | ၂၅၆၅ | ၂၆၁၀ | ၂၆၀၅ | ၂၅၇၀ | ၂၆၁၀ | ၂၆၃၅ | ၂၆၃၀ | ၂၅၉၅ | ၂၇၁၅ | ၂၇၁၀ | ၂၆၀၅ | ၂၆၁၀ | ၂၆၅၀ | ၂၆၅၀ | ၂၆၅၀ | ၂၈၈၀ | ၃၅၄၀ |
| HSD (50 ppm) | ၂၆၁၀ | ၂၆၆၀ | ၂၆၅၅ | ၂၆၁၅ | ၂၆၅၅ | ၂၆၈၀ | ၂၆၇၅ | ၂၆၄၀ | ၂၇၆၀ | ၂၇၅၅ | ၂၆၅၀ | ၂၆၆၀ | ၂၆၉၅ | ၂၆၉၅ | ၂၆၉၅ | ၂၉၂၅ | ၃၅၉၅ |
| HSD (10 ppm) | ၂၆၂၀ | ၂၆၇၀ | ၂၆၆၅ | ၂၆၃၀ | ၂၆၇၀ | ၂၆၉၀ | ၂၆၈၅ | ၂၆၅၅ | ၂၇၇၅ | ၂၇၇၀ | ၂၆၆၀ | ၂၆၇၀ | ၂၇၀၅ | ၂၇၀၅ | ၂၇၁၀ | ၂၉၄၀ | ၃၅၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၄၁ | ၂၇၂၈ |
| 95 Ron | ၂၇၅၆ | ၂၈၄၄ |
| HSD (500 ppm) | ၂၄၄၄ | ၂၅၂၂ |
| HSD (50 ppm) | ၂၄၈၇ | ၂၅၆၆ |
| HSD (10 ppm) | ၂၄၉၉ | ၂၅၇၉ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ကျိုက်မရောမြို့နယ်၌ ကျေးရွာချင်းဆက် ကတ္တရာလမ်းခင်းခြင်း ရာနှုန်းပြည့်ပြီးစီး

**မော်လမြိုင် ဖေဖော်ဝါရီ ၂၄**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၄၉၆ ဒသမ ၀၀၂ သန်းဖြင့် ဆောင်ရွက်ခဲ့သော မွန်ပြည်နယ် ကျိုက်မရောမြို့နယ် အံကစင်-မွန်စု-လွစင်ကုန်း-ကော့ခလိန် ကျေးရွာချင်းဆက်လမ်း ခုနစ်မိုင် လေးဖာလုံအနက် ငါးမိုင်သုံးဖာလုံ ကတ္တရာခင်းပြီးဖြစ်၍ ကျန်ရှိသော နှစ်မိုင် တစ်ဖာလုံ အပြီးသတ်ကတ္တရာခင်းခြင်းလုပ်ငန်းမှာ ရာနှုန်းပြည့်ပြီးစီးခဲ့ပြီးဖြစ်ရာ ယနေ့နံနက်ပိုင်းတွင် ကျိုက်မရောမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မေစီနှင့်အဖွဲ့က ကွင်းဆင်းစစ်ဆေးခဲ့သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မွန်ပြည်နယ်အတွင်း လမ်းတံတားလုပ်ငန်း၊ သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်း၊ တန်ဖိုးနည်းအိမ်ရာ တည်ဆောက်ရေးလုပ်ငန်း စသည်ဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်း ၂၈ ခုကို ခွင့်ပြုရန်ပုံငွေကျပ် ၂၄၈၃ ဒသမ ၂၆၄ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**



# မန္တလေးမြို့ မဟာမုနိဘုရားကြီး (၆၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် စာရေးတံမဲနှင့် ဆွမ်းတော်ကြီးလောင်းလှူပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

မန္တလေးမြို့ မဟာမုနိဘုရားကြီး၏ (၆၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် စာရေးတံမဲနှင့် ဆွမ်းတော်ကြီးလောင်းလှူပွဲ အခမ်းအနားကို ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိဘုရားကြီးရင်ပြင်တော်၌ ကျင်းပရာ တောင်ထီးလင်းတိုက်၊ သဲကုန်းကျောင်း၊ မဟာမုနိရုပ်ရှင်တော်မြတ်ရေတော်ဆရာတော် ဘဒ္ဒန္တဥက္ကဋ္ဌ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများ၊ မဟာမုနိဂေါပက အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဘုရားဖူးပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ တာဝန်ရှိသူများနှင့် အလှူရှင်များက ရေတော်ဆရာတော် ဘဒ္ဒန္တဥက္ကဋ္ဌ အမှူးပြုသော သံဃာတော် ၁၁၁ ပါးတို့အား ဆွမ်း၊ ဆွမ်းဟင်းသပိတ်၊ လှူဖွယ်ပစ္စည်းများနှင့် စာရေးတံမဲများ ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ သမိုင်းဝင် မဟာရွှေမြင်တင်စေတီတော်မြတ်ကြီး၌ ဗုဒ္ဓပူဇနိယပွဲတော်၊ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲနှင့် သံဃဒါနဆွမ်းလောင်းလှူပွဲများ ကျင်းပခဲ့ကြောင်းနှင့် ယနေ့တပို့တွဲလပြည့်နေ့ဖြစ်သည်နှင့်အညီ ဘုရားဖူးလာပြည်သူများဖြင့်စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**





## တပ်ကုန်းမြို့နယ်၌ (၄၃)ကြိမ်မြောက် မဟာ/စူဠဘွဲ့နှင်းသဘင် မင်္ဂလာအခမ်းအနား ကျင်းပ

**တပ်ကုန်း ဖေဖော်ဝါရီ ၂၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် အတွင်းမှ နိုင်ငံတော်အစိုးရ ဓမ္မာစရိယစာမေးပွဲနှင့် ပါဠိပထမပြန် စာမေးပွဲများတွင် အောင်မြင်တော်မူသော သံဃာတော်၊ သီလရှင် ၁၂၁ ပါးတို့အား ဘွဲ့လက်မှတ်ဆက်ကပ်ခြင်း၊ စာအောင်ဆုငွေများ ဆက်ကပ်ပူဇော်သည့် (၄၃)ကြိမ်မြောက် မဟာ/စူဠဘွဲ့နှင်းသဘင်မင်္ဂလာ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက မြို့နယ်ဗုဒ္ဓသာသနာပြုဗိမာန်တော်ကြီး၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက သာသနာရေးဆိုင်ရာများ ပြောကြားပြီး နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမင်းဦးနှင့်အတူ ဓမ္မာစရိယအောင် သံဃာတော်၊ သီလရှင်များအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပြီး တက်ရောက်လာသည့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဒါယကာ၊ ဒါယိကာမများက မြို့နယ်သြဝါဒါစရိယဆရာတော်များနှင့် စာအောင်သံဃာတော်နှင့် သာမဏေ၊ သီလရှင်များအား အောင်လက်မှတ်၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

## ရွှေတိဂုံစေတီတော်မြတ်ကြီး၌ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ထမနဲလှူဒါန်းပွဲ ရေစက်ချအနုမောဒနာအခမ်းအနား ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် တပို့တွဲလပြည်နေ့ ထမနဲဆွမ်းလှူဒါန်းပွဲ အခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်ရင်ပြင် သတ်မှတ်နေရာများ၌ ကျင်းပသည်။

ဦးစွာ ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ ဧည့်ခံတန်ဆောင်း၌ ဂေါပကအဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် ဝတ်အသင်းအဖွဲ့များက စေတီတော်မြတ်ကြီးအား ထမနဲဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးဆွမ်းများဖြင့် ကပ်လှူပူဇော်ကြပြီး အခမ်းအနားကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။



### အရဏ်ဆွမ်းဆက်ကပ်

ထို့နောက်ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းနှင့် ရောင်တော်ပွင့်တန်ဆောင်းတို့၌ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သြဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား အရဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် သြဝါဒါစရိယဆရာတော်ကြီးများ၊ ပင့်သံဃာတော်များက ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းစုရပ်မှ ရွှေတိဂုံစေတီတော်ရင်ပြင် တစ်ပတ်လှည့်လည် ပူဇော်ခံရာ ဂေါပကအဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ ဝတ်အသင်းအဖွဲ့များနှင့် အလှူရှင်များက ထမနဲဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်။

ဆက်လက်၍ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာထမနဲလှူဒါန်းပွဲ ရေစက်ချအနုမောဒနာ အခမ်းအနားကို ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပရာ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ သြဝါဒါစရိယ နိုင်ငံတော်သံဃာ့ဝန်ဆောင် သာသနဓဇဓမ္မာစရိယ ဆရာတော်ဘဒ္ဒန္တကဥ္စနထံမှ ဧည့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲနှင့် ထမနဲလှူဒါန်းပွဲတော် ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့အလှည့်ကျသဘာပတိ ဦးထိန်ဝင်းက ဇယမင်္ဂလာ အနုမောဒနာစကား ပြောကြားသည်။

ယင်းနောက် သြဝါဒါစရိယဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဘဒ္ဒန္တဂုဏာလင်္ကာရထံမှ အနုမောဒနာတရားနာကြားပြီး ကုသိုလ်ကောင်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယနေ့တပို့တွဲလပြည့်နေ့တွင် ရွှေတိဂုံစေတီတော်မြတ်ကြီး၌ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ စက်သုံးဆီအရောင်းဆိုင်များတွင် မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများအား မိတ္ထီလာခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းနှင့် ဝမ်းတွင်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးစိုးထွန်းတို့က ဖေဖော်ဝါရီ ၂၂ ရက်တွင် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

## သဃ်န်းကျွန်းမြို့နယ် သမိုင်းဝင်ကျိုက္ကစံ စေတီတော်မြတ်ကြီး၏ (၁၂၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ရေစက်ချမဟာမင်္ဂလာအခမ်းအနား ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ သမိုင်းဝင်ကျိုက္ကစံ စေတီတော်မြတ်ကြီး၏ (၁၂၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ရေစက်ချမဟာမင်္ဂလာ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ကျင်းပသည်။

### လောင်းလှူပူဇော်

အခမ်းအနားတွင် ကြွရောက်လာသော သြဝါဒါစရိယ ဆရာတော်ကြီးများအား နဝကမ္မဆက်ကပ်လှူဒါန်းခြင်းနှင့် လှူဒါန်းမှု



အစုစု ငွေကျပ်သိန်း ၃၀၀ တို့အတွက် ရေစက်သွန်းချ အမျှပေးဝေပြီး ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဆက်လက်ကျင်းပရာ စေတီတော်ရင်ပြင် တစ်လျှောက် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ လူမှုရေး၊ ဘာသာရေးအသင်းအဖွဲ့များ၊ အလှူရှင်များက သဃ်န်းကျွန်းမြို့နယ်အတွင်းရှိ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပရိဝေဓ(၃)ရပ်သော သာသနာ့ဝန် ထမ်းဆောင်နေကြသည့် ဘုရားအမှူးရှိသော ပင့်သံဃာ ၁၉၇ ပါး၊ သီလရှင် ၂၂ ပါးတို့အား ဆွမ်းဆန်စိမ်းနှင့် ဒါတဗ္ဗဝတ္ထု အစုစုတို့ဖြင့် လောင်းလှူ ပူဇော်ခဲ့ကြကြောင်း သိရသည်။

**သိန်းအောင်**

❂

# တောင်ကြီးမြို့၌ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ စုပေါင်းထမနဲထိုးပြိုင်ပွဲ ကျင်းပ

**တောင်ကြီး ဖေဖော်ဝါရီ ၂၄**

ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာစုပေါင်းထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲ ၂ နာရီက တောင်ကြီးမြို့ အဝေရာကုန်းသာသာယာမီးပုံးပျံကွင်း၌ ကျင်းပခဲ့သည်။

**ပြောကြား**

ထမနဲထိုးပြိုင်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ထမနဲထိုးပြိုင်ပွဲကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးသန်းဦးလွင်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ စီးပွားရေးရာဝန်ကြီး၊ ရှမ်းစာပေယဉ်ကျေးမှုအဖွဲ့ ဒုတိယဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ထမနဲထိုးပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ကြကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ထမနဲထိုးပြိုင်ပွဲကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲမကျင်းပမီ ဒေသခံတေးဂီတတီးဝိုင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ဆုချီးမြှင့်ပွဲကျင်းပရာ နှစ်သိမ့်ဆုရရှိသောအသင်း ၁၇ သင်းအား ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်တို့ကလည်းကောင်း၊ ဂုဏ်ပြုဆုနှင့် တတိယ၊ ဒုတိယ၊ ပထမရရှိသူများကို ပြည်နယ်ဝန်ကြီးချုပ်ကလည်းကောင်း ဆုတံဆိပ်နှင့် ငွေသားဆုများကို ချီးမြှင့်ပေးပြီး တက်ရောက်လာသည့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများကို ထမနဲများ ဝေငှပေးကြကြောင်း သိရသည်။



အဆိုပါရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာစုပေါင်းထမနဲထိုးပြိုင်ပွဲတွင် တောင်ကြီးမြို့ပေါ်ရပ်ကွက် ၂၂ ရပ်ကွက်၊ အေးသာယာ၊ ရွှေညောင်မြို့နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ ၇၇ သင်း ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ တက်ရောက်ဖွင့်လှစ်ပေးကာ ဆုများချီးမြှင့်

**ပုသိမ် ဖေဖော်ဝါရီ ၂၄**




ဆယ့်နှစ်လရာသီ ပွဲတော်များတွင် တစ်ခုအပါအဝင်ဖြစ်သည့် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက် ညနေပိုင်းက ပုသိမ်မြို့ ကျောက်တိုင်အားကစားကွင်း၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဇနီး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အစိုးရအဖွဲ့ဝင်များနှင့် ဇနီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့နှင့်အတူ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲဝင်များ၏ ထမနဲထိုးယှဉ်ပြိုင်နေမှုများနှင့် အိုးစည်၊ ဗုံမောင်းများ တီးမှုတ် ကခုန်အားပေးနေမှုများကို လှည့်လည်ကြည့်ရှု အားပေးခဲ့သည်။ ဆက်လက်၍ ဆုချီးမြှင့်ပွဲအခမ်းအနားပြုလုပ်ရာ ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသည့် အသင်းများကို တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များကလည်းကောင်း၊ တတိယဆုရရှိသည့် တိုင်းဒေသကြီးသစ်တောဦးစီးဌာန၊ တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ တိုင်းဒေသကြီးသစ်လုပ်ငန်း၊ တိုင်းဒေသကြီး ဆားလုပ်ငန်း ကိုယ်စားပြုအသင်းအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးကလည်းကောင်း၊ ဒုတိယဆုရရှိသည့် အကျဉ်းဦးစီးဌာန အသင်းအား တိုင်းဒေသကြီး တရားသူကြီးချုပ်ကလည်းကောင်း၊ ပထမဆုရရှိသည့် တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ အသင်းအား တိုင်းဒေသကြီး ဝန်ကြီးချုပ်ကလည်းကောင်း ဆုဖလားနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် အသင်းတစ်သင်း၊ ဌာနဆိုင်ရာ ၁၆ သင်း၊ ရပ်ကွက် ၁၅ သင်း စုစုပေါင်း ၃၂ သင်းတို့က ပါဝင် ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရမည်းသင်းခရိုင် လျှပ်စစ်မန်နေဂျာရုံး မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ကျင်းပ

**ရမည်းသင်း ဖေဖော်ဝါရီ ၂၄**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ရမည်းသင်းခရိုင် လျှပ်စစ်မန်နေဂျာဦးစိုးနိုင် ဦးစီး၍ ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၃ နာရီတွင် ပျော်ဘွယ်မြို့နယ် လျှပ်စစ်မန်နေဂျာရုံးဝင်းအတွင်း မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ကျင်းပခဲ့သည်။

**တပျော်တပါးယှဉ်ပြိုင်**

ပြိုင်ပွဲတွင် ရမည်းသင်းခရိုင် လျှပ်စစ်မန်နေဂျာရုံးမှ တစ်ဖွဲ့၊ ရမည်းသင်းမြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ တစ်ဖွဲ့၊ ရန်အောင်မြို့နယ်လျှပ်စစ်မန်နေဂျာရုံး တစ်ဖွဲ့၊ ပျော်ဘွယ်လျှပ်စစ်မန်နေဂျာရုံးမှ နှစ်ဖွဲ့ ပါဝင်ယှဉ်ပြိုင်ကြရာ တစ်ဖွဲ့လျှင် အမျိုးသားငါးဦး၊ အမျိုးသမီးနှစ်ဦးပါဝင်၍ တပျော်တပါးယှဉ်ပြိုင်ကြသည်။ ယင်းနောက် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ ထို့နောက် ခရိုင်လျှပ်စစ်ဌာနရုံးမှ ဝန်ထမ်းများအား ထမနဲတစ်ဘူးစီဝေငှ၍ ကုသိုလ်ပြုကြကြောင်း သိရသည်။

**ဦးတင်ဦး**



# မြဝတီမြို့ ရွှေမြင်းဝန်စေတီပရိဝုဏ်အတွင်း၌ စုပေါင်းထမနဲထိုးပွဲကျင်းပ

**မြဝတီ ဖေဖော်ဝါရီ ၂၄**

ကရင်ပြည်နယ် မြဝတီမြို့ ကျက်သရေဆောင် သမိုင်းဝင် ဆံတော်ရှင် ရွှေမြင်းဝန်စေတီ ပရိဝုဏ်အတွင်း၌ ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၄ နာရီက စုပေါင်းထမနဲထိုးပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။



အဆိုပါ စုပေါင်းထမနဲထိုးပွဲတွင် မြဝတီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက မြို့နယ်ကုန်တင်ကုန်ချ ကော်မတီရုံးမှ မြို့နယ်ဦးစီးဌာနမှူး ဦးနိုင်စိုး ကြီးကြပ်မှုဖြင့် ဝန်ထမ်းများအဖွဲ့နှင့် ရပ်ကွက်ငါးခုတို့မှ တစ်ဖွဲ့ချင်းအလိုက် ထမနဲထိုးပွဲကို သိုက်မြိုက်စွာ ဆင်နွှဲနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ထမနဲများကို ဖေဖော်ဝါရီ၂၄ ရက် တပို့တွဲလပြည့်နေ့ နံနက် ၄ နာရီတွင် ဘုရားရှင်အား ရည်မှန်းကုသိုလ်ပြုကာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **ဇာဖြူဝင်း(ပြန်/ဆက်)**

# တံတားဦးမြို့မဈေးအတွင်း လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြဆောင်ရွက်

**တံတားဦး ဖေဖော်ဝါရီ ၂၄**

တံတားဦးမြို့နယ်၌ ပြည်သူများ မီးဘေးအန္တရာယ်ကင်းဝေးစေရေး၊ မီးဘေးအန္တရာယ်နှင့် ကြုံတွေ့လျှင် အလွယ်တကူငြိမ်းသတ်နိုင်ရေးတို့အတွက် လက်တွေ့သရုပ်ပြသခြင်းကို ယမန်နေ့ နံနက် ၁၁ နာရီက မြို့မဈေးအတွင်း၌ ကျင်းပခဲ့သည်။



လက်တွေ့ သရုပ်ပြပွဲမဆောင်ရွက်မီ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်သူအောင်နှင့် တာဝန်ရှိသူများသည် ဈေးအတွင်းရှိ ဈေးဆိုင်များအား လိုက်လံကြည့်ရှုစစ်ဆေးသည်။ ထို့နောက် လက်တွေ့သရုပ်ပြပွဲတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်သူအောင်က မီးလောင်မှုဖြစ်သည့် အခြေအရင်းအမြစ်ကို မီးသတ်ဆေးဘူး ခေါင်းဖြင့် ချိန်ရွယ်ပြီး ငြိမ်းသတ်နိုင်ကြောင်း၊ နေအိမ်တိုင်းတွင် မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးများထားရှိရေး၊ ရေအိုး၊ ရေကန်များတွင် ရေဖြည့်တင်းထားရှိရေး၊ မီးဖိုများကို ကာရံအသုံးပြုရေး၊ မီးကြွင်း၊မီးကျန်များ မရှိစေရေးအတွက် အထူးဂရုပြုအလေးထား ဆောင်ရွက်ရန်လိုကြောင်း ပြောကြားပြီး မီးသတ်ဆေးဘူးဖြင့်လည်းကောင်း၊ ရေစိုအဝတ်ဖြင့်လည်းကောင်း၊ မီးသတ်ကားဖြင့် ရေပက်သရုပ်ပြသခြင်းတို့ကို လက်တွေ့သရုပ်ပြ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ရဲတင့်( ပြန်/ဆက်)**

# ဖွဲနုဆီထုတ်လုပ်မှုမှသည် ပြည်တွင်းစားသုံးဆီဖူလုံရေးကို အထောက်အကူပြုစေမည်

နှင်းယု

စပါးသည် မြန်မာနိုင်ငံ၏ ပင်မစိုက်ပျိုးရေးပင်။ စပါးမှ ဆန်ကို အချောထုတ်ယူပြီး ထွက်ရှိလာသည့် ဘေးထွက်ပစ္စည်းများကို တိရစ္ဆာန်အစာနှင့် စိုက်ပျိုးရေးအတွက် ပြန်လည်အသုံးပြုကြသည်။ ထိုသို့ ဆန်ကြိတ်ခွဲခြင်းမှ ထွက်ရှိလာသည့်ဖွဲနုကို ယခင်က တိရစ္ဆာန်အစာအဖြစ် အသုံးပြုကြသော်လည်း ယခုအခါ Solvent Extraction and Physical Refining နည်းပညာနှင့်ပေါင်းစပ်ကာ စားသုံးနိုင်သည့်ဖွဲနုဆီအဖြစ် ထုတ်လုပ်အသုံးပြုနေကြပြီဖြစ်သည်။




**ဆန်ဖြူနှင့် ပေါင်းဆန်ဖွဲနုမှသာ ဆီထုတ်ယူနိုင်**

ဖွဲနုဆိုရာတွင် စက်ကြိတ်အဆင့်အတန်းနှင့် ဆန်သားအရည်အသွေးပေါ်မူတည်၍ ဆန်ဖြူဖွဲနု၊ အထူးဖွဲနုနှင့် ပေါင်းဆန်(ပြုတ်) ဖွဲနုဟူ၍ ဖွဲနုအမျိုးအစားများရှိရာ ဆီပါဝင်မှုရာခိုင်နှုန်း ၁၅ မှ ၁၈ ရှိသည့် ဆန်ဖြူနှင့် ပေါင်းဆန်ဖွဲနုမှသာ ဆီထုတ်ယူနိုင်ကြောင်းသိရှိရသည်။ တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ ဂျပန် စသည့်နိုင်ငံများတွင် ဖွဲနုဆီသည် အသုံးပြုမှုများသည့် စားသုံးဆီတစ်မျိုးဖြစ်သည်။

ဖွဲနုတွင် ပါဝင်သောဆီပမာဏသည် ၂၅ ရာခိုင်နှုန်းအောက်သာဖြစ်သောကြောင့် ဓာတုဗေဒနည်းအားဖြင့်သာ ဆီထုတ်ယူနိုင်သည်။ ဖွဲနုကို ဓာတုဖျော်ရည် (Organic Solvent) တစ်မျိုးမျိုးတွင် စိမ်သောအခါ ဆီများသည် အဆိုပါ ဓာတုဖျော်ရည်အတွင်း ပျော်ဝင်သွားသည်။ ထိုပျော်ရည်အရောကို အပူပေးခြင်းဖြင့် ဓာတုဖျော်ရည်ကို အငွေ့ပြန်စေကာ ဖွဲနုဆီကြမ်းကို ရရှိသည်။ အဆိုပါ ဖွဲနုဆီကြမ်း (Crude Oil) ကို ဆီချောသန့်စင်စက်ရုံ (Physical Refinery) တွင် စနစ်တကျသန့်စင်ပါက တန်ဖိုးမြှင့်စားသုံးဆီ (Edible Oil) ကို ရရှိမည်ဖြစ်သည်။

ဖွဲနုဆီတွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများဖြစ်သော r-oryzanol နှင့် tocotrienol တို့ များစွာပါဝင်နေသောကြောင့် ဆီ၏ သက်တမ်းကို ကြာရှည်စေသည့်အပြင် စားသုံးသူတွင်လည်း အရွယ်မတိုင်မီအိုမင်းခြင်းကို တားဆီးပေးခြင်း၊ ကင်ဆာဆဲလ်များကို ခုခံကာကွယ်နိုင်ခြင်း စသည့်ကျန်းမာရေးကောင်းကျိုးများကို ရရှိစေသည်။

ထိုသို့ ကျန်းမာရေးအတွက် ကောင်းကျိုးများရှိသည့်အပြင် နိုင်ငံအတွက် ဆီစားသုံးမှုကို အထောက်အကူပြုစေမည့် ဖွဲနုဆီ တိုးတက်ထုတ်လုပ်နိုင်ရေးကို ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။ ထိုသို့ ကြိုးပမ်းဆောင်ရွက်မှုတစ်ခုအနေဖြင့် ဖွဲနုဆီနှင့် စားသုံးဆီထုတ်လုပ်ရေးစက်ရုံ (နေပြည်တော်)ကို စတင်ဆောင်ရွက်နေပြီ ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်ဖြစ်သည့် သွင်းကုန်အစားထိုးရေး၊ ပို့ကုန်မြှင့်တင်ရေး၊ စားသုံးဆီဖူလုံရန် မြှင့်တင်ဆောင်ရွက်ရေးတို့ကို ရည်ရွယ်ဖော်ဆောင်သည့်အနေဖြင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်(MRF) သည် ဖွဲနုဆီထုတ်လုပ်သည့်လုပ်ငန်းကို စနစ်တကျ ရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့ဆန်စပါးညီလာခံ (၂၀၂၂)မှ ဖော်ထုတ်ခဲ့သည့် ဖော်ထုတ်ချက် ၄၃ ချက် အနက် ဖွဲနုဆီထုတ်လုပ်မှုအတွက် ဆီကြမ်း၊ ဆီချောစက်ရုံများကို ရင်းနှီးမြှုပ်နှံဆောင်ရွက်ရေး ပူးပေါင်းဆောင်ရွက်သွားရန် ဆိုသည့်အချက်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဆက်လက်ဆောင်ရွက်သွားရန် လမ်းညွှန်ထားသည်။

**ဖွဲနုဆီနှင့် စားသုံးဆီထုတ်လုပ်ရေးစက်ရုံ တည်ထောင်**

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်သည့်အနေဖြင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ဦးဆောင်မှုဖြင့် MAPCO အပါအဝင် အခြားဆန်စပါးကုမ္ပဏီများ၊ ဆန်စက်လုပ်ငန်းရှင်များကိုပါ ဖိတ်ခေါ်စုပေါင်း၍ အစုရှယ်ယာရှင်များစွာပါဝင်သော Myanmar Rice Bran Oil Company Limited ကို ဖွဲ့စည်းထားပြီဖြစ်သည်။ နောင်တွင် Yangon Stock Exchange တွင် အစုရှယ်ယာထုတ်ဝေရောင်းချသည့် စာရင်းဝင်ကုမ္ပဏီဖြစ်သည်အထိ စီစဉ်သွားရန် ရည်မှန်းလုပ်ဆောင်လျက်ရှိသည်။ Myanmar Rice Bran Oil Co., Ltd. အနေဖြင့် ဖွဲနုဆီနှင့် စားသုံးဆီထုတ်လုပ်ရေးစက်ရုံ (နေပြည်တော်)ကို နေပြည်တော် ပျဉ်းမနားမြို့နယ် မယ်ဇလီကုန်းကျေးရွာအုပ်စုတွင် တည်ထောင်ကာ ဖွဲနုဆီ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

"တည်ဆောက်ရေးလုပ်ငန်းတွေ စတင်ဆောင်ရွက်တဲ့ မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီလ ၇ ရက်နေ့က လုပ်ခဲ့ပြီးပါပြီ။ တည်ဆောက်ရေးလုပ်ငန်းတွေကို တစ်နှစ်အတွင်း အပြီးသတ်ဆောင်ရွက်နိုင်ဖို့ မှန်းထားပါတယ်။ စက်ရုံကိုတော့ ၂၀၂၅ ခုနှစ် နှစ်ဆန်းပိုင်းမှာ ဖွင့်လှစ်နိုင်ဖို့ လျာထားဆောင်ရွက်နေပါတယ်" ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် (MRF) ဥက္ကဋ္ဌ ဦးရဲမင်းဦးက ပြောကြားသည်။

**ဆီချောသန့်စင်စက်ရုံကိုပါ တစ်ပါတည်း တည်ဆောက်သွားမည်**

ဖွဲနုဆီနှင့် စားသုံးဆီ ထုတ်လုပ်ရေးစက်ရုံ (နေပြည်တော်) ကို တန် ၂၀၀ ဖွဲနုဆီကြမ်းစက်ရုံအဖြစ် တည်ဆောက်သွားမည်ဖြစ်သည်။ ယင်းစက်ရုံမှ ထွက်ရှိလာသည့် ဖွဲနုဆီကြမ်းကို ပြန်လည်သန့်စင်ထုတ်လုပ်မည့် ဆီချောသန့်စင်စက်ရုံကိုပါ တစ်ပါတည်း တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

"အခုကတော့ နေပြည်တော်အနီးတစ်ဝိုက်က ဆန်စက်တွေကထွက်ရှိတဲ့ ဘေးထွက်ပစ္စည်း ဖွဲနုကို ခေတ်မီနည်းစနစ်တွေနဲ့ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် စားသုံးဆီထုတ်လုပ်မှာ ဖြစ်ပါတယ်။ တခြားနေကြာ၊ ပဲပုပ် စတဲ့ ဆီထွက်သီးနှံတွေကနေ စားသုံးဆီတွေ ထုတ်လုပ်သွားမယ်။ ဒီစက်ရုံကို တစ်ရက် တန် ၂၀၀ ကျ ဖွဲနုဆီကြမ်းနဲ့ တန် ၅၀ ကျ ဖွဲနုဆီချော စက်ရုံအဖြစ် တည်ဆောက်သွားမှာဖြစ်ပါတယ်။ ဖွဲနုဆီက ဆီကြိတ်သလိုတော့ ဆီတန်းမထွက်ဘူး။ ဖွဲနုကို Solvent Extraction နည်းပညာကိုသုံးပြီး ဆီကြမ်းအရင်ထုတ်လုပ်ရပါတယ်။ ဆီကြမ်းကို ပြန်လည်သန့်စင်ထုတ်လုပ်မယ့် ဆီချောသန့်စင်စက်ရုံကိုပါ တည်ဆောက်ရပါတယ်"ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် (MRF) ဥက္ကဋ္ဌ ဦးရဲမင်းဦးက ပြောသည်။

ဖွဲနုဆီနှင့် စားသုံးဆီ ထုတ်လုပ်ရေးစက်ရုံ (နေပြည်တော်)အပြင် နိုင်ငံအတွင်း တန် ၂၀၀ ဖွဲနုဆီကြမ်းစက်ရုံစုစုပေါင်း ၁၁ ရုံ တည်ဆောက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ သိရသည်။ ယင်းစက်ရုံများမှ တစ်နှစ်လျှင် ဆီကြမ်းတန်ချိန် ၁၁၈၈၀၀ တန် ထွက်ရှိနိုင်ရန် ခန့်မှန်းထားသည်။ ထို့အတူ တန် ၅၀ ဖွဲနုဆီချောစက်ရုံ ငါးရုံကို နိုင်ငံအတွင်း တည်ဆောက်သွားမည်ဖြစ်ပြီး ဆီချောထုတ်လုပ်နိုင်မည့် ဆီကြမ်းတန်ချိန် ၇၅၀၀၀ တန်၊ တစ်နှစ်လျှင် ဆီချောတန်ချိန် ၄၈၈၀၀ တန် ထွက်ရှိနိုင်ရန် ခန့်မှန်းထားသည်။


သို့ဖြစ်ရာ ဖွဲနုကုန်ကြမ်းကို ဈေးကွက်ဝင်သော၊ ကျန်းမာရေးကို အထောက်အကူပြုသော တန်ဖိုးမြှင့်ထုတ်ကုန် ဖွဲနုဆီအဖြစ် ပြုလုပ်နိုင်ပါက ပြည်တွင်းစားသုံးဆီဖူလုံရေးကို များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။




> **"ဖွဲနုဆီနှင့် စားသုံးဆီထုတ်လုပ်ရေးစက်ရုံ (နေပြည်တော်)အပြင် နိုင်ငံအတွင်း တန် ၂၀၀ ဖွဲနုဆီကြမ်းစက်ရုံစုစုပေါင်း ၁၁ ရုံ တည်ဆောက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ သိရသည်။ ယင်းစက်ရုံများမှ တစ်နှစ်လျှင် ဆီကြမ်း တန်ချိန် ၁၁၈၈၀၀ တန် ထွက်ရှိနိုင်ရန် ခန့်မှန်းထားသည်။ ထို့အတူ တန် ၅၀ ဖွဲနုဆီချောစက်ရုံ ငါးရုံကို နိုင်ငံအတွင်း တည်ဆောက်သွားမည်ဖြစ်ပြီး ဆီချောထုတ်လုပ်နိုင်မည့် ဆီကြမ်းတန်ချိန် ၇၅၀၀၀ တန်၊ တစ်နှစ်လျှင် ဆီချောတန်ချိန် ၄၈၈၀၀ တန် ထွက်ရှိနိုင်ရန်ခန့်မှန်းထား"**

ဝတ္ထုတို

## ■ကိုရွှေတောသား(ဆင်ကူး)




(၁)

မြို့ကလေးသို့ ရထားဆိုက်သည်နှင့် ရထားပေါ်ကနေ ဒရောသောပါးဖြင့် သူဆင်းလိုက်သည်။ လာကြိုမည်ဟု ဆိုသော လူတစ်ယောက်ကို အပြေးအလွှား သူ ရှာနေသည်။ အိမ်သို့ ရောက်ချင်ဇောက ထိန်းမရနိုင်အောင် ဖြစ်တည်နေသည်။ ခရီးဆောင်အိတ်ကို လက်တစ်ဖက်က ဆွဲရင်း ဖုန်းမှန်ပြင်က နံပါတ်တစ်ခုကို ခေါ်ဆိုလိုက်သည်။

" တူ...တူ....တူ.."

"အရေးထဲ ဖုန်းကမကိုင်ဘူးကွာ"

တစ်ယောက်တည်း ယောက်ယက်ခတ်နေသည့်သူ့ကို ဘူတာလုံခြုံရေးရဲတပ်သားများက လာ၍မေးစမ်းကြရသည်အထိ ဖြစ်ရသည်။ အမှန်တကယ်သူရောက်ရှိနေသော ရထားဆိုက်ချိန်နှင့် သူ့ကိုလာကြိုမည့်သူ၏ရောက်ချိန်က လွဲနေခြင်းသာ ဖြစ်နေသည်။

"ဟယ်ကို ကိုအုန်းမောင်လား အခုခင်ဗျား ဘယ်မှာလဲ မလာရသေးရင်လည်း ကျွန်တော့်ဘာသာပဲ ကယ်ရီငှားပြီး လာခဲ့လိုက်တော့မယ်ဗျာ ဒီမှာ ကျွန်တော် ရောက်နေတာကြာပြီဗျ"

"ဟာ ကိုလူမော် ရောက်တောင်နေပြီလား အဲတာဆိုလည်း ကယ်ရီငှားပြီးတော့သာ လာလိုက်တော့ဗျာ ကျွန်တော် လာမကြိုတော့ဘူး ဒီမှာ ကိစ္စလေးတွေရှိနေလို့"

ပြောပြောဆိုဆို ဖုန်းချသွားသည့် တစ်ဖက်ကလူကို သူစိတ်ပျက်မိသည်။ ကယ်ရီငှားရတော့သည်။ ထွေထွေထူးထူး မရှာလိုက်ရ၊ ဘူတာရုံနံဘေးတွင် ဆိုင်ကယ်ကယ်ရီဂိတ် တစ်ခုရှိသည်။ ဆိုင်ကယ်ကယ်ရီဖြင့် ခရီးဆက်ခဲ့တော့သည်။

"လမ်းတစ်လျှောက်မှာလည်း ....... ပန်းရနံ့တွေ သင်းပျံ့လှိုင်ဝေ......မရောက်တာကြာခဲ့ပြီပဲလေ.....ကစားဖော် သူငယ်ချင်းတွေက ....အရင်လိုမဟုတ်တော့ပေ....."

ရွာသို့ မရောက်သေးခင်ကတည်းက အသံချဲ့စက်က သီချင်းသံကိုကြားနေရသည်။ သူ့ရင်ထဲ စို့နင့်ကြေကွဲလာသည်။ ဝမ်းနည်းစိတ်ကြောင့် မျက်ရည်များပင် ကျလာသည်။ လမ်းဘေးတစ်လျှောက်တွင် လယ်ကွင်းပြင်များက ဟိုးအရင်တုန်းကနှင့်မတူ ထူးခြားနေသယောင်ရှိလေသည်။ နေကြာခင်းနှင့် ပဲမျိုးစုံစိုက်ခင်းများ စိမ်းစိုနေသည်။ တောင်သူလယ်သမားများက ကိုယ်စီလုပ်ငန်းခွင် ဝင်နေကြသည်။ ရွာနှင့်နီးလာလေလေ အသံချဲ့စက် သီချင်းသံက ကျယ်လာလေလေဖြစ်သည်။

(၂)

"ဟော့ကောင် လူမော် မင်း လူမော် မဟုတ်လား"

မဏ္ဍပ်ထဲဝင်လိုက်သည်နှင့် လူကြီးတစ်ယောက်က သူ့ကိုနှုတ်ဆက်သည်။ လူအများက သူ့ကိုငေးပြီးကြည့်နေကြသည်။

"ဟင်..အစ်ကိုကြီး အစ်ကိုကြီးပြန်လာပြီ"

အားရဝမ်းသာ အော်ခေါ်လိုက်သည့် မိန်းကလေးတစ်ယောက်၏ အသံသည် ရုတ်တရက် တိမ်ဝင်သွားသည်။ အော်ခေါ်လိုက်သည့် အသံဆုံးသည်နှင့် ရုတ်တရက် ရှုံ့မဲ့ချငိုနေတော့သည်။

"အမေရေ ဒီမှာ အမေချစ်လှပါချည်ရဲ့ဆိုတဲ့ အမေ့သားကြီး ရောက်လာပြီ လာကြည့်ပါဦးလားအမေရယ် ဟီးဟီး.."

"ဟုတ်တယ် အမေရေ ဒီမှာ အမေ့သားကြီး ပြန်လာပြီဗျ "

ညီတွေညီမတွေက သူ့ကိုဝိုင်းဖက်ပြီး အမေဖြစ်သူကို တ၍အော်ဟစ်ငိုယိုကုန်သည်။ သူကိုယ်တိုင်ပင်လျှင် ဣန္ဒြေမဲ့စွာ ဟီးတိုက်၍ငိုချမိတော့သည်။

"လူမော် မင်းပြန်လာသေးတယ်နော် မင်းအမေက မင်းကိုစောင့်နေခဲ့တာကွ မအေးမြင့် သနားပါတယ်ကွာ သူ့မှာ သူ့သားကြီး မျက်နှာကိုတောင် မြင်တွေ့ခွင့်ရမသွားရှာဘူး"

ဦးလေးဖြစ်သူ၏ စကားကြောင့် သူတို့မောင်နှမတစ်စု ပို၍ပင်ငိုကြရပြန်သည်။ အမေဖြစ်သူ၏ နောက်ဆုံးခရီးကိုပင် လိုက်ပါပို့ဆောင်ခွင့် မရနိုင်ခဲ့သည့် သူ့အဖြစ်ကိုသူ နောင်တရ၍မဆုံးဖြစ်နေတော့သည်။ ဘယ်လိုမှပင် အစားထိုး၍ မရနိုင်တော့သည့် သူ့ဘဝ၏ကျေးဇူးရှင် မွေးမိခင်သည်ကား ဤကမ္ဘာလောကကြီးထဲကပင် ထွက်ခွာသွားတော့သည်။ အမေမရှိတော့လေမှ အမေ့မျက်နှာကို သူမြင်ချင်နေမိသည်။ အမေဖြစ်သူ၏ အသံကိုကြားချင်နေမိသည်။ အမေဖြစ်သူကို အမေဟု အကျယ်ကြီး အော်ခေါ်ချင်မိသည်။ သူ့ရင်ထဲတွင် အသည်းနှလုံးများ တစ်စစီကွဲကြေနေသည့်နှယ် ခံစားနေရသည်။ မှားခဲ့မိသည့် နောင်တတရားများ၏ အပူမီးက သူ့ရင်ထဲ ပူလောင်နှိပ်စက်နေသည်။ တစ်ချိန်က အမေဖြစ်သူပြောခဲ့သည့် စကားများကို ပြန်လည်ကြားယောင်နေတော့သည်။

(၃)

"မသွားပါနဲ့လား သားကြီးရယ် ကိုယ့်ရပ်ကိုယ့်ရွာမှာဘဲနေပြီး မိရိုးဖလာ အလုပ်တွေဖြစ်တဲ့ လယ်ယာလုပ်ငန်းတွေ ပဲလုပ်ပြီး နေပါလားကွယ် အမေသားကြီးကိုစိတ်မချဘူး"

အမေဖြစ်သူက သူ့ကို အတန်တန် နားချသည်။ သို့သော် သူသည် ဆုံးဖြတ်ချက်ချပြီးလျှင် ပြန်ပြင်ရိုးထုံးစံမရှိ။ သွားမည့်ခရီးကို သွားရမှ ကျေနပ်သူဖြစ်သည်။

"အမေရယ် ဒီရွာမှာနေပြီး ဒီလိုတွေသာဆက်လုပ်နေရင် ဒီရွာကလူတွေလိုပဲ ထူးမခြားနားဘဲဖြစ်တော့မှာပေါ့ သားက သူများတွေထက် သာချင်တာ သူများတွေထက် ကောင်းစားချင်တာ ပြီးတော့ စွန့်စွန့်စားစား ရှာဖွေရတာကိုလည်း သားကကြိုက်တာ တားမနေပါနဲ့တော့ အမေရာ သားသွားကိုသွားမှာ"

"အမေမှ သားကြီးကို စိတ်မချတာပြီးတော့ သားကြီးက အပေါင်းသင်းလည်း မက်တယ် အသောက်အစားလေးကလည်း မက်တယ်မဟုတ်လား ဒီမှာတောင် အမေကလိုက်ထိန်းနေရတာ ငါ့သားကြီး ပျက်စီးမှာကို အမေစိတ်ပူမိတယ်ကွယ်"

စိုးရိမ်စိတ်ဖြင့် ပြောနေသည့် အမေဖြစ်သူကို သူစိတ်ပျက်မိခဲ့သည်။ ဘယ်နေရာကိုမဆို အမေဖြစ်သူက သူ့ကို စိတ်မချနိုင်ရှိခဲ့သည်။ ချုပ်ချယ်တတ်သည့် အမေဖြစ်သူ၏ မျက်စိအောက်တွင် သူမနေချင်ခဲ့ပေ။ ဖြစ်ချင်ရာဖြစ် သူစွန့်စားချင်သည့် ခရီးကို သူစွန့်စားခဲ့မိသည်။

(၄)

"လူမော် ညကျရင် အစီစဉ်ရှိတယ်ကွ"

"ဟုတ်လား ဘယ်နေရာမှာလဲ ထွန်းမောင်"

ထွန်းမောင်က သူနှင့်စရိုက်တူသည်။ နယ်ကရောက်လာသူချင်းဖြစ်၍လည်း အတူတူနေဖြစ်ခဲ့ကြသည်။

"ထုံးစံအတိုင်း ကိုတိုးကြီး တဲထဲမှာပေါ့ကွ ကြေးတော့နည်းနည်းများတယ် ဒါပေမဲ့ အလန်းဇယားလေးနော် လုံးဝရှယ်"

"ဟော..."

ထွန်းမောင်စကားက သူ့အသွေးအသားများကို ဆူပွက်နေအောင် ဖန်တီးနေသယောင်ရှိသည်။ ကိုတိုးကြီးတဲထဲ၌ သူနှင့်ထွန်းမောင် ဇယားခင်းနေကြဖြစ်သည်။ ဇယားမခင်းခင် အဖြူလေးဘာလေး စွဲကြသည်။ ပျော်ပျော်ပါးပါး သုံးစွဲကြပြီးသည်နှင့် ဇယားဟုခေါ်သော အပျော်မယ်ကလေးနှင့် နှစ်ပါးသွားကကြသည်။ တစ်ခါတလေ တစ်လလုံးလုံး စုဆောင်းရှာဖွေထားသမျှ တစ်ညတည်းနှင့် သုံးဖြုန်းပစ်ကြသည်။

"ဟင်း ပိုက်ဆံက ရှာရခက်သလောက် သုံးပစ်တော့လည်း လွယ်လိုက်တာကွာ"

"လူမော်ရယ် ဘာတွေတွေးပြီး ပူနေရပြန်ပြီလဲ မင်းတို့ငါတို့ဆိုတာက ဒီရေမဆေးကွင်းကြီးရှိနေသရွေ့ လောကနိဗ္ဗာန်ဘုံကြီးထဲမှာ ရောက်နေကြရသလိုပဲလေကွာ တကယ်တော့ ငါတို့ဘဝက မရှိခဏ ရှိခဏပါကွ ပူစရာမရှိပါဘူး"

ထွန်းမောင်က အပြုံးမပျက် စကားဆိုသည်။ ထွန်းမောင်ပြောလည်း ပြောချင်စရာဖြစ်နေပြန်သည်။ ကြွေတစ်လှည့် ကြက်တစ်ခုန် ဆိုသည်ထက် သူတို့ဘဝက ပိုနေသည်။ ကုန်းကောက်စရာမရှိအောင်ပင် ပြတ်လပ်နေသည် ဆိုသော်ငြား ကျောက်ကောင်းတစ်ပွင့် တွေ့စေကာမူ ချက်ချင်းပင် လက်ဖျားငွေသီးတော့သည်။ ရေမဆေးရှာရင်း သူဌေးဖြစ်သွားကြသည့်သူများ သူတို့မျက်စိရှေ့တွင် ဒုနှင့်ဒေး ပြောမကုန်နိုင်ပါပေ။

(၅)

"ဘယ်လိုလုပ်ကြမလဲ ထွန်းမောင် လစ်ကြရင် ကောင်းမလား"

ထွန်းမောင်က ငြိမ်သက်လျက်စဉ်းစားနေသည်။ သူစိတ်ထဲ လောနေမိသည်။ မျောက်အုန်းသီးရ၊ အရူးမူးစေ့ရဆိုသလို ဂနာမငြိမ်ဖြစ်နေမိသည်။

"နေဦး လူမော်ရ တကယ်တမ်းတို့အဖြစ်က သူခိုးရွှေရတစ်ပြုပြုဖြစ်နေရင် ဘယ်လိုလုပ်မလဲ မင်းရောငါရော ရေမဆေးရှာလာတာ ကြာပြီဆိုပေမယ့် ကျောက်ကောင်းကောင်းရခဲ့ကြဖူးတာလည်းမရှိသေးဘူး တို့ရထားတဲ့ကျောက်က အရည်အသွေးကောင်းတာတော့မှန်တယ် ဒါပေမဲ့ ဘယ်လောက်တန်ကြေး ရှိနိုင်မလဲ မင်းရောငါရောဘယ်သူမှ တတ်အပ်မသိကြဘူး တို့နှစ်ယောက် အပြင်ရောက်သွားတဲ့အခါ ဒီကျောက်ကိုဘယ်လိုရောင်းကြမလဲ အဆက်အသွယ်ကောင်းကောင်းလည်း တို့မှာမရှိဘူး ပြီးတော့ အတွေ့အကြုံလည်း မရှိခဲ့ကြဘူး"

"ဟူး...."

သက်ပြင်းမောကြီးတွေ ကိုယ်စီချမိသည်။ ရရှိထားကြသည့် အဖိုးတန်ကျောက်ရိုင်းတစ်ပွင့်အတွက် ထုခွဲရောင်းချဖို့ ပြင်ဆင်နေကြသည်။ သူတို့နှစ်ယောက် ဘဝတက်လမ်းဖြစ်နေသည့် အခွင့်အရေးကို တစ်စုံတစ်ခုခုကြောင့် အနှောင့်အယှက်ဖြစ်သွားမည်ကို ကြောက်နေကြသည်။

"ကျောက် ကျောက် မရခင်တုန်းကလည်း ရှာရပင်ပန်းသလောက် အခုလိုရလာပြန်တော့လည်း စိတ်မအေးရပါလားကွာ"

ထွန်းမောင်က ညည်းညူသည်။ သူလည်း ထွန်းမောင်နည်းတူ စဉ်းစားရခက်နေသည်။

"မထူးတော့ပါဘူးကွာ ထုံးစံအတိုင်းပဲ ဒိုင်ဆီကိုပဲ ရောင်းကြရအောင် သူတို့လည်း ငါတို့အပေါ် ဒီလောက်ကြီးတော့ မရက်စက်လောက်ပါဘူး"

"အေးကွာ မနက်ဖြန်ကြရင် သွားရောင်းကြမယ် ငါဆုံးဖြတ်လိုက်ပြီ"

နှစ်ယောက်သား ကိုယ်စီဆုံးဖြတ်လိုက်ကြသည်။

(၆)

"ကဲကွာ...."

"အင့်....အား ထွန်း ထွန်းမောင် မင်း မင်းငါ့ကို ဓားနဲ့ထိုး...... ထိုး... "

အမှတ်မထင် အထိုးခံလိုက်ရသည့် ဓားချက်ကြောင့် သူလောကကြီးနှင့် အဆက်အသွယ်ပြတ်တောက်သွားရတော့သည်။ သတိရလာသည့်အခါ ဆေးရုံပေါ် ရောက်နေမှန်း သူသိလိုက်ရသည်။

"အား ကျွန်တော် ကျွန်တော် ဒီ ဒီကို"

"ဟော လူနာသတိရလာပြီဆရာရေ"

ဆရာဝန်များက သူ့ကို ဂရုတစိုက် ကုသပေးကြသည်။ ဓားဒဏ်ရာကို ကုသနေခဲ့ရသလို မူးယစ်ဆေးစွဲနေသော ဝေဒနာကိုလည်း ကုသခဲ့ရသည်။ ဆေးရုံ၌ ရက်ပေါင်းများစွာကြာခဲ့သည်။ ဆေးရုံတက်နေစဉ်အတွင်း ခုတင်ကြောချင်းကပ်က လူနာမိသားစုတစ်စုနှင့် ရင်းနှီးကာ သူ့ဘဝ၏ အမှားတွေကို ပြုပြင်ရန် ဆုံးဖြတ်မိသည်။ ထိုလူနာမိသားစုသည် အားကျစရာကောင်းလှသည်။ ကျန်းမာရေး မကောင်းသော အမေဖြစ်သူကို သားဖြစ်သူက ရိုသေစွာပြုစုစောင့်ရှောက်ပေးနေခြင်းကို သူမျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရသည်။ သားဖြစ်သူက မိခင်အပေါ် ကျေးဇူးသိတတ်စွာ ကျေးဇူးဆပ်နေသည်။ မိခင်ကလည်း သားဖြစ်သူကို မျက်စိအောက်က အပျောက်မခံအောင်ပင် ချစ်လှသည်။ ထိုမြင်ကွင်းကို မြင်ရသည်တိုင်း သူ အမေဖြစ်သူကို သတိရမိသည်။ မှားခဲ့သမျှ အမှားတွေကို နောင်တရသည်။ အပျော်သဘောဖြင့် မြည်းစမ်းကြည့်ရင်း စွဲခဲ့မိသော မူးယစ်ဆေးဝါးတွေကိုလည်း ကြောက်လာရသည်။ အမှားတွေသိနေခဲ့ပြီမို့ အိမ်သို့အပြေးပြန်လာစဉ် အမေဖြစ်သူသည် သူ့ကိုထားခဲ့လေပြီဖြစ်သည်။ အလာကောင်းပေမယ့် အခါနှောင်းခဲ့သော သူ့အဖြစ်ကို သူဝမ်းနည်းနေမိသည်။

"တရားနဲ့သာဖြေပါတော့ လူမော်ရာ ဘယ်တတ်နိုင်ပါ့မလဲ လူရယ်လို့ဖြစ်လာရင် တစ်နေ့ဒီလမ်းကို မလွှဲသာမရှောင်သာသွားကြရမှာဘဲ သေခြင်းတရားဆိုတာ ဘယ်သူကမှ လွန်ဆန်လို့မှမရဘဲကွယ်" ဦးလေးဖြစ်သူက သူ့ကို ဖြေသိပ်ခိုင်းသည်။ အမှားတွေနှင့် နောင်တရနေသည့်သူ့အတွက် မဖြေသိပ်နိုင်ပေ။

"အမေ့မျက်နှာလေးကိုတောင် မကြည့်လိုက်ရဘူးဗျာ တကယ်တော့ ကျွန်တော်က အမေ့အတွက် သားသမီးကောင်းတစ်ယောက် မပီသခဲ့ဘူး ဦးလေးရာ ကျွန်တော်က အမေမွေးရကျိုးမနပ်တဲ့ သားဆိုးတစ်ယောက်ပါ အမေမရှိတော့မှ အမေ့တန်ဖိုးကို နားလည်တဲ့သူပါ ကျွန်တော်ဘယ်လိုမှမဖြေနိုင်ဘူး ဦးလေးရာ"

ပြောရင်းပင် သူငိုမိသည်။ ဧည့်ခန်းတွင် ချိတ်ဆွဲထားလျက်ရှိသော အမေဖြစ်သူ၏ ဓာတ်ပုံကလေးကို သူလွမ်းဆွတ်တမ်းတစွာ ငေးကြည့်နေမိသည်။ ဓာတ်ပုံထဲတွင် အမေဖြစ်သူက သူ့ကို ပြုံးပြနေသကဲ့သို့ ရှိနေသည်။ အမေဖြစ်သူ၏အပြုံးကို မြင်နေရသည့်အခါ သူ့ရင်ထဲ ချမ်းမြေ့နေသယောင်ရှိနေပါတော့သည်။ ။

## ပြည်ထောင်စုအရေး၊ ဒို့အရေး သက်ပေးကာကွယ် စောင့်ရှောက်မယ်

❖ ဒို့အမျိုးတွေက၊ ဟိုရှေးပဝေသဏီ
ဘိုးဘွားဘီဘင်ကပင်၊
ချစ်ချစ်ခင်ခင် အတူတကွ၊ နေလာခဲ့ကြ
နှစ်ပရိစ္ဆေဒ။

❖ အခုမှသွေးခွဲတာကိုယုံ၊ ဘေးတွဲဆရာကိုချိုကြီးတို့က
အိမ်ကြီးကိုဖျက်၊ ခွဲထွက်မယ်တဲ့တောင်းဆို။

❖ သူကလည်းလို၊ ငါကလည်းလိုချင်လာ
သည့်အိမ်ကြီးအစိပ်စိပ် အမြွှာမြွှာ၊ ဖြစ်သွားမှာလေ၊
အိမ်သားတွေ သွေးကွဲသွားလျှင်၊ ဘေးသူတွေဝင်လာမြဲ
နွားကွဲလျှင် ကျားဆွဲရုံမက၊ ဆင်နင်းခံရမည့်အရေး
မြော်တွေးလို့ပူပင်၊
မိသားစုအတူတူပင်၊ ပြည်ထောင်စုအိမ်ကြီး
ဘယ်လိုနည်းနဲ့တွေးတွေး၊ ခွဲမပေးနိုင်၊
အိမ်ကြီးရခိုင်နဲ့သာ၊ ထည်ထည်ဝါဝါနေနိုင်ပါလျက်
အိမ်ကြီးကိုဖျက်၊ တဲထန်းလက်နှင့် အဖြစ်မခံနိုင်, မောင်။

❖ တို့ပြည်ထောင်၊ ညီနောင်တို့ဘယ်မခွဲ
လက်သည်းဆိတ်၊ လက်ထိပ်နာရှာပေ့၊
အတိတ်အနာတွေလည်း၊ ပြန်လှန်ကာမတွေးကြပါနှင့်
မှန်ကန်စွာဆွေးနွေး၊ ညီညွတ်တေးတွေဖြင့်
သက်ပေးကာကွယ်ကြပါစို့...။ ။

ချမ်းမြေ့မောင်(ခရမ်း)

## တို့တောရွာ

❖ အလင်းအရုဏ် အလှရီဆင့်လို့
နေ့သစ်ဖွင့် လင်းကြက်မှာ။
နားဝင်ပီယံ သံချိုတေးနှင့်
ကျေးငှက်သာယာ။
နံနက်ခင်း အချိန်ခါ
မြတ်သံဃာ ဆွမ်းခံကြွ။
မျိုးသာကီ ပြည်သူအပေါင်းက
ဆွမ်းလောင်းလှူကြ။

❖ နေရောင်ခြည် ထွန်းတောက်စ
ညွှန်းမလောက်ငှ ပန်းမျိုးစုံ။
လေပွေ့ချီ လေးကျွန်းအနှံ့သို့
သင်းပျံ့မွှေးထုံ။
စိမ်းညို့ညို့ မြိုင်ရဂုံ
မြင်ရုံပင် စိတ်ချမ်းမြေ့။
စိမ့်စမ်းရေ ရေတံခွန်များနဲ့
ဝင့်ကြွားကြည်မွေ့။

❖ ကိုင်းကျွန်းလယ် တောဓလေ့ရယ်က
ပြောမမေ့ဘူး ဆိုလိုက်ချင်။
ပင်စပါးတွေ လေယူတိမ်းတော့
ယိမ်းကပျော်ရွှင်။
အေးချမ်းတဲ့ ပတ်ဝန်းကျင်
တို့တောတွင် ရှိနေသေး။
ပသာဒဂုဏ် ပေါ်ပြည့်ဝလို့
(အလို...ကွယ်)
မြင်ရသူငေး။ ။

ရင်ခတ်ပန်း (စွယ်တော်)

ဆောင်းပါး

# ကလျာဏမိတ္တတို့နှင့်နေထိုင်ခြင်း

■ ထက်အောင်လူ(နံ့သာမြေ)

“ကလျာဏမိတ္တရှိခြင်းဟာ ဘယ်လောက်အကျိုးပြီးမြောက်သလဲ ချစ်သားအာနန္ဒာ” “မှန်ပါ့ဘုရားအကျိုး တစ်ဝက်ပြီးဆုံးပါတယ်ဘုရား”

“အကျိုးတစ်ဝက်မကဘူး အာနန္ဒာ အကျိုးအားလုံးပြီး မြောက်ပါတယ်” အထက်ပါစကားများကို အာနန္ဒာသုတ်၌ပါ၍ လူတိုင်းကြားဖူးကြပေလိမ့်မည်။ မိတ်ကောင်းဆွေကောင်းရှိခြင်းသည် လောကီချမ်းသာသာမက လောကုတ္တရာ ချမ်းသာသုခပါ ရရှိနိုင်ပေ၏။

ကျွန်တော်တို့ဘဝတွင် မိတ်ကောင်းတစ်ယောက်ရှိခြင်းသည် လွန်စွာအရေးကြီးလှပေသည်။ “ရေမြင့်လျှင် ကြာတင့်သည်”ဆိုသကဲ့သို့ မိမိပတ်ဝန်းကျင်လူမှုအသိုင်းအဝိုင်းကောင်းကြားရောက်ပါက မိမိသည်လည်း ဂုဏ်ရောင်တောက်ပမှု ရရှိနိုင်ပေသည်။ မိမိဘဝလမ်းခရီး၌ အတိဒုက္ခရောက်ရှိနေသည့်တိုင် မိတ်ဆွေတို့၏အကူအညီဖြင့် ဒုက္ခမှလွတ်မြောက်ချမ်းသာရာရနိုင်ပေသည်။ ကျွန်တော်တို့နိုင်ငံ၏ အခြေခံပညာသင်ရိုးဖြစ်လျက် စတုတ္ထတန်း၌ပါသော “မိတ်ဆွေသုံးဦး”ပုံပြင်တွင်မူ သမင်လေးသည် မုဆိုး၏ ကျော့ကွင်းအတွင်းမိနေချိန်၌ မိတ်ဆွေကောင်း လိပ်သည် ကူညီကာ သွားများဖြင့် ကိုက်ကာဖြတ်တောက်ပေးသည်။ ထို့အတူ မုဆိုးလာရာလမ်းခရီး ကြန့်ကြာစေရန် မိတ်ဆွေကောင်း ခေါက်ရှာငှက်မှ မုဆိုးမျက်နှာအား သွားရောက်ပုတ်ခတ်စေသည်။ ထို့နောက် သမင်လွတ်သွားသော်လည်း မုဆိုးသည် လိပ်ကိုကောက်ယူပြီး အိပ်ထဲထည့်၍ သစ်ပင်၌ ချိတ်ထားခဲ့လေသည်။ ထိုအခါ သမင်လေးမှ ခြေကျိုးဟန်မာယာဖြင့် မုဆိုးကို တောအတွင်းခေါ်ဆောင်လျက် ပြန်လည်ကာ ဦးချိုနှင့်ဖြုတ်၍ အပြန်အလှန် ကူညီကြလေသည်။ မိတ်ဆွေကောင်းတို့ စည်းလုံးညီညွတ်မှုရှိခြင်းအကြောင်း မိတ်ဆွေသုံးဦးပုံပြင်၌ အသက်ဘေးမှ လွတ်မြောက်ချမ်းသာရပုံကြည့်၍ လောက၌ မိတ်ကောင်းဆွေကောင်းလိုအပ်ကြောင်း မီးမောင်းထိုးပြနေပေသည်။ ကျွန်တော်တို့ဘဝလမ်းခရီး၌ ရင်ဘတ်ချင်းညှိယူရသော နှလုံးသားခြင်းနီးကပ်သော မိတ်ကောင်းဆွေကောင်းလိုအပ်ပါပေ၏။ “ခင်ရာဆွေမျိုး”ဟူသော စကားပုံနှင့်အညီ ခင်မင်ရင်းနှီးလျက် ဆွေမျိုးပမာ မိတ်ဆွေမျိုးသို့ကူညီဖေးမတတ်သူ လိုအပ်ပါပေသည်။

လောကီလောကုတ်အတွက် ကလျာဏမိတ္တတို့နှင့်နေထိုင်ခြင်းသည် လွန်စွာအရေးကြီးလှပေသည်။ လောကီကြီးပွားတိုးတက်ကြောင်း သမ္မဒိတရားလေးပါးရှိရာ၌ ကလျာဏမိတ္တသမ္မဒါသည်လည်း တစ်ခုအပါအဝင်ဖြစ်လေသည်။ စီးပွားမည်မျှရှာနိုင်ပါစေ၊ ဥစ္စာမည်မျှပေါများပါစေ ကလျာဏမိတ္တတို့ဝန်းကျင်၌မနေပါမူ ပျက်စီးမှုနှင့်ကြုံတွေ့ရတတ်ပေသည်။

သိင်္ဂါလောဝါဒသုတ်တွင် မိတ်ဆွေကျင့်ဝတ်(၅)ပါးအား“ပေးကမ်းချီးမြှင့်၊ ကိုယ်နှင့်ယှဉ်ထား၊ စီးပွားဆောင်ရွက်၊ နှုတ်မြွက်ချိုသာ၊ သစ္စာမှန်စေ၊ ဝတ်ငါးထွေ၊ ကျင့်လေမိတ်သဟာ”ဟု ဆို၏။ ကျွန်တော်တို့သည် ကျင့်ဝတ်လိုက်နာသော လူမှုအသိုက်အဝန်းတည်ဆောက်ဖန်တီးကြရပေမည်။

လူသည် အင်္ဂလိပ်အခေါ်(ဆိုရှယ်အဲနီးမန်း) “အသိုက်အမြုံ အစုအဝေးနှင့်နေသောသတ္တဝါ”ဖြစ်သည်ဟုဆို၏။

တစ်ဦးတစ်ယောက်တည်း ထီးထီးနေရန်မဖြစ်နိုင်ပေ။

ထို့ကြောင့် မိတ်ဆွေအပေါင်းသင်းများနှင့်ယှဉ်တွဲနေကြရပေမည်။ ထိုအခါ ကောင်းသောမိတ်ဆွေများနှင့်နေရေးသည် လွန်စွာအရေးကြီးပေ၏။ အပြန်အလှန်အားဖြင့်မေတ္တာတရားတို့ လွှမ်းခြုံသော အသိုက်အဝန်းလေး ဖန်တီးတည်ဆောက်ကြရပေမည်။ သို့မှသာ သာယာချမ်းမြေ့ ငြိမ်းချမ်းသောဘဝဖြစ်ပေမည်။

မိတ်ဆွေရွေးချယ်ဆက်ဆံရာ၌မူ မိတ်ဆွေအသစ်များရသော်လည်း အဟောင်းကို ပြစ်မထားရန်“စိုသောလက်မခြောက်စေနှင့်”ဟု အဆိုရှိပါ၍ သတိထားခင်မင်မပျက် ရှေ့ဆက်ကြရပေမည်။ မိတ္တအသစ်များသည် ကောင်းသော်လည်း နံ့သာပုံညီ မိတ်ဆွေကောင်းများလည်းရှိပါပေသည်။ ထို့ကြောင့် မန်လည်ဆရာတော်ဘုရားကြီးက “အဝတ်ပုဆိုး၊ တန်ဆာမျိုးကား၊ တိုး၍တိုး၍၊ တစ်နေ့တစ်ခါ၊ လဲပါတုံရှောင်း၊ သစ်တိုင်းကောင်း၏၊ အပေါင်းအဖော်၊ ဟုတုံသော်မူ၊ ငယ်ဖော်ငယ်ပေါင်း၊ ဟောင်းတိုင်းကောင်း၏၊ အဝတ်ပုဆိုး၊ တန်ဆာမျိုးကား၊ သစ်တိုင်းကောင်း၏”ဟူ၍ ဖွဲ့ဆိုထားခဲ့ပေသည်။ အဝတ်အစားမှာ သစ်တိုင်းကောင်းလှသော်လည်း မိတ်ဆွေမူကား မိတ်ဟောင်းဆွေဟောင်းသည် အကောင်းဆုံးဟု ဆိုလိုရင်းဖြစ်ပါသည်။ မိတ်ဆွေဟုဆိုရာတွင် ငယ်ပေါင်းကြီးဖော်များကို ရောင်းရင်းဟုဆိုကြသည်။

ဆရာကြီး နန္ဒာသိန်းဇံကမူ “မိတ်ဆွေကောင်းရဲ့ ဂုဏ်အင်္ဂါတွေနဲ့ပြည့်စုံဖို့ဆိုတာ လွယ်တော့ မလွယ်ပါဘူး။ ကိုယ်ကိုယ်တိုင် မိတ်ဆွေကောင်းဖြစ်ဖို့ ခက်ခဲနေရင် ကိုယ့်ဝန်းကျင်က လူတွေကို မိတ်ဆွေကောင်းတွေ မဟုတ်ပါဘူးလို့ အလွယ်တကူအပြစ်မတင်ဖို့လည်း သတိထားရမှာပါပဲ။ “သင်ကကော မိတ်ဆွေကောင်းဟုတ်ရဲ့လား”လို့ ပြန်ပြီးအမေးခံနိုင်ရတယ်ဆိုတာကိုလည်း သတိပြုရမှာပါပဲ။ “ကိုယ်ကမိတ်ဆွေကောင်းတို့ရဲ့ ဂုဏ်အင်္ဂါနဲ့ညီအောင် အတတ်နိုင်ဆုံး ဆက်ဆံပြုမူပေမယ့် တစ်ဖက်လူတွေက ကောင်းမွန်စွာ မတုံ့ပြန်ရုံမက ကိုယ့်အကျိုးကိုပျက်စီးအောင် လုပ်လာတယ်ဆိုရင်လည်း အားငယ်စိတ်ပျက်စရာတော့ မလိုပါဘူး။ ဒီလိုလူမျိုးတွေကို ရှောင်သင့်က ရှောင်၊ ဖယ်သင့်က ဖယ်ပြီး ကျွန်တော်တို့ရဲ့စေတနာ၊ ပညာ၊ ဝီရိယတွေကိုပဲ မိတ်ဆွေကောင်းအဖြစ်၊ အဖော်မွန်အဖြစ် ပေါင်းသင်းဆက်ဆံပြီး ဘဝခရီးကို တည်ငြိမ်စွာနဲ့ ကိုယ်ရည်မှန်းထားတဲ့ ပန်းတိုင်ရောက်သည်အထိ လျှောက်လှမ်းသင့်တယ်”ဟူ၍ မိတ်ကောင်း ဆွေကောင်းနှင့် ခရီးသွားခြင်းစာအုပ်တွင် ရေးသားခဲ့ပါသည်။

“သူတော်ကောင်းတို့နှင့် ပေါင်းဆုံခြင်းသည် တစ်ကြိမ်သာလျှင်ဖြစ်၏။ (ဝါ) တစ်ကြိမ်သာလျှင် ဖြစ်စေကာမူ ထိုတစ်ကြိမ်မျှ ပေါင်းဆုံရတွေ့ရခြင်းသည် သူတော်ကောင်းတို့နှင့် ပေါင်းဆုံတွေ့ရသောထိုသူကို အကျိုးမဲ့ဖယ်ရှား၊ အကျိုးများအောင်ရွက်ဆောင်စောင့်ရှောက်တတ်ပေ၏။ သူယုတ်မာတို့နှင့် အကြိမ်များစွာ ပေါင်းဆုံရခြင်းသည် (ဝါ) အကြိမ်များစွာ ပေါင်းဆုံရစေကာမူ အကျိုးများအောင် မရွက်ဆောင် မစောင့်ရှောက်တတ်ချေ” ဟူ၍ မဟာသုတသောမဇာတ်တွင် ပါရှိပါသည်။

ဘုရားရှင်ဟောပြောခဲ့သောမိတ်ဆွေကောင်းတို့၏ အင်္ဂါလေးရပ်သည် ၁။ ပေးနိုင်ခဲသောအရာပေးတတ်သူ ၂။ လုပ်နိုင်ခဲသောအရာကို လုပ်ပေးတတ်သူ ၃။သည်းခံနိုင်ခဲသောအရာကို သည်းခံပေးတတ်သူ ၄။ဒုက္ခကြုံတွေ့ရချိန်မှာ စွန့်လွှတ်ပြီး ထွက်ပြေးမသွားတတ်သူ ဟူ၍ရှိပါသည်။ ထိုအင်္ဂါလေးချက်ရှိသော ပုဂ္ဂိုလ်သည် အပေါင်းအသင်းလုပ်ထိုက်သော မိတ်ကောင်းဆွေကောင်း ဖြစ်ပေသည်ဟု ကျေးဇူးတော်ရှင် ပါမောက္ခချုပ်ဆရာတော်ဒေါက်တာ နန္ဒမာလာဘိဝံသ ဟောကြားတော်မူပေသည်။

ကျွန်တော်တို့ လေးစားရသော ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်သည်လည်း လူတစ်ယောက် ကြီးပွားတိုးတက်ပြောင်းလဲမှုဖြစ်စဉ်၌“ပထမ မိမိ၏စရိုက်၊ ဒုတိယ ပတ်ဝန်းကျင်၊ တတိယ ဆရာကောင်း”ဟု ဆိုပါသည်။ မိမိစရိုက်မကောင်းသည့်တိုင် ကလျာဏမိတ္တတို့မေတ္တာအားနှင့်ပြုပြင်ထိန်းကြောင်းပါမူ အကောင်းဘက်ရောက်နိုင်ကြောင်း ညွှန်ပြဖူးပေသည်။

ကလျာဏမိတ္တသည် အသက်ရှင်နေထိုင်ရေး၌လွန်စွာအရေးကြီးလှပေသည်။

ပြင်သစ်စာရေးဆရာကြီးမွန်တိန်း၏ အဆိုအမိန့်တွင်လည်း “လောကတွင် မိတ်ဆွေသုံးဦး လိုအပ်ပေသည်။ စိတ်ကောင်း၊ မိတ်ကောင်း၊စာအုပ်ကောင်း” ဟူ၍ ဖြစ်သည်။ စိတ်ကောင်းတွင် ဝန်တိုမစ္ဆရိယကင်းသူ၊ တစ်ပါးသူကြီးပွားမှု မနာလိုမရှုဆိတ်မရှိသူ၊ တစ်ဖက်သားအား ဒုက္ခရောက်ရန်မကြံသူ ဖြစ်ပြီး မေတ္တာကရုဏာစိတ် ကြင်နာတတ်သူ၊ အကောင်းမြင်နားလည်မှုပေးတတ်သူ၊ အမှန်သစ္စာတရား လက်ကိုင်ထားသူဖြစ်သည်။ မိတ်ကောင်းတွင် မိမိဒုက္ခရောက်ချိန် ကူညီဖြေရှင်းပေးတတ်သူ၊ မရှိအတူ ရှိအတူ မျှဝေတတ်သူ၊ “နှုတ်၏စောင်မခြင်း လက်၏စောင်မခြင်း”ရှိသူ၊ မိမိအမှားအား နားလည်ခွင့်လွှတ် သည်းခံတတ်သူဖြစ်သည်။ စာကောင်းတွင်မူ မိမိအတွက် ဗဟုသုတအသိပညာရရှိစေသောစာပေ၊အတွေးအခေါ်မှန်ကန်ရှင်သန်သောစာ၊ အမှားအမှန်ပိုင်းခြားခွဲခြားပြသောစာပေတို့ ဖြစ်ပေသည်။

အချုပ်ဆိုရပါလျှင် မိတ်ကောင်းဆွေကောင်း သူတော်ကောင်းနှင့် ပေါင်းသင်းခွင့်ရလျှင် လောကကြီးပွားကြောင်းသာမက လောကီမဂ်ဖိုလ်ရကြောင်း အထိ ကောင်းမြတ်သော မဂ္ဂင်ရှစ်ပါးကို ကြိမ်ဖန်များစွာ ပွားများကျင့်သုံးနိုင်မည်ဖြစ်ကြောင်း၊ သတ္တဝါတို့သည် မြတ်စွာဘုရားတည်းဟူသော အဆွေခင်ပွန်းကောင်းကို အကြောင်းပြု၍ အိုနာသေစသော ဘေးဆိုးတို့မှ လွန်မြောက်ကာ လောကုတ္တရာစီးပွားဖြစ်သည့် မဂ်ချမ်းသာဖိုလ်ချမ်းသာကိုခံစားနိုင်ကြောင်း ကလျာဏမိတ္တသုတ်၌ ဘုရားရှင်မိန့်တော်မူပေသည်။

ကလျာဏမိတ္တတို့နှင့်နေထိုင်ရှင်သန်ကာ ဘဝခရီး၌ သောကမနေ သုခအထွေထွေဖြစ်ကြောင်း ကြိုးစားကြရပေမည်။ မိမိကိုယ်တိုင် ကောင်းသောအတွေး၊ ကောင်းသောအကြံ၊ ကောင်းသောအပြော၊ ကောင်းသောအလုပ်တို့နှင့် နေထိုင်ရှင်သန်လျက်ကောင်းမှုတို့ထုံမွမ်းသော ကလျာဏမိတ္တကောင်းဖြစ်ရပေမည်။ ထို့နောက် မိမိဝန်းကျင်သည်လည်း ကောင်းဝန်းကျင်လေးတည်ဆောက်ကာ ထိုမှတစ်ဆင့် မိမိမြို့နယ်၊ ရွာ၊ မိမိတို့နိုင်ငံအထိ လောကကောင်းကျိုး သယ်ပိုးနိုင်ကြပါစေကြောင်း ဆန္ဒပြုရေးသားလိုက်ရပါသည်။

ကိုးကား

- မဃဝေလင်္ကာ(မန်လည်ဆရာတော်)
- မိတ်ကောင်းဆွေကောင်းနှင့်ခရီးသွားခြင်း (နန္ဒာသိန်းဇံ)
- ပါမောက္ခချုပ်ဆရာတော်ဒေါက်တာ နန္ဒမာလာဘိဝံသ
- ဓမ္မပဒ
- အခြေခံပညာသင်ရိုးပါ ပုံပြင်များ
- သိင်္ဂါလောဝါဒသုတ်
- မဟာသုတသောမဇာတ်
- ကလျာဏမိတ္တသုတ်
- အာနန္ဒာသုတ်
- ဦးသန့်၏အဆိုအမိန့်များ

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ဗန်းမော်မြို့နယ်အတွင်းရှိ ဘာသာရေးကျောင်းများအား သွားရောက်လှူဒါန်းပြီး ယာယီတိုက်ပွဲရှောင်ပြည်သူများအား ဆန်ရိက္ခာနှင့် ထောက်ပံ့ငွေများပေးအပ်

မြစ်ကြီးနား ဖေဖော်ဝါရီ ၂၄

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ဗန်းမော်မြို့သို့ ရောက်ရှိနေသော ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၉ နာရီက ဗန်းမော်မြို့ပေါ်ရှိ ဘာသာရေးကျောင်းများသို့ သွားရောက်ပြီး ဆုတောင်းမေတ္တာပို့သမှုခံယူကာ လှူဒါန်းမှုများကို ဆောင်ရွက်ခဲ့ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ဗန်းမော်မြို့ ညောင်ပင်ရပ်ကွက်အတွင်းရှိ ဗန်းမော်ခရိုင် နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်ရုံး၌ နှစ်ခြင်းခရစ်ယာန်အသင်းတော်အသီးသီးမှ သိက္ခာတော်ရဆရာတော်များ၊ အသင်းတော်တာဝန်ရှိသူများနှင့် သွားရောက်မိတ်ဆက်တွေ့ဆုံခဲ့ကြသည်။



**ပေးအပ်လှူဒါန်း**

ထိုသို့ မိတ်ဆက်တွေ့ဆုံရာတွင် ပြည်နယ်ဝန်ကြီးချုပ်က ဗန်းမော်ခရိုင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ဆုတောင်းမေတ္တာပို့သမှုဖြင့် ပါဝင်ကူညီကြရေးပြောကြားပြီး အဖွဲ့ချုပ်အတွက် သစ်သီးပန်းခြင်းနှင့် အလှူငွေကျပ် ငါးသိန်း၊ အသင်းတော်အသီးသီးမှ သိက္ခာတော်ရဆရာတော်များအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းခဲ့ကြကာ သိက္ခာတော်ရဆရာတော်များ၏ လိုအပ်ချက်များ တင်ပြမှုအပေါ် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် ဗန်းမော်မြို့ မင်းကုန်းရပ်ကွက်ရှိ သီရိမင်္ဂလာကန်ဦးကျောင်းတိုက်သို့ သွားရောက်ပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တကေသဝအား သွားရောက်ဖူးမြော်ကြည်ညိုကြကာ သစ်သီးခြင်းနှင့် အလှူငွေကျပ်ငါးသိန်းကို လည်းကောင်း၊ ထိုမှတစ်ဆင့် ပေါက်ကုန်းရပ်ကွက်ရှိ ကက်သလစ်အသင်းတော် ဘုရားကျောင်းသို့ သွားရောက်ပြီး ဖာသာရေမွန်ဆွမ်လွတ်ဂမ်၊ အသင်းသား အသင်းသူများနှင့် မိတ်ဆက်တွေ့ဆုံကာ သစ်သီးခြင်းနှင့် အလှူငွေကျပ်ငါးသိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြပြီး ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ ဗန်းမော်ခရိုင် တည်ငြိမ်အေးချမ်းရေးအတွက် ဆုတောင်းမေတ္တာပို့သမှုကို ခံယူခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဗန်းမော်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ အခြေခံပညာ Grade-5 နှင့် Grade-9 ကျောင်းသားကျောင်းသူများ စာမေးပွဲဖြေဆိုမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဗန်းမော်မြို့ သိမ်တော်ကြီးဘုရားဝင်းအတွင်းရှိ မဟာသိမ်တော်ကြီးဓမ္မာရုံ၌ လတ်တလော နယ်မြေမတည်ငြိမ်မှုဖြစ်စဉ်များကြောင့် မံစီမြို့နယ်အတွင်းရှိ စီခမ်းကြီးကျေးရွာ၊ စီအူကျေးရွာ၊ သံတံတားကျေးရွာများမှ ခေတ္တတိမ်းရှောင်လာသော ဒေသခံပြည်သူများအား သွားရောက်တွေ့ဆုံအားပေးသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်နယ်ဝန်ကြီးချုပ်က မိမိတို့ရပ်ရွာများတွင် မတည်ငြိမ်မှုကြောင့် ယခုလို ပြောင်းရွှေ့လာသော မိသားစုများအနေဖြင့် အားငယ်ကြောက်ရွံ့မှုမဖြစ်ပေါ်ဘဲ မိသားစုများ ဘေးအန္တရာယ်ကင်းရှင်းရေးကို ဦးစားပေးကြစေလိုကြောင်း၊ မိမိအစိုးရအဖွဲ့အနေဖြင့်လည်း မိသားစုများနှင့်အတူ ရပ်တည်ပြီး နေထိုင်စားသောက်ရေးအတွက် လိုအပ်သည်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အားပေးစကားပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဆန်ခြောက်ပြည်ပါ အိတ် ၂၀၀၊ ခေါက်ဆွဲခြောက်ဖာ ၂၀၀၊ အခြေခံစားသောက်ကုန်များဖြစ်သည့် အာလူး၊ ခရမ်းချဉ်သီးနှင့် ပန်းဂေါ်ဖီများ၊ ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ မိသားစုများအတွက် ဆန်ရိက္ခာတစ်လစာအတွက် ထောက်ပံ့ငွေကျပ် ၆၁၄၇၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်အမှတ်(၁၁)စစ်မြေပြင်ဆေးတပ်ရင်းရှိ ဆေးရုံသို့သွားရောက်ပြီး အမှတ်(၈၈) ခြေမြန်တပ်မဌာနချုပ်၊ တပ်မမှူးဗိုလ်မှူးချုပ်နှင့် တပ်မတော်အရာရှိများ၊ ဆေးတပ်မှူး၊ တာဝန်ရှိသူများနှင့်အတူ ဆေးရုံအတွင်း ဆေးဝါးကုသမှုခံယူနေသော တပ်မတော်သားများအား လိုက်လံကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ခဲ့ကြသည်။

ပြည်နယ်(ပြန်/ဆက်)



## ရွှေဘိုသနပ်ခါးမှာ ပြည်တွင်းဈေးကွက်တွင်ရောင်းအားတက်နေသည့်အပြင် ထိုင်းနိုင်ငံဘက်ကလည်းမှာယူမှုရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရွှေဘိုသနပ်ခါးမှာ ပြည်တွင်းဈေးကွက်တွင် ရောင်းအားတက်နေသည့်အပြင် ထိုင်းနိုင်ငံကလည်း မှာယူမှုရှိနေကြောင်း သနပ်ခါးရောင်းဝယ်သူများထံမှ သိရသည်။ သနပ်ခါးသည် မြန်မာနိုင်ငံတွင် အသုံးပြုမှုအများဆုံး အလှပြင်ပစ္စည်းတစ်မျိုးဖြစ်ပြီး မြန်မာအမျိုးသမီးများ၏ သနပ်ခါးပါးကွက်ကျားသည် ကမ္ဘာကျော်အလှတစ်မျိုးပင်ဖြစ်သည်။

"အွန်လိုင်းပေါ်မှာရော အပြင်မှာရော ရွှေဘိုသနပ်ခါးက ရောင်းရတယ်။ ထိုင်းနိုင်ငံအထိ ပို့ရတာဆိုတော့ ထိုင်းနိုင်ငံမှာနေတဲ့သူတွေက ပြန်ရောင်းတာပေါ့။ ကျွန်မတို့ ရွှေဘိုသနပ်ခါးက အဓိကကတော့ အရာတော်ကထွက်တယ်။ အရာတော်သနပ်ခါးက ရွှေဘိုသနပ်ခါးပေါ့။ ပခုက္ကူကတော့ ပခုက္ကူသနပ်ခါးသပ်သပ်ပေါ့ မတူဘူး " ဟု ဖြိုးရွှေဘိုသနပ်ခါးရောင်းဝယ်ရေးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

သနပ်ခါးကို ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးက အများဆုံးမှာယူကာ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များကလည်း မှာယူမှုရှိပြီး တစ်ဆင့်ပြန်လည်ရောင်းချကြကြောင်း သိရသည်။ ဈေးနှုန်းများအနေဖြင့် ရွှေဘိုသနပ်ခါး လေးလက်မခွဲတစ်တုံးလျှင် ငွေကျပ် ၅၀၀ မှစတင်ကာ လက်မအရွယ်အစားအလိုက် အမြင့်ဆုံး ငွေကျပ် ၅၀၀၀ အထိ ဈေးပေါက်ကြောင်း သိရသည်။ သစ်တော်

# မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းကကြီးမှူး၍ အခြေခံမော်တာစက်ချုပ်သင်တန်း ဖွင့်လှစ်သွားမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA)က ကြီးမှူး၍ အလုပ်အကိုင်အခွင့်အလမ်း တိုးပွားစေရေး အခြေခံမော်တာစက်ချုပ်သင်တန်းကို လာမည့် မတ်လအတွင်း ထပ်မံဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

MGMAမှ ကြီးမှူးပြီး အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ်(၂၃၄)ကို မတ် ၄ ရက်မှ ၂၂ ရက်အထိ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာ (MGHRDC)၌ ဖွင့်လှစ်သွားမည်ဟု သိရသည်။



**ချိတ်ဆက်ပေး**

အဆိုပါသင်တန်းကို အထည်ချုပ်စက်ရုံများနှင့် နယ်ဝေးမှအလုပ်အကိုင်ရှာဖွေနေသူများ၊ အထည်ချုပ်စက်ရုံများတွင် လုပ်ကိုင်ရန် စိတ်ဝင်စားသူများအကြား ချိတ်ဆက်ပေးပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန် ရည်ရွယ်ကာ ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းပြီးဆုံးပါက အထည်ချုပ်စက်ရုံများဖြင့် ချိတ်ဆက်ကာ အလုပ်ရရှိရန် ကူညီပေးသွားမည်ဟု သိရသည်။

" Member ဝင်ထားတဲ့ စက်ရုံတွေက လာခေါ်ကျတော့ သင်တန်းဆင်းတဲ့သူတွေထဲက အလုပ်လုပ်မယ့်သူတွေဆိုရင် အလုပ်သွင်းပေးပါတယ်။ အခု စက်ရုံတွေမှာဆိုရင် အလုပ်သမားလိုအပ်ချက်တွေလည်း ရှိတာကြောင့် အလုပ်လုပ်မယ့်သူတွေကို အလုပ်သွင်းပေးနေပါတယ်" ဟု အဆိုပါသင်တန်းကျောင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ သင်တန်း၌ အထည်ချုပ်လုပ်ခြင်းဆိုင်ရာတွင် သိသင့်သိထိုက်သည့် ဗဟုသုတများ၊ ချုပ်နည်းအဆင့်ဆင့်များကို လက်တွေ့သင်ကြားမှုများဖြင့် သင်ကြားပေးသွားမည်ဖြစ်ပြီး အလုပ်သမားဥပဒေဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားပေးသွားမည်ဟု သိရသည်။

တက်ရောက်လိုသူများအနေဖြင့် ဖုန်း - ၀၉ ၉၄၀၈၅၈၃၅၀၊ ၀၉-၄၅၀၇၂၃၂၆၂၊ ၀၉-၉၄၀၃၉၁၂၅၇၀၊ ၀၉-၇၈၄၀၈၅၇၉၄၊ ၀၉-၉၆၉၈၆၅၀၂၄ တို့သို့ ဆက်သွယ်စာရင်းပေးသွင်း တက်ရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။


MT၊ Photo-MGMA

❖ **ကျောဖုံးမှ**

လေဗာကူဆင်အသင်းဟာ ဒုတိယပိုင်းပွဲကစားချိန် ၆၈ မိနစ်မှာ အန်းဒရစ်ချ်ရဲ့သွင်းဂိုးထပ်မံရရှိခဲ့လို့ မိန့်ဇ်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး အန်းဒရစ်ချ်ရဲ့သွင်းဂိုးဟာ အခုဘောလုံးရာသီမှာ လေဗာကူဆင်အသင်းအတွက် ပထမဆုံးဘွန်ဒက်လီဂါသွင်းဂိုးလည်း ဖြစ်ပါတယ်။


မိန့်ဇ်အသင်းကတော့ လေဗာကူဆင်အသင်းကို ရှုံးနိမ့်ခဲ့တဲ့ပွဲစဉ်မှာ ပွဲကစားချိန်မိနစ် ၈၀ မှာ အင်န်ဂါကမ် တိုက်ရိုက်အနီကတ်ပြခံခဲ့ရလို့ တစ်ယောက်လျော့နဲ့ ကစားခဲ့ရတာလည်းဖြစ်ပါတယ်။ မိန့်ဇ်အသင်းကို အနိုင်ရရှိခဲ့တဲ့ လေဗာကူဆင်အသင်းဟာ ၃၃ ပွဲအထိ ရှုံးပွဲမရှိ စံချိန်တင်နိုင်ခဲ့တဲ့အပြင် ဘွန်ဒက်လီဂါအမှတ်ပေးဇယားမှာ အမှတ်ပေးဇယား ဒုတိယနေရာက ဘိုင်ယန်မြူးနစ်အသင်းနဲ့ လိုက်ပ်ဇစ်အသင်းတို့ပွဲစဉ် မတိုင်မီ ဘိုင်ယန်မြူးနစ်အသင်းကို ၁၁ မှတ်ဖြတ်ကာ ဇယားထိပ်မှာ ဆက်လက်ဦးဆောင်ခွင့်ရရှိခဲ့တာလည်း ဖြစ်ပါတယ်။ ငွေကြယ်

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)




## မဟာဗုဒ္ဓဝင်အနှစ်ချုပ်

စာရေးသူ ဝေမိုး(ကျွန်းလှ) စီစဉ်ရေးသားသည့် မဟာဗုဒ္ဓဝင်အနှစ်ချုပ်စာအုပ် ထွက်ရှိလာသည်။

ဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးနောက် မဟာသက္ကရာဇ် ၁၀၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်နေ့တွင် ဖွားမြင်တော်မူခဲ့ရာ ကပိလဝတ်နေပြည်တော်သို့ ကြွတော်တော်မူခဲ့၏။ ယင်းသို့ ကြွရောက်တော်မူ၍ ဇာတိမာန်ခက်ထန်ကြသည့် သာကီဝင်မင်းတို့ကို တန်ခိုးတော်ပြ ဆုံးမတော်မူခဲ့၏။ ထိုသို့ တန်းခိုးတော်ပြ ဆုံးမတော်မူပြီးနောက် ရတနာစင်္ကြံ၌ စင်္ကြံကြွတော်မူလျက် တရားဓမ္မဟောကြားတော်မူစဉ် တရားစစ်သူကြီး အရှင်သာရိပုတ္တရာ မေးမြန်းလျှောက်ထားသဖြင့် ဗုဒ္ဓဖြစ်တော်စဉ်ကို ဟောတော်မူခဲ့၏။ ထိုသို့ ဟောကြားတော်မူရာတွင် ကိုယ်တော်မြတ်၏ဖြစ်တော်စဉ်ကို အဓိကထားတော်မူလျက် ရှေးရှေးဘုရားရှင် ၂၇ ဆူတို့၏ ဖြစ်တော်စဉ်များကိုပါ အကျဉ်းနည်းဟောတော်မူခဲ့၏။ ဘုရားရှင်ဟောတော်မူသော ဗုဒ္ဓဝင်ဒေသနာတော်သည် နိဒါန်းနှင့်တကွ ဂါထာပေါင်း ၁၀၇၀ ဂါထာရှိ၏။ ဘာဏဝါရအားဖြင့် ၄ ဘာဏဝါရရှိ၏။

ပထမသင်္ဂါယနာတွင် အရှင်မဟာကဿပစသည့် မထေရ်မြတ်တို့က ဗုဒ္ဓဝံသပါဠိတော်ကို သုတ္တန္တပိဋက၊ ခုဒ္ဒကနိကာယ်အတွင်း တည့်သွင်းလျက် သင်္ဂါယနာတင်တော်မူခဲ့ကြသည်။ ဆဋ္ဌမူ စာမျက်နှာအနေဖြင့် ၈၅ မျက်နှာရှိ၏။ ဗုဒ္ဓဝံသပါဠိတော် အဖွင့်အဋ္ဌကထာကို သီဟိုဠ်ကျွန်း၊ အနုရာဓမြို့အရှေ့ဘက်၊ စောဠတိုင်းကာဝီရပဋ္ဋနသဘော်ဆိပ်ကျောင်းတိုက်မှ အရှင်ဗုဒ္ဓဒတ္တမထေရ်မြတ်က စီရင်ရေးသားတော်မူခဲ့၏။ ၂၆ ဘာဏဝါရရှိသော ယင်းအဋ္ဌကထာကို "မဓုရတ္ထဝိသာလိနီ"ဟုခေါ်၏။

စာအုပ်ကို သီရိရတနာစာပေ၊ ဗဟန်း၊ (၂)လမ်း။ ဖုန်း-၀၉ ၇၇၇၉၃၈၈၀၈၊ ၀၉-၅၁၂၅၂၈၅နှင့် ကိုလတ်စာပေ၊ အမှတ် (၂၀၀)၊ (၃၁)လမ်း(အထက်)။ ဖုန်း-၀၉၅၀၂၀၀၈၈တို့မှ တန်ဖိုးငွေကျပ် ၁၈၀၀၀ ဖြင့် ဖြန့်ချိသည်။




## မိုင်းဖုန်းဆရာတော်နှင့် ထူးခြားသည့် စံကားဝါသားဆင်းတုတော်များ


စာရေးသူ သီပေါကိုလတ် စီစဉ်ရေးသားသည့် မိုင်းဖုန်းဆရာတော်နှင့် ထူးခြားသည့် စံကားဝါသားဆင်းတုတော်များစာအုပ် ထွက်ရှိလာသည်။

မိုင်းကျက် တရားလိုဏ်ဂူအတွင်း မဝင်ရောက်မီ မိုင်းဖုန်းဆရာတော်က ဦးစဝ်ကိုင်ဖအား ရှမ်းပြည်နယ်အတွင်း စံကားဝါပင်ကြီးတစ်ပင်လဲကျနေသည်ဟု အာရုံနိမိတ်ရှိကြောင်း၊ အဆိုပါ စံကားဝါသားကို ဘုရားဆင်းတုတော်များ ကြည်ညိုသပ္ပါယ်ဖွယ်ရာ ထုဆစ်သွားစေလိုကြောင်း၊ ဘုရားဆင်းတုတော်ကို နေရာဒေသအနှံ့ရှိကြည်ညိုသူများ ပူဇော်ကိုးကွယ်နိုင်ရန် စေတီယကုသိုလ်တော်အဖြစ် ပင့်ဆောင်လှူဒါန်းပေးကြရမည်ဖြစ်ကြောင်း မိန့်ဆိုမှာကြားတော်မူခဲ့သည်။

ဗုဒ္ဓကိုယ်ပွား မုဒြာအစုံ ဆင်းတုတော်များ ထုဆစ်သောအခါ ထူးခြားအံ့ဖွယ်မှာ အလိုတော်ပြည့်မုဒြာဆင်းတုတော်လက်တော်၌ သစ်ကွက်ကျောက်ကွက် (စဓဗ၀)များ ပေါ်နေခြင်း၊ ထိုင်တော်မူ ဒူးတော်နှစ်ဖက်တွင် သစ်ကွက်ကျောက်ကွက်(စဓဗ၀) ပေါ်နေခြင်းဖြင့် ဥပဂုတ္တရဟန္တာအရှင်သူမြတ်ကိုယ်ပွား ဆင်းတုတော်ထုဆစ်သောအခါ ဦးခေါင်းတော်၌ နေလပေါ်ထွန်းခြင်း၊ ကျောပန်းတော်တွင် ရေလှိုင်းများပေါ်နေခြင်းတို့ကို ထူးခြားစွာ ဖူးမြင်တွေ့နိုင်ပါသည်။

ဗုဒ္ဓကိုယ်ပွားဆင်းတုတော်များ ယာယီစံကျောင်းတော်၌ ကိန်းဝပ်စံပယ်လျက်ရှိသော ဆင်းတုတော် ၁၄ ဆူ အပါအဝင် တစ်ပင်တည်းသား ဆင်းတုတော် ၃၈၇ဆူကို အနယ်နယ်အရပ်ရပ်သို့ ကြွမြန်းကိန်းဝပ်စံပယ်ကြွကုန်သော အဆူဆူသော မုဒြာအစုံ ဆင်းတုတော် ၃၈၇ဆူ အာရုံပြု မဟာကုသိုလ်ပြုပွဲကို ဘုရားအနေကဇာတင်ရေစက်ချခြင်းကို ဘုရားဒါယကာ၊ အလှူရှင်များ စုပေါင်းပြုလုပ်ခဲ့ကြသည်။

စာအုပ်ကို ရှင်မတောင်စာပေ။ ဖုန်း-၀၉ ၇၉၈၁၈၉၁၄၈နှင့် ၀၉ ၇၆၀၄၆၈၁၃၈တို့မှ တန်ဖိုးငွေကျပ် ၂၅၀၀ဖြင့် ဖြန့်ချိသည်။





## သံပေါက်ပင်လယ်

မင်းဇော(တောင်သမန်) စီစဉ်ရေးသားသည့် သံပေါက်ပင်လယ် စာအုပ် ထွက်ရှိလာသည်။

သံပေါက်သည် ကျက်လွယ် မှတ်လွယ် နားစွဲလွယ်သော လင်္ကာအမျိုးအစားဖြစ်သည်။ မိမိပြောလိုသော အကြောင်းအရာကို အချိန်တိုတိုအတွင်း ထိထိမိမိပြောနိုင်သည်။ သံပေါက်ရေးနည်းကို မြန်မာပညာရှိ အကျော်အမော်များ အသုံးပြုရေးဖွဲ့ခဲ့ကြသည်။ "အစလေးလုံး အလယ်သုံး အဆုံးငါးခုနစ်" ဟူသော ပင်မကျောရိုးမှ ဆင့်၍ တီထွင်ရေးစပ်ရသော သံပေါက်ရေးနည်းများကလည်း အမျိုးမျိုး အထွေထွေရှိသည်။ သံပေါက်ပင်လယ် စာစုဆောင်းပါးစာအုပ်သည် သံပေါက်စာများကို တန်ဆာဆင်ဖွင့်ဆိုညွှန်ပြထားသည့်အတွက် စာပေဝါသနာပါသူများနှင့် လောကီ လောကုတ္တရာ သုတများရှာမှီးနေသူများအတွက် အကျိုးများလှသည်။ ကိုယ်တိုင်ဝင်ရောက်၍ ကူးခတ်ကြည့်ပါ၊ မြည့်စမ်းကြည့်ပါက အကျိုးတစ်စုံတစ်ရာရရှိမည် ဖြစ်သည်။

အဆိုပါစာအုပ်တွင် ပထမထွင်ခေါင်ဆရာတော်နှင့် ခတ်ကမ္ဗဌာန်သံပေါက်၊ ဒုတိယထွင်ခေါင်ဆရာတော်နှင့် ကမ္ဗဌာန်သံပေါက်၊ ဆီးဘန်းနီဆရာတော်၏ ကမ္ဗဌာန်သစ်သံပေါက်များ၊ မန်လည်ဆရာတော်၏ ကမ္ဗဌာန်သစ်သံပေါက်များ၊ လယ်တီဆရာတော်၏ သံခိပ်သံပေါက်များ၊ ကြည့်ကန်၊ ကျီးသဲနှင့် စွယ်စုံကျော်ထင်ကျမ်း၊ စိန္တကျော်သူဦးဩ၏ ကဝိလက္ခဏာသတ်ပုံနှင့် စံကင်းဆရာတော်၏ ယဉ်ကျေးလိမ္မာသံပေါက်စာ စသည့်အကြောင်းအရာ ၂၀ ကျော်ကို ရေးသားထားသည်။

စာအုပ်ကို ပျိုးခင်းစာပေ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ဝင်း) ကမ္ဘာအေးကုန်မြေ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉ ၂၅၀၉၀၃၉၆၉ နှင့် ၀၉ ၆၉၀၆၀၆၉၆၁ တို့မှ တန်ဖိုးငွေကျပ် ၁၀၀၀၀ ဖြင့် ဖြန့်ချိသည်။




## ခေါက်ထီးလေးတစ်လက်နှင့် မဂ္ဂဇင်းဝတ္ထုစုစည်းမှု

စာရေးသူ တက္ကသိုလ်စိုးစံ စီစဉ်ရေးသားသည့် ခေါက်ထီးလေးတစ်လက်နှင့် မဂ္ဂဇင်းဝတ္ထုစုစည်းမှုစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် အမွေဆိုတာ ပစ္စည်းဥစ္စာကိုတင် အမွေလို့ခေါ်တာမဟုတ်ဘူး။ မျိုးရိုးတို့၊ မျိုးနွယ်တို့၊ ကုသိုလ်တို့ဆိုတာတွေကလည်း အမွေတွေပဲ။ ဒါကြောင့် မျိုးရိုးတို့၊ မျိုးနွယ်တို့ရဲ့ ဂုဏ်တွေ၊ လုပ်ဆောင်ချက်တွေက မျိုးဆက်အပေါ်မှာ သက်ရောက်မှုရှိတာဖြစ်ပါတယ်။ စည်းစိမ်ဥစ္စာကိုမှ အမွေဆက်ခံရတာမဟုတ်ဘူး။ ကုသိုလ်ကိုလည်း အမွေဆက်ခံဖို့ဝတ္တရားရှိပါတယ်။

အမွေဆိုတာ တန်ဖိုးရှိတဲ့ အရာဖြစ်ပေမယ့် တန်ကြေးဖြတ်လို့ရတဲ့ အမွေရှိသလို၊ တန်ကြေးဖြတ်လို့မရတဲ့အမွေမျိုးလည်း ရှိပါတယ်။ တချို့တန်ကြေးဖြတ်လို့မရတဲ့ အမွေမျိုးမှာ မျက်စိနဲ့မမြင်ရတဲ့တန်ဖိုးများ ကိန်းအောင်းနေတတ်ပါတယ်။

လူတစ်ယောက်မှာ ကံငါးပါးရှိတဲ့အနက် အိမ်ထောင်ရေးကံကောင်းဖို့ အိမ်ထောင်ဖက်ရွေးချယ်မှုဟာ အရေးကြီးပါတယ်။ အိမ်ထောင်ဖက်ကို ဘယ်လိုရွေးမလဲ။ အများစုရွေးချယ်ပုံကတော့ အမြင်အာရုံအရတွေ့ရှိလွယ်တဲ့ အရည်အသွေးမျိုးရှိသူကိုသာ နှလုံးသားခံစားချက်နဲ့ ရွေးချယ်တတ်ကြပါတယ်။ ဒါ့ကြောင့် အဲဒီလို ရွေးချယ်မှုမှာ ရုပ်ရည်၊ ပညာ၊ အရည်အချင်း၊ ပစ္စည်းဥစ္စာ၊ အလုပ်အကိုင် စတဲ့ အချက်အလက်တွေက စိတ်ကူးယဉ် ရွေးချယ်ခံပစ်မှတ်တွေဖြစ်ပါတယ်။

စာအုပ်ကို ရှင်မတောင်စာပေ၊ အမှတ် (၂၁၉)၊ လမ်း (၄၀) လယ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၇၇၇၁၃၉၄၇၇ နှင့် ၀၉ ၇၉၈၁၈၉၁၄၈ တို့မှ တန်ဖိုးငွေကျပ် ၈၀၀၀ ဖြင့် ဖြန့်ချိသည်။

## တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေး အထောက်အကူပြု ဘာသာရပ်ဆိုင်ရာစွမ်းရည်မြှင့်ဆွေးနွေးပွဲ မကွေးတိုင်းဒေသကြီးတွင်ကျင်းပ

မကွေး ဖေဖော်ဝါရီ ၂၄

မကွေးတိုင်းဒေသကြီး ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေး အထောက်အကူပြု ဘာသာရပ်ဆိုင်ရာ စွမ်းရည်မြှင့်ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက မကွေးတက္ကသိုလ် ဘွဲ့နှင်းခန်းမ၌ ကျင်းပသည်။

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲသည် စနစ်သစ်သင်ရိုး၏ ပထမဆုံးကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြစ်ပြီး ယခင်မေးနေကျမေးခွန်းပုံစံ၊ သဘောသဘာဝများနှင့်မတူဘဲ ပြောင်းလဲထားသော ပညာရေးစနစ်၏ မျှော်မှန်းချက်များနှင့် လိုက်လျောညီသည့် မေးခွန်းပုံစံအသစ်များကို ဖြေဆိုကြရမည်ဖြစ်၍ ကျောင်းသား ကျောင်းသူများနှင့် ပညာရေးနှင့်သက်ဆိုင်သူအားလုံးအတွက်ပါ အလေးထားကြရမည့် စာမေးပွဲတစ်ခုဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် ပညာရေးသည် အဓိကအရေးကြီးသောအခန်းကဏ္ဍမှပါဝင်သလို မျှော်မှန်းသည့် ပညာရေးရလဒ်များရရှိရန် အရည်အသွေးပြည့်မီသော ဆရာ ဆရာမများကသာ ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ နှလုံးလှသည့် ဆရာ ဆရာမများကသာ လူတော်များသာမက လူကောင်းတွေကိုပါ မွေးထုတ်ပေးနိုင်မည်ဖြစ်၍ မိမိ၏ အတတ်ပညာ၊ အသိပညာဆိုင်ရာ ဝမ်းစာများကို စဉ်ဆက်မပြတ် ဖြည့်ဆည်းနေရန်လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးများ၊ ပါမောက္ခချုပ်များနှင့် ပါမောက္ခများ၊ ပညာရေးမှူးများ၊ Grade 12 သင် ဆရာ ဆရာမများနှင့် Grade 12 ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



# ဒေသထွက်ကုန်များဖြင့် မိသားစုဝင်ငွေတိုး မြောင်းမြမြို့ ဘုရားငုတ္တိုရှမ်းစုကျေးရွာမှ ငွေခဲလေးအုန်းပီကေမုန့်လုပ်ငန်း

**မြောင်းမြမြို့နယ်တွင် အသေးစားစက်မှုလက်မှုလုပ်ငန်း မှတ်ပုံတင်ထားသူ ဦးရေ ၁၁၀ ရှိရာ ၎င်းတို့အနက်မှ မြောင်းမြမြို့ ဘုရားငုတ္တိုရှမ်းစုကျေးရွာရှိ ငွေခဲလေးအုန်းပီကေမုန့်လုပ်ငန်းဖြစ်သည့် အသေးစားစက်မှုလက်မှုလုပ်ငန်းသည် အနီးအနားရှိ ကျေးရွာသူ ကျေးရွာသားများကိုလည်း အလုပ်အကိုင်အခွင့်အလမ်းများရရှိစေပြီး တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေရရှိစေရန် ဖန်တီးပေးနိုင်သည့် အိမ်တွင်း တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းဖြစ်သည်။ ထို့ကြောင့် ငွေခဲလေးအုန်းပီကေမုန့်လုပ်ငန်းရှင်နှင့်တွေ့ဆုံ၍ အုန်းပီကေမုန့်ပြုလုပ်ပုံအဆင့်ဆင့်အား မေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်–**

**မေး။ ။ ငွေခဲလေး အုန်းပီကေမုန့်လုပ်ငန်းကို စတင်လုပ်ကိုင်ခဲ့တဲ့ခုနှစ်ကို ပြောပြပေးပါဦး။**

ဖြေ။ ။ ကျွန်တော်တို့ ဒီလုပ်ငန်းကို ၂၀၂၂ ခုနှစ်ကမှ စတင်လုပ်ကိုင်ခဲ့တာဖြစ်ပါတယ်။

**မေး။ ။ အုန်းသီးတွေ အခွံခွာနေတာတွေ၊ ခွဲပြီးအုန်းသီးသားတွေ ထုတ်နေတာလည်း တွေ့ရတယ်။ ဒီ အုန်းသီးကုန်ကြမ်းတွေကို ဘယ်ဒေသတွေက ရရှိပါသလဲ။**

ဖြေ။ ။ အုန်းသီး ကုန်ကြမ်းတွေကို မြောင်းမြမြို့နယ်နဲ့ အနီးတစ်ဝိုက်ကကျေးရွာတွေမှာရှိတဲ့ အုန်းခြံတွေက ရပါတယ်။ ကိုယ်တိုင်လည်း အုန်းခြံတွေကို သွားရောက်ပြီး ဝယ်ယူရတာရှိသလို၊ လာပို့တဲ့ အုန်းသီးကုန်သည်တွေဆီက ဝယ်ယူရတာလည်း ရှိပါတယ်။

**မေး။ ။ အုန်းပီကေမုန့် ပြုလုပ်ပုံအဆင့်ဆင့်ကို ပြောပြပေးပါဦး။**

ဖြေ။ ။ ဟုတ်ကဲ့ပါ။ ခူးဆွတ်လာတဲ့ အုန်းသီးတွေကို နေဒဏ်၊ မိုးဒဏ် ပြင်းပြင်းထန်ထန်မထိအောင် သိုလှောင်ရပါတယ်။ သိုလှောင်ထားတဲ့ အုန်းသီးတွေကို အခွံခွာ၊ အုန်းသီးအသားတွေထုတ်ပြီး ရေစင်အောင် ဆေးရပါတယ်။ ဆေးပြီးသား အုန်းသီးအသားတွေကို အုန်းသီးဖတ်လေးတွေရအောင် စက်နဲ့ ကြိတ်ခွဲပါတယ်။ ကြိတ်ခွဲပြီးသား အုန်းသီးဖတ်တွေကို သကြား၊ ကပ်စေးနှဲ၊ အုန်းသီး အချိုးကျရောစပ်ပြီး ကျိုချက်ရပါတယ်။ ညောင်စေးအနေအထားကို ကျော်ပြီး စေးကပ်ပြီး မုန့်လုံးလို့ရတဲ့ အနေအထားအထိ အဆက်မပြတ် မွှေပေးရပါတယ်။ လိုချင်တဲ့ မုန့်အရောင်အနေအထားရအောင် မီးအပူချိန်ညှိပြီး သေသေချာချာလေး ကျိုချက်ရပါတယ်။ ကျိုချက်ပြီးမုန့်တွေကို အအေးခံပြီး မုန့်လုံးလို့ရတဲ့ အနေအထားရပြီဆို သတ်မှတ်ထားတဲ့ အလေးချိန် ချိန်တွယ်ပြီး မုန့်တွေကိုလုံးပါတယ်။ ၁၃ ကျပ်သားကို အလုံး ၃၀ လုံးပါတယ်။ ၂၀၀ ဂရမ် ရှိပါတယ်။





**မေး။ ။ ရောင်းဈေးကို ဘယ်လိုသတ်မှတ်ထားပါသလဲ။ မုန့်က အချိန်ကာလဘယ်လောက်အထိအထားခံပါသလဲ။**

ဖြေ။ ။ ရောင်းဈေးကတော့ ၂၀၀ ဂရမ်ရှိတဲ့ အလုံး ၃၀ ပါတဲ့ မုန့်တစ်ထုပ်ကို ကျပ် ၁၅၀၀၊ တစ်ဘူးကို ကျပ် ၂၀၀၀ တန်တွေလည်း ရှိပါတယ်။ ကျပ် ၂၀၀၀ တန်ကတော့ လက်ဆောင်ပေးလို့ရအောင်ပါကင်ဘူးလှလှလေးတွေနဲ့ ထုပ်ပိုးထားပါတယ်။ ကလေးတွေ သူတို့ရတဲ့မုန့်ဖိုးလေးနဲ့ဝယ်စားလို့ရအောင် တစ်ထုပ်ကို ကျပ် ၅၀၀ တန် အထုပ်အသေးလေးတွေလည်း ထုတ်လုပ်ရောင်းချပါတယ်။ ကျွန်တော်တို့မုန့်က အေးပြီး ခြောက်သွေ့တဲ့ နေရောင်ခြည်နဲ့ တိုက်ရိုက်မထိတွေ့တဲ့နေရာမှာ ထားသိုမယ်ဆို တစ်လအထိ အထားခံပါတယ်။

**မေး။ ။ ဘယ်ဒေသတွေကို အဓိက ဖြန့်ဖြူးရောင်းချပါသလဲ။**

ဖြေ။ ။ အုန်းသီးကို အခြေခံပြီးလုပ်တဲ့ မုန့်ဖြစ်တဲ့အတွက် အုန်းသီး ရှားပါးတဲ့ အညာဒေသတွေကို အဓိက ဖြန့်ဖြူးရောင်းချပါတယ်။ ညောင်ဦး၊ ပခုက္ကူ၊ မန္တလေး၊ မကွေးဘက်တွေကို ပို့ပါတယ်။ ပြီးတော့ ရှမ်းပြည်နယ် အောင်ပန်း၊ ကလောကို ပို့သလို မြဝတီဘက်ကိုလည်း တင်ပို့တာရှိပါတယ်။ ရန်ကုန်မှာဆိုရင် သန်လျင်ဘက်ကို ဖြန့်ဖြူးပါတယ်။ ဧရာဝတီတိုင်းဒေသကြီး အတွင်းမှာလည်း ဖြန့်ဖြူးရောင်းချပါတယ်။



**မေး။ ။ ထုတ်ကုန်ကို လူပိုသိလာအောင်၊ သူများတွေထက် ဈေးကွက်ကို ထိုးဖောက်နိုင်အောင် ဘယ်လိုမျိုး ကြိုးစားလုပ်ဆောင်ပါသလဲ။**

ဖြေ။ ။ ကိုယ့်ထုတ်ကုန်ပစ္စည်းကို လူပိုစိတ်ဝင်စားလာအောင်နဲ့ လူပိုသိလာအောင် Online Page ကတစ်ဆင့် မိတ်ဆက်ပေးတာ၊ မဲဖောက်ပေးတာတွေ လုပ်ပါတယ်။ မှာယူတဲ့သူတွေ အလွယ်တကူ ဝယ်ယူစားသုံးနိုင်ဖို့ Deliverer နဲ့ ချိတ်ဆက်ပို့ဆောင်ပေးနေတာတွေလည်း ရှိပါတယ်။

**မေး။ ။ အုန်းပီကေ လုပ်ငန်းအပြင် အုန်းသီးနဲ့ ဆက်စပ်နေတဲ့ တခြားလုပ်ငန်းတွေ လုပ်ကိုင်ဖို့ရှိပါသလား။**

ဖြေ။ ။ ရှိပါတယ်။ အုန်းသီးကို အဓိက အခြေခံပြီးလုပ်ကိုင်တာဖြစ်တဲ့အတွက် မြန်မာနိုင်ငံ အုန်းသီးအသင်းနဲ့ ချိတ်ဆက်ထားတာလည်း ရှိပါတယ်။ အုန်းသီးအသင်းရဲ့ နည်းပညာဖြန့်ဝေပေးမှုတွေလည်း ရရှိပါတယ်။ အဲဒီကနေမှ တစ်ဆင့် ရရှိလာတဲ့နည်းပညာတွေနဲ့ အုန်းမီးသွေး၊ အုန်းရှာလကာရည်၊ အုန်းဆံအမျှင်ကနေ အုန်းဆံကြိုးနဲ့ တခြားကုန်ပစ္စည်းတွေထုတ်ဖို့ စီစဉ်ထားတာ ရှိပါတယ်။

**မေး။ ။ လုပ်ငန်း လုပ်ကိုင်ရာမှာ ကြုံတွေ့ရတဲ့ အခက်အခဲတွေ ရှိရင် ပြောပြပေးပါဦး။**

ဖြေ။ ။ အခက်အခဲကတော့ အခြေခံက အုန်းသီးဖြစ်တဲ့အတွက် တချို့ရာသီတွေမှာ ဥပမာ– ပွဲတော်များတဲ့လတွေမှာ အုန်းသီးဈေးတွေက မြင့်တက်တယ်။ ဈေးနှုန်းမြင့်တက်တဲ့ အခါကျတော့ စားသုံးသူကို ပြန်ဖြန့်ရတဲ့ အခါ ဈေးနှုန်းကိုက်ညီအောင် ကြိုးစားရတာတွေ၊ အရှုံးပေါ်တာလေးတွေလည်း ရှိပါတယ်။ နောက်တစ်ခုက မိုးတွင်းဘက်ဆိုရင် အုန်းပင်တက်ရတာ ရေညှိတွေနဲ့ချောပြီး အန္တရာယ်ရှိလို့ တက်ရတာခက်တာရှိပါတယ်။ အဲဒီလိုအချိန်ကျရင် အုန်းသီးရှားပါးတာရှိပြီး ကုန်ကြမ်းပြတ်မှာ စိုးရိမ်ရတာရှိပါတယ်။

**မေး။ ။ အသေးစား စက်မှုလက်မှု လုပ်ငန်းတွေကို လုပ်ကိုင်နေတဲ့လုပ်ငန်းရှင်တွေကို အကြံပြုစကား ပြောပေးပါဦး။**

ဖြေ။ ။ ကျွန်တော်တို့ အသေးစား စက်မှုလက်မှု လုပ်ငန်းတွေ အနေနဲ့ အခက်အခဲတွေကတော့ ကြုံတွေ့နေရတာပါပဲ။ အဓိကကတော့ ငွေကြေးအခက်အခဲ၊ ကုန်ကြမ်းအခက်အခဲ၊ တခြားအကြောင်းအမျိုးမျိုးနဲ့ အခက်အခဲတွေ အများကြီးရှိပါတယ်။ အခက်အခဲတွေကတော့ လူတိုင်းနေရာတိုင်းမှာ ရှိကြပါတယ်။ အဓိကတော့ ကိုယ်ဖြစ်ချင်တာဘာလဲ၊ ဘယ်လောက်အတိုင်းအတာအထိသွားနိုင်လဲ၊ အခက်အခဲပေါ်မှာပဲ မဆုတ်မနစ်ကျော်လွှားကြရမှာ ဖြစ်ပါတယ်။ တစ်ချိန်ကျရင် ကိုယ်လိုချင်တဲ့ ပန်းတိုင်ကို ရောက်ရှိမှာဖြစ်ပါတယ်လို့ပဲ အားပေး အကြံပြုပြောချင်ပါတယ်။

**မေး။ ။ အုန်းပီကေ ထုတ်ကုန်ကို MSME ပြပွဲတွေမှာ ပါဝင်ပြသတာရှိပါသလား။**

ဖြေ။ ။ ရှိပါတယ်။ မြောင်းမြမြို့နယ်ရဲ့ ထုတ်ကုန်တစ်ခု အနေနဲ့ MSME ပြပွဲတွေမှာ ဝင်ရောက်ပြသတာ ရှိပါတယ်။ အခုဖေဖော်ဝါရီလအတွင်းမှာ အုန်းသီးအသင်းက ကျင်းပမယ့် ပြပွဲ၊ ပြိုင်ပွဲတွေမှာလည်း ဝင်ရောက်ပြသယှဉ်ပြိုင်ဖို့ ရှိပါတယ်။

အခုလို တွေ့ဆုံဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ။



**တွေ့ဆုံမေးမြန်း - စန္ဒာထွန်း (မြောင်းမြခရိုင် ပြန်/ဆက်)**
**ဓာတ်ပုံ - ဇေယျာ (ပြန်/ဆက်)**



**ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ**

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ လမ်း(၂၀)၊ တိုက်အမှတ်(၁၁၈.A)၊(၄)ခန်းတွဲ(၇)ထပ်တိုက်၏(၅)လွှာ၊ အကျယ်အဝန်း(၁၂ပေခွဲX၄၀ပေ)ရှိတိုက်ခန်းနှင့်ယင်းတိုက်ခန်းနှင့်ပတ်သက်သည့်အကျိုးခံစားခွင့်အားလုံးတို့ကိုတရားဝင်ဝယ်ယူ၍လက်ဝယ်ထားပိုင်ဆိုင်ကြောင်းဝန်ခံကတိပြုသူ ဦးထွန်းထွန်းမြင့်(၁၂/ကတတ(နိုင်)၀၂၂၃၁၇)(KTDA-006229)ထံမှကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်စရန်ငွေတစ်ချို့ကိုပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုပါက ဤကြော်ငြာစာထုတ်သည့်နေ့မှစ၍(၇)ရက်အတွင်းပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါကဥပဒေနှင့်အညီဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဦးအောင်ကျော်ထွန်း LL.B.,LL.M.
တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၁၆၃)
တိုက်အမှတ်(၁၅၇/၁၆၉)၊ အခန်းအမှတ်-B-2ပထမထပ်၊ ၃၆လမ်း(လယ်)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း၀၉–၄၀၈၁၈၅၅၉၉၉။



# မြန်အောင်မြို့နယ်၌ မျိုးစေ့ချကိရိယာဖြင့် နှမ်းစပါးစိုက်ပျိုး

မြန်အောင် ဖေဖော်ဝါရီ ၂၄

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် လဟာပေါက်ကျေးရွာ တောင်သူ ဦးသန်းဇော်မိုး၏ လယ်မြေ တစ်ဧက၌ ဖေဖော်ဝါရီ ၂၂ ရက်က တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် နွေစပါးမျိုးစေ့ချစိုက်ပျိုးခြင်း ကွင်းပိတ်ပွဲ ကျင်းပခဲ့သည်။

အဆိုပါ ကွင်းပိတ်ပွဲသို့ မြန်အောင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးလှိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမင်းထွန်း၊ မြန်အောင်ခရိုင်/မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ဒေသခံတောင်သူများ တက်ရောက်ကြပြီး မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဦးစိုးမြင့်အောင်နှင့် မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးဖြိုးဝေထွန်းတို့က တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းအားဖြင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် နွေစပါးကွင်းပိတ်ပွဲ ရက်၉၀ စပါးမျိုး စိုက်ပျိုးခြင်းအား ကြည့်ရှုအားပေးခဲ့ကြသည်။

မြန်အောင်မြို့နယ်အတွင်း၌ ၂၀၂၄ ခုနှစ်အတွင်း နွေစပါးဧက ၉၈၃၀ စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

ဝင်းဗိုလ် (ပြန်/ဆက်)



# ကျိုင်းတုံမြို့မဈေးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် သရုပ်ပြဇာတ်တိုက်လေ့ကျင့်

ကျိုင်းတုံ ဖေဖော်ဝါရီ ၂၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့မဈေးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို ဖေဖော်ဝါရီ ၂၄ ရက်က ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးသူထိုက်နှင့် တပ်ဖွဲ့ဝင်များက မီးဘေးကြိုတင် ကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများကို အသိပညာပေး ပြောကြားပြီး ဈေးရောင်းချသူများနှင့်အတူ မီးသတ်ဆေးဘူး ကိုင်တွယ်အသုံးပြုနည်းများကို လက်တွေ့သရုပ်ပြ လေ့ကျင့်ဆောင်ရွက်ကြသည်။

ထို့နောက် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးဌာန ဝန်ထမ်းများ၊ လျှပ်စစ်ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့်အတူ ဈေးသူဈေးသားများက မြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်ယာဉ်များနှင့် လက်တွေ့သရုပ်ပြဇာတ်တိုက် လေ့ကျင့်ဆောင်ရွက်ကြရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလှိုင်းမောင်မောင်နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)

**"ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်ခရိုင်၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ ၅၅–လမ်း၊ အမှတ် (၁၆)ရှိ (၄)ခန်းတွဲ (၈)ထပ် အဆောက်အဦအနက် ပထမထပ် (ယာဘက်အခန်း)၊ အခန်းအကျယ် (အလျား ၁၂ ပေ ခွဲ x အနံ ၆၀ ပေ x အမြင့် ၉ ပေ)ရှိ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းတွင်တပ်ဆင်ထားသော လျှပ်စစ်မီတာ၊ ရေမော်တာ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ဦးတိုးအောင် [၁၂/ဗတထ (နိုင်) ၀၂၇၂၀၄]က ဝယ်ယူပိုင်ဆိုင်ကြောင်းနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"**

အထက်ဖော်ပြပါ တိုက်ခန်းကို ကျွန်ုပ်၏မိတ်ဆွေ ဦးတိုးအောင် [၁၂/ဗတထ (နိုင်) ၀၂၇၂၀၄]က (၄-၃-၂၀၀၇)ရက်စွဲပါ "နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ် ကတိစာချုပ်" ဖြင့် ဦးခင်ဇော် [၁၂/ဗတထ (နိုင်) ၀၂၇၁၈၈] ထံမှ ဝယ်ယူပိုင်ဆိုင်နေထိုင်လျက်ရှိပါသည်။ သို့ပါ၍ ကျွန်ုပ်၏မိတ်ဆွေ ဦးတိုးအောင် အမည်ပေါက်ဆောင်ရွက်မည်ဖြစ်ပါသောကြောင့် အထက်ပါ တိုက်ခန်းနှင့်ပတ်သက်ပြီး အကျိုးဆက်ခံခွင့်ရှိသူ မည်သူမဆို ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်တွေ့ဆုံကန့်ကွက်မှုမရှိပါက ကျွန်ုပ်မိတ်ဆွေအမည်ပေါက်ဖြစ်စေရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်သန်းသန်းစိန် LL.B, LL.M**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၇၈၀၀)**
**ရုံးခန်း။ ။ အမှတ် (၈၃)၊ အခန်း (၁၁)၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်းမကြီး၊ (၄)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၅၄၀၆၄၀၆၊ ၀၉–၂၅၄၉၅၁၁၇၇၊ ၀၉–၇၉၅၄၂၀၇၉၉**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်း/တောင်ရပ်ကွက်၊ မြင့်မိုရ်လမ်း၊အမှတ်(၄၃ )၊ (၇)ထပ်တိုက်၏ (၄)လွှာ ၊ (ခြေရင်းခန်း) ၊ ဧရိယာ (၁၅ပေ x ၆၀ ပေ) ဟုခေါ်တွင်သည့် တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးအား လက်ရှိပိုင်ဆိုင်ပြီး တရားဝင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်သည့် ဒေါ်ပြည့်ဖြိုးဝေ(၈/မကန(နိုင်)၁၅၁၀၀၄)နှင့် ဦးစွမ်းရည်ထွန်း (၈/မကန(နိုင်) ၂၁၇၅၀၂)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှအပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စ ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးမျိုးရန်အောင် (LL.B)
အထက်တန်းရှေ့နေ(စဉ်–၄၆၉၉၉)
အမှတ်–(၂၄–အေ)၊ရန်ပြေ(၁၃)လမ်း၊(၃)ရန်ပြေရပ်ကွက်၊
သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉၉၆၆၆၆၃၇၆၇

❍ MFF ဖူဆယ်လိဂ်–၁ မှ

ပွဲစဉ်(၁၅)အပြီးတွင် VUC အသင်းက ၄၅ မှတ်၊ Generations အသင်းက ၃၂ မှတ်၊ MIU အသင်းက ၃၁ မှတ်၊ Winner Soccer အသင်းက ၂၉ မှတ်၊ M2K အသင်းက ၁၇ မှတ်၊ Futsal–19 အသင်းနှင့် ဖူဆယ်ချစ်သူအသင်းတို့က ၁၆ မှတ်စီ၊ Dream Team အသင်းက ၁၅ မှတ်၊ လင်းလက်အသင်းက ၁၁ မှတ်၊ လက်ဝဲသုန္ဒရအသင်းက ခုနစ်မှတ် ရရှိထားသည်။

**ကိုညီလေး**

# သာယာဝတီမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာ လက်ကမ်းစာစောင်များ ဖြန့်ဝေ

သာယာဝတီ ဖေဖော်ဝါရီ ၂၄

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်တွင် ပြည်သူများအနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သတင်းအချက်အလက်များကို ကောင်းစွာသိရှိပြီး သတင်းအမှန်များသိရှိစေရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာ သတင်းစကား လက်ကမ်းစာစောင်များကို ယနေ့နံနက် ၉ နာရီက သာယာဝတီမြို့နယ် လူစည်ကားရာနေရာများတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် အခမဲ့ဖြန့်ဝေခဲ့ကြောင်း သိရသည်။

အဆိုပါ သတင်းစကားလက်ကမ်းစာစောင်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေရည်ရွယ်ချက်၊ စစ်မှုထမ်းရမည့် အသက်အရွယ်၊ ပြည်သူ့စစ်မှုထမ်းရန်ကာလ၊ အမျိုးသားရေးတာဝန်၊ စိုးရိမ်ရန်မလို၊ ဘာကြောင့် ပြည်သူ့စစ်မှုထမ်းစနစ် ကျင့်သုံးရတာလဲ၊ ပြည်သူ့စစ်မှုထမ်းတို့၏ ခံစားခွင့်များနှင့် နိုင်ငံ့ခေါင်းဆောင်များ၏ အဆိုအမိန့်များ စသည်တို့ကို ထည့်သွင်းဖော်ပြထားသည်။

အဆိုပါ သတင်းစကား လက်ကမ်းစာစောင်များကို မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက မြို့နယ်အတွင်းရှိလူစည်ကားရာနေရာများတွင် ဖြန့်ဝေခဲ့ကြပြီး အဆိုပါလက်ကမ်းစာစောင်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အခမဲ့ထုတ်ဝေခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ ၂၀၂၃-၂၀၂၄ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့်တွံတေးမွေးမြူရေးဇုန်တွင် အသစ်တည်ဆောက်မည့် ၃၃ ကေဗွီ ဓာတ်အားခွဲရုံဓာတ်အားရရှိရေးအတွက် ၃၃ ကေဗွီ ကောင်းကင်ဓာတ်အားလိုင်း(၁.၅)မိုင်ခန့်တည်ဆောက်ခြင်းလုပ်ငန်း နှင့် ဖောင်ကြီးမြို့နယ် အမြန်လမ်း(၁၆ မိုင် ၃ ဖာလုံ)တွင် 11/0.4 kV, 200 kVA Transformer နှင့် ဓာတ်အားလိုင်း တည်ဆောက်ခြင်း လုပ်ငန်းတို့အား (ပစ္စည်း+လုပ်အားခ)ပုတ်ပြတ်(Turnkey)စနစ်မြန်မာကျပ်ငွေဖြင့်လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ တင်ဒါပုံစံ နှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၂၆.၂.၂၀၂၄)ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်းလျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှ (၁၁.၃.၂၀၂၄) (၁၄:၀၀) နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်းနံပါတ် – ၀၁ ၂၂၀၈၁၆ သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

**ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း**

**ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃) ရပ်ကွက်၊ မမ္ဗသုခကျောင်းလမ်း၊ Royal Thukha Condo၊ တိုက်အမှတ်– ၅၂၃ ဟုခေါ်တွင်သည့် အကျယ်အဝန်းဧရိယာ (၈၄၉) စတုရန်းပေ၊ (၅–လွှာ)၊ အခန်းအမှတ် – (၅၀၅) ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရောင်းသူ ဒေါ်နွေးနွေးဇော်ဝင်း [၁၂/စခန(နိုင်)၀၆၂၈၉၀]မှ** လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသော ကွန်ဒိုတိုက်ခန်းဖြစ်ပါသည်။ အဆိုပါကွန်ဒိုတိုက်ခန်းအား ရောင်းသူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်သူဇာလှိုင် (ခ) ဒေါ်မေသူ [၁၂/ကမရ(နိုင်)၀၁၇၆၀၆]**က ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ ကွန်ဒိုတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ အထောက်အထားမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့ရက်မှ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၈၂၆)**
**အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၅၀၀၃၁၂၉၂**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ အမှတ်(၂၇)၊ ပထမထပ်၊ ခေါင်းရင်းခန်းအား ပိုင်ဆိုင်သော ဦးခင်မောင်ကြူ [၁၂/စခန(နိုင်)၀၁၄၉၄၁] (က.စ)ဦးမျိုးမြင့်လွင်[၁၂/စခန(နိုင်)၀၁၄၉၃၇]ထံမှ ကျွန်ုပ် ဦးထွန်းရွှေ မှ ဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဦးထွန်းရွှေ[၁၂/စခန(နိုင်)၀၁၅၅၈၀]**
**ဖုန်း–၀၉–၇၆၆၃၃၃၆၈၆**

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ ဖြူပန်းစိုင်ရှလမ်း၊ အမှတ်(၉၀၈/ခ+၉၁၁/က)ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၈–ထပ်ခွဲ)တိုက်၏(တိုက်ကိုမျက်နှာမူလျှင်–ဘယ်ဘက်)၊ ပထမထပ်(၂–လွှာ) ဟုခေါ်တွင်သည့် တိုက်ခန်းအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးပိုင်ငြိမ်းဦး[၁၂/အစန(နိုင်)၂၀၆၃၂၃]မှ ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ(၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ–**
**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြဌေး (H.G.P, LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၆၆၀၅)၊ (၂၀–၇–၁၉၉၈)**
**ရုံး–(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း–၀၉–၅၄၀၇၂၂၉**

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၅)၊ မြေကွက်အမှတ်(၁၁၄၀) ဟုခေါ်သည့် မြေကွက်သည် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(မြေနှင့်အခွန်ဌာနခွဲ)မှ ထုတ်ပေးသော မြေချပါမစ်တွင် ဦးခင်မောင်ညွန့် (Q/RGN–008189) အမည်ဖြင့် မှတ်သားတည်ရှိသော မြေချပါမစ်ရ မြေကွက်ဖြစ်၍ အကျယ်အဝန်း အလျား(၄၀ပေX အနံ၆၀)ပေ အကျယ်ရှိပြီး ယင်းမြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိအဆက်အစပ် စာချုပ်များဖြင့် တရားဝင်ဝယ်ယူ လက်ရောက်ရရှိပိုင်ဆိုင်ပြီး ဥပဒေနှင့်အညီ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုပြီး ဦးကျော်ဝင်းသန်း[၅/တဆန(နိုင်)၁၀၄၅၃၅]မှ အထက်ဖော်ပြပါ မြေကွက်ကို ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်စွာသောင်း[၁၂/မဂတ(နိုင်)၀၆၁၇၀၅]က အပြီးအပိုင် ဝယ်ယူရန်အတွက်(၁၃–၂–၂၀၂၄) ရက်နေ့တွင် နှစ်ဦးသဘောတူမြေကွက် အရောင်းအဝယ် စရန်ငွေပေး ကတိစာချုပ်အရ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ စာချုပ်စာတမ်းအထောက်အထား (မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်တင်တင်ထွေး (LLB, DBL)** **ဒေါ်ကြည်ကြည်လေး (LLB, DBL)**
**(စဉ်–၈၀၁၀)** **(စဉ်–၇၃၃၃)**
**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၅၀)၊ ပထမထပ်၊ အခန်း(E–1)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၇၃၃၆၃၅၇၀၊ ၀၉–၉၅၅၁၉၉၅၁၅**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစား ကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **စားရေရိက္ခာသည် လူတိုင်းအတွက်လိုအပ်ပြီး လက်ရှိကမ္ဘာပေါ်တွင်လည်း စားနပ်ရိက္ခာလုံခြုံရေး(Food Security)မှာ အကြီးမားဆုံး စိန်ခေါ်မှုဖြစ်နေ...**

❖ **မိမိတို့နိုင်ငံအနေဖြင့်လည်း စားနပ်ရိက္ခာလုံခြုံရေးအတွက် စားရေရိက္ခာပေါ်များရေးကို အလေးထားဆောင်ရွက်လျက်ရှိ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့တွင် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# မိုးယွန်းကြီးကန်ရေပိုလွှဲမှ နွေစပါးစိုက်ပျိုးရေအတွက် ပဲခူးတိုင်းဒေသကြီးတွင် ဧက ၅၃၀၀၀ ကျော်နှင့် ရန်ကုန်တိုင်းဒေသကြီး၌ ဧက ၁၀၀ ခန့်အား အကျိုးပြုလျက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ပဲခူး-စစ်တောင်းတူးမြောင်းသို့ စိုက်ပျိုးရေ ဖြည့်တင်းပေးနေသော ရေအရင်းအမြစ်တစ်ခုဖြစ်သည့် ကမ္ဘာ့ရေတိမ်ဒေသ(Ramsar Site)တစ်ခုလည်းဖြစ်သော မိုးယွန်းကြီးကန်မှ နွေစပါးအတွက် ပဲခူးတိုင်းဒေသကြီးတွင် စိုက်ဧက ၅၃၀၀၀ ကျော်နှင့် ရန်ကုန်တိုင်းဒေသကြီး၌ စိုက်ဧက ၁၀၀ ခန့်အား အကျိုးပြုလျက်ရှိရာ ထိုဒေသ၏ စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍကိုလည်း အထောက်အကူပြုလျက်ရှိသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❂



## MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ ပွဲစဉ်(၁၅)ကို ဖေဖော်ဝါရီ ၂၄ ရက်က MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပရာ ဇယားထိပ်ဆုံးမှ VUC အသင်း နိုင်ပွဲဆက်ခဲ့သည်။

ပွဲစဉ်(၁၅)တွင် M2K အသင်းက Futsal-19 အသင်းကို သုံးဂိုး-တစ်ဂိုး၊ VUC အသင်းက Dream Team အသင်းကို လေးဂိုး-ဂိုးမရှိ၊ Generations အသင်းက MIU အသင်းကို ခြောက်ဂိုး-သုံးဂိုး၊ Winner Soccer အသင်းက လက်ဝဲသုန္ဒရအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရပြီး လင်းလက်အသင်းနှင့် ဖူဆယ်ချစ်သူအသင်း တစ်ဂိုးစီသရေကျခဲ့သည်။

**သုံးသင်းအပြိုင်လုရမည်**

ဇယားထိပ်ဆုံးမှ VUC အသင်းသည် ၁၅ ပွဲဆက်တိုက် အနိုင်ရခဲ့သဖြင့် ရမှတ် ၄၅ မှတ်ဖြင့် လက်ကျန်သုံးပွဲလိုသေးသော်လည်း ထိပ်ဆုံးတွင် ရပ်တည်ရန် သေချာခဲ့ပြီး MIU အသင်းမှာမူ ရှုံးပွဲကြုံတွေ့ခဲ့သဖြင့် ဒုတိယနေရာမှ ဖယ်ပေးခဲ့ရပြီး Play-off ဝင်ခွင့် လက်ကျန်နှစ်နေရာအတွက် အသင်းသုံးသင်း အပြိုင်လုရတော့မည်ဖြစ်သည်။

စာမျက်နှာ ၂၅ ကော်လံ ၄ သို့ ❍

**ယနေ့ ဖတ်စရာ**

**တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၏ အနောက်မြောက်ဘက် ၁၉၃ မိုင်ခန့်အကွာ ပင်လယ်ပြင်၌ ငွေကျပ် ၄၅ ဒသမ ၄၃ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁ ဒသမ ၂၉၈ တန် သိမ်းဆည်းရမိ**

စာမျက်နှာ » ၁၄

---

**တပ်မတော်က ဗုံးကြဲတိုက်ခိုက်မှုကြောင့် ကရင်ပြည်နယ် ကော့ကရိတ်မြို့နှင့် ရခိုင်ပြည်နယ် ရမ်းဗြဲမြို့တို့တွင် နေအိမ်များ မီးလောင်ပျက်စီးပြီး သေဆုံးမှုများရှိဟု မဟုတ်မမှန်သတင်းများကို ရေးသားဖြန့်ဝေလျက်ရှိ**

စာမျက်နှာ » ၁၅

## မိန့်ဇ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး လေဗာကူဆင်အသင်း ၃၃ ပွဲအထိ ရှုံးပွဲမရှိစံချိန်တင်ခဲ့

လေဗာကူဆင်အသင်းနဲ့ မိန့်ဇ်အသင်းတို့ ဖေဖော်ဝါရီ ၂၃ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ဘွန်ဒက်လီဂါပွဲစဉ် ၂၃ မှာ လေဗာကူဆင်အသင်းက မိန့်ဇ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တာကြောင့် ဘွန်ဒက်လီဂါ ၃၃ ပွဲအထိ ရှုံးပွဲမရှိစံချိန်တင်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။

**ဦးဆောင်ဂိုးစတင်ရရှိ**

အဲဒီပွဲစဉ်မှာ အိမ်ရှင်အဖြစ် ဧည့်ခံကစားခဲ့ရတဲ့ လေဗာကူဆင်အသင်းက ပထမပိုင်းပွဲကစားချိန် ၃ မိနစ်မှာ ဇာကာရဲ့သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီး လေးမိနစ်အကြာဖြစ်တဲ့ ပွဲကစားချိန် ခုနစ်မိနစ်မှာ မိန့်ဇ်အသင်းက ဒိုမိနစ်ခါရဲ့သွင်းဂိုးနဲ့ ချေပဂိုးပြန်လည်ရရှိခဲ့ပါတယ်။

စာမျက်နှာ ၂၂ ကော်လံ ၃ သို့ ❖



လေဗာကူဆင်အသင်းနှင့် မိန့်ဇ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။